The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 44 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 18, 2019

# ထိန်းသိမ်းစိုလား အလေအလွင့်များ

စာမျက်နှာ - ၈ ➤



## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ်(ပသက)နှင့် တစ်ဦးချင်း ကုန်သွယ်မှုကတ် (ITC) အမှတ်များအား ၂၀၂၀ ဇန်နဝါရီ ၅ ရက်မှစတင်၍ Digit (၉)လုံးဖြင့် စတင်ပြောင်းလဲသုံးစွဲမည်

စာမျက်နှာ - ၃ ➤













ဆက်သွယ်ရန် – ၃၁ လမ်း၊ ၇၇ × ၇၈ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း – ၀၉–၉၅၉၉၉၅၈၈၈၊ ၀၉–၉၅၉၉၉၆၈၈၈

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူကာကွယ်ရေးကော်မရှင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှု ပညာပေးရေး၊ စားသုံးသူ အကာအကွယ်ပေးရေးစသည့်မဏ္ဍိုင်ကြီးခြောက်ရပ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် SMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အားနည်းချက်များ၊ အခက်အခဲများ တွေ့ရှိရသဖြင့် အသစ်ပြန်လည်ရေးဆွဲခဲ့ရာ မတ် ၁၅ ရက်တွင် စားသုံးသူကာကွယ်ရေးဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။



စားသုံးသူကာကွယ်ရေး ဥပဒေသစ်အရ ယခင်က ဖွဲ့စည်းခဲ့သည့် “စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ”အစား “မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်”ကို ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့ဝင် ၂၁ ဦးအား ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုကဲ့သို့ ပထမဆုံးအကြိမ် အစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကော်မရှင်၏ လုပ်ငန်းတာဝန်(၁၂)ရပ်အားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းတာဝန်(၁၂)ရပ်အနက် စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲခြင်းနှင့် အစီအမံများချမှတ်ခြင်း၊ စားသုံးသူ အသုံးပြုမည့် သို့မဟုတ် စားသုံးမည့် ကုန်စည်များ လုံခြုံစိတ်ချမှုရှိစေရန် ဦးစားပေးကဏ္ဍများ သတ်မှတ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စားသုံးသူရေးရာကော်မတီ၊ ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စားသုံးသူရေးရာကော်မတီနှင့် ခရိုင်စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းပေးခြင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း စသည့် လုပ်ငန်းတာဝန်လေးရပ်ကို ဦးစားပေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပဏာမဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကော်မရှင်သို့ တင်ပြသည့် အမှာစာများအား ရှင်းလင်းဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကော်မရှင် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကော်မရှင်အဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများ၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် စားသုံးသူပြည်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်သည့်အတွက် အဖွဲ့ဝင်အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် (ပသက)နှင့် တစ်ဦးချင်း ကုန်သွယ်မှုကတ် (ITC) အမှတ်များအား ၂၀၂၀ ဇန်နဝါရီ ၅ ရက်မှစတင်၍ Digit(၉)လုံးဖြင့် စတင်ပြောင်းလဲသုံးစွဲမည်

မြန်မာနိုင်ငံမှာ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအရ နိုင်ငံတကာနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်ကုမ္ပဏီ မှတ်ပုံတင်(ပသက)ပြုလုပ်ပြီးမှသာ လိုအပ်သည့်ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များကို လျှောက်ထားနိုင်မည် ဖြစ်သည်။ (ခြွင်းချက်အနေဖြင့် ကုန်သွယ်မှုပမာဏ တိုးတက်စေဖို့နဲ့ ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိစေဖို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် (Individual Trading Card) စနစ်နဲ့ ကန့်သတ်ပမာဏတစ်ခုနဲ့ ခွင့်ပြုချက်ပေးခြင်းမှလွဲပြီး) အဲဒီအတွက် လုပ်ငန်းရှင်တစ်ဦးသည် ရင်းနှီး/ကုမ္ပဏီမှတ်ပုံတင်ဌာနမှာ ကနဦး ကုမ္ပဏီမှတ်ပုံတင်ရမည်ဖြစ်သည်။

ကုမ္ပဏီမှတ်ပုံတင်ပြီးမှသာ အဆိုပါအချက်အလက်များအပေါ် အခြေခံပြီးမှ ပြည်ပနှင့် ကုန်သွယ်မှုဆောင်ရွက်မည့် ကုမ္ပဏီများသည် ကုန်သွယ်ရေးဦးစီးဌာနမှ ပသကမှတ်ပုံတင်ကို ထပ်မံလျှောက်ထားရမည်ဖြစ်သည်။ ပသက မှတ်ပုံတင်ပြီးမှ မိမိတို့ဆောင်ရွက်လိုသည့် ပို့ကုန်သွင်းကုန် လုပ်ငန်းစဉ်များဖြစ်သော ကုန်သွယ်ရေးဦးစီးဌာန၌ ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်လျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပြီးသည်နှင့် အကောက် ခွန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာန၌ IE Code ကို ထပ်မံလျှောက်ထားရပါသည်။ ကုန်သွယ်မှု လုပ်ငန်းစဉ်များပြီးရန် ကျသင့်သည့် အခွန်ပေးဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာမှာလည်း သက် ဆိုင်ရာကုမ္ပဏီအမည်နှင့် သက်ဆိုင်ရာ ပြည်တွင်း အခွန်များရုံး၌ ပေးချေရခြင်းဖြစ်ပါသည်။

ယခုလိုဆောင်ရွက်ရာမှာ ကုမ္ပဏီတစ်ခုသည် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်သွယ်လုပ်ကိုင်ရသည့်ဌာန တစ်ခုချင်းမှာ လူကိုယ်တိုင်သွားရောက် မှတ်ပုံတင်ရသလို ဌာနတစ်ခုချင်းစီကနေ မတူညီသည့်ကုမ္ပဏီ ID Code တစ်မျိုးစီ သုံးစွဲနေရခြင်းဖြစ်ပါသည်။ ဥပမာ ယခင်က ရင်းနှီး/ကုမ္ပဏီ မှတ်ပုံတင်ဦးစီးဌာန ကုမ္ပဏီမှတ်ပုံတင်နံပါတ်အဖြစ် 115/95-96(25-4-95) 11၊ ကုန်သွယ်/ဦးစီးက ပသက နံပါတ်ကို

**စာမျက်နှာ ၆ သို့**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း- ၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဧရာဝတီတိုင်းဒေသကြီး ဒေသကော်မတီ(၁) ဖွဲ့စည်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ဒေသကော်မတီ(၁) ရွေးချယ်ဖွဲ့စည်းခြင်း အခမ်းအနားကို ပုသိမ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ အဖွဲ့ဝင် ဦးမျိုးသူရအေး၊ ဦးမောင်ဝင်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ဦးစီးဌာန၊ ခရိုင်အဆင့်စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ARCCI အသင်းဥက္ကဋ္ဌ၊ တိုင်းဆန်စက်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ၊ တိုင်းဆန်ကုန်သည်အသင်းဥက္ကဋ္ဌ ပုသိမ်၊ ငပုတော၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ရေကြည်၊ ကျောင်းကုန်းနှင့် ကျုံပျော်မြို့နယ်များမှ ဆန်စက်ပိုင်၊ ဆန်ကုန်သည်၊ တောင်သူနှင့်အခြားအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ စုစုပေါင်း ၂၈၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က “ဆန်စပါးကဏ္ဍနှီးနှောဖလှယ်ပွဲ”တွင် ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ တောင်သူလယ်သမားများ ညီညွတ်မှုရှိရန်နှင့်ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရန်နှင့် စုပေါင်းအင်အားဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ဆောင်ရန် လမ်းညွှန်မှုနှင့်အတူ အသင်းချုပ်နှင့် ဒေသကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ဆန်စက်လုပ်ငန်းရှင်၊ ဆန်ကုန်သည်၊ တောင်သူလယ်သမားများ၊ Stakeholder များအဖွဲ့အစည်းများနှင့် ကွင်းဆက်များအကြား အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ရန်သာမက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏လုပ်ငန်းစဉ်များ မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးနိုင်မှာဖြစ်သလို လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဆိုင်ရာ လိုအပ်ချက်များဒေသနှင့် ကိုက်ညီသောဖွံ့ဖြိုးရေးဆိုင်ရာ အကြံပြုချက်များကို ပြုစုပြီးအသင်းချုပ်ထံ တင်ပြရန်နှင့် အသင်းချုပ်ဗဟိုမှ တာဝန်ပေးအပ်လာသော လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဒေသကော်မတီ(၁)ကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ ဥက္ကဋ္ဌဦးကျင်တင်၊ အတွင်းရေးမှူးဦးစည်သူမော်၊ ဘဏ္ဍာရေးမှူး ဦးစိန်မြင့်နိုင်၊ စာရင်းစစ် ဦးအေးသောင်းနှင့် ဒုတိယဥက္ကဋ္ဌ ခြောက်ဦး၊ တွဲဖက်အတွင်းရေးမှူး ခြောက်ဦးတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ဧရာမြေ (ပသ)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၅-၁၁-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၁ | ၃၉၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၁ | ၃၇၉ | ▽ | ၃၄၅ | ၃၄၃ | ▽ | ၃၈၅ | ၃၈၃ | ▽ | ၃၅၀ | ၃၄၇ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၀ | ၃၈၈ | ▽ | ၃၄၀ | ၃၃၈ | ▽ | - | - | - | ၃၄၇ | ၃၄၂ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၇၇ | ▽ | ၃၃၅ | ၃၃၃ | ▽ | - | - | - | ၃၄၄ | ၃၃၇ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၃ | ၃၇၂ | ▽ | ၃၂၅ | ၃၂၅ | ☐ | ၃၆၀ | ၃၆၀ | ☐ | ၃၃၉ | ၃၃၀ | ▽ |
| ပေါင်းဆန် | ၄၂၀ | ၄၁၆ | ▽ | - | - | - | ၃၆၁ | ၃၆၁ | ☐ | ၃၉၃ | ၃၉၃ | ☐ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၁၅-၁၁-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | ☐ | ၁၉၅၀၀ | ☐ | ၈၇၄၀ | ☐ | ၄၁၀၀၀ | ☐ |
| ပုသိမ် | ၅၀၆၀ | ☐ | ၂၀၀၀၀ | ☐ | ၈၂၄၀ | ☐ | ၃၈၀၀၀ | ☐ |
| ပဲခူး | ၅၁၀၀ | ▽ | ၂၁၀၀၀ | ☐ | ၈၃၀၀ | ▽ | ၄၃၀၀၀ | ☐ |
| ရွှေဘို | ၆၅၀၀ | ☐ | ၂၆၀၀၀ | ☐ | ၁၇၀၀၀ | ☐ | ၅၂၀၀၀ | ☐ |
| စစ်တွေ | ၄၈၀၀ | ▽ | ၂၂၀၀၀ | ▽ | ၈၅၀၀ | ▽ | ၃၈၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | ☐ | ၂၈၀၀၀ | ☐ | - | - | ၄၉၀၀၀ | ☐ |
| ရန်ကုန်(ဝါးတန်း) | ၄၈၀၀ | ☐ | ၂၆၀၀၀ | ☐ | - | - | ၅၂၀၀၀ | ☐ |
| မန္တလေး | ၇၂၀၀ | ☐ | ၂၅၀၀၀ | ☐ | - | - | ၅၂၀၀၀ | ☐ |
| မကွေး | ၇၃၀၀ | ☐ | ၂၁၀၀၀ | ☐ | - | - | ၅၉၀၀၀ | ☐ |
| မော်လမြိုင် | ၄၆၀၀ | ☐ | ၂၀၀၀၀ | ☐ | ၈၀၀၀ | ☐ | ၃၈၀၀၀ | ☐ |
| လှိုင်ကော် | ၈၃၀၇ | ▽ | ၃၉၀၀၀ | ▽ | - | - | ၆၃၀၀၀ | ☐ |
| မြိတ် | ၅၀၀၀ | ☐ | ၂၂၅၀၀ | ▽ | - | - | ၄၀၀၀၀ | ▽ |
| ဘားအံ | ၅၀၀၀ | ☐ | ၂၂၀၀၀ | ☐ | - | - | ၄၅၀၀၀ | ☐ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧည့်မထမိုးကောက်စော စပါးသစ်နှင့်ပေါ်ဆန်းစပါးသစ်များ ဈေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ဧည့်မထမိုးကောက်စောစပါးသစ် မြို့နယ် ၂၀ ခန့်နှင့် ပေါ်ဆန်းစပါးသစ်လေးမြို့နယ်ခန့် ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

လက်ရှိတိုင်းဒေသကြီးအတွင်း မိုးဧည့်မထကောက်စောစပါးသစ်ဈေးမှာ ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၇၀၀၀၀/ ၅၀၀၀၀၀ ဈေးအတွင်းနှင့် ဧည့်မထမိုးဆန်သစ်တစ်အိတ်ကို ကျပ် ၁၇၅၀၀/၁၈၅၀၀ ဝန်းကျင်ရှိပြီး ပေါ်ဆန်း စပါးသစ်၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀/ ၇၇၂၈၀၀ ဈေးအတွင်းတွင် ရောင်းဝယ်လျက်ရှိသည်။ စပါးသစ်ဈေးနှုန်းမှာ စပါးအရည် အသွေးဈေးကွက်ဖွံ့ဖြိုးမှုပေါ် မူတည်၍ မြို့နယ်တစ်ခုနှင့်တစ်ခု တူညီမှုမရှိဘဲ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်နေသော်လည်း လုံးဆန်(ဖြူ)တစ်မျိုးတည်းသာ ဈေးပြန်မြင့်

ပြည်ဈေးကွက်တွင် မိုးမြေပဲဆန်များ ယခုအပတ်၌ ဈေးငြိမ်နေပြီး လုံးဆန်(ဖြူ)တစ်မျိုးတည်းသာ ဈေးအနည်းငယ်မြင့်တက်လာသည်တွေ့ရသည်။ ဆောင်းမြေပဲများကို တောင်သူအချို့စိုက်ပျိုးနေပြီဖြစ်သော်လည်း အနည်းငယ်သာစိုက်ပျိုးထားသည်ကိုတွေ့ရသည်။ ပြည်-အောင်လံကြား ကျေးရွာများနှင့်ရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်းဘက်မှတစ်နေ့လျှင်အိတ် (၇၀၀-၈၀၀)ခန့် ဝင်ရောက်လာပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်နေသည်။ ရန်ကုန်ဆီစက်များနှင့်မြို့တွင်းရှိ ဆီစက်များကဆီဆန်ကိုတစ်နေ့လျှင် အိတ် ၅၀၀ ခန့် အဝယ်ရှိပြီး လုံးဆန်ကို မန္တလေးဘက်မှ ဝယ်လက်များက တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိနေသည်။

ယခုအပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀နှင့် လုံးဆန်(နီ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀ ဖြင့် ယခင်အပတ်က အတိုင်း ဈေးငြိမ်နေပြီး လုံးဆန်(ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၉၀၀ ဖြင့်ယခင်အပတ်ကထက် ဈေးအနည်းငယ်ပြန်မြင့်လာတာတွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကာလအတွင်း ထောပတ်သီးများ အရောင်းသွက်

ရှမ်းပြည်နယ် တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၁၂ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပခဲ့သည်။ တန်ဆောင်တိုင်ပွဲတော်သို့ အနယ်နယ်အရပ်ရပ်က ခရီးသွားဧည့်သည်များလာရောက်လည်ပတ်ကြည့်ရှုခဲ့ကြပြီး အိမ်အပြန်ဒေသလက်ဆောင်အဖြစ် ထောပတ်သီးများ ဝယ်ယူသွားကြရာ ထောပတ်သီးများဈေးကွက်မှာ အရောင်းသွက်ခဲ့ကြောင်း သိရသည်။

ထောပတ်သီးကို အောက်တိုဘာလမှ စတင်ပေါ်ခဲ့ရာ ယခုအချိန်တွင် လှိုင်လှိုင်ပေါ်ထွက်နေပြီးဖြစ်သည်။ ထောပတ်သီးဈေးကွက်ဈေးနှုန်းများမှာ အသီးအမျိုးအစားနှင့် အရွယ်အစားလိုက်၍ ကျပ် ၂၀၀ မှ ၁၅၀၀ အထိ ရောင်းချခဲ့ရသည်။

**စောမောင်(တောင်ကြီး)**



**၈-၁၁-၂၀၁၉ မှ ၁၄-၁၁-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 262 | 29 | - | - | - | 291 |
| | Form AANZ | 5 | - | - | - | - | 5 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 57 | 7 | - | - | - | 64 |
| | Form AJ | 19 | 3 | - | - | - | 22 |
| | Form AK | 127 | 7 | - | - | - | 134 |
| | Form CHINA | 9 | - | - | - | - | 9 |
| | Form D | - | - | - | - | - | - |
| | Form DFTP | - | - | - | - | - | - |
| | Form E | 113 | 10 | - | - | - | 123 |
| | Form Korea | 4 | - | - | - | - | 4 |
| | E Form D | 116 | - | - | - | - | 116 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 714 | 56 | - | - | - | 770 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၁၁-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၁၁ | ၁၅/၁၁ | ပြောင်းလဲမှု | ၈/၁၁ | ၁၅/၁၁ | ပြောင်းလဲမှု | ၈/၁၁ | ၁၅/၁၁ | ပြောင်းလဲမှု | ၈/၁၁ | ၁၅/၁၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၉၅၇ | ၁၉၃၆ | ▼ | ၁၉၀၀ | ၁၆၈၃ | ▼ | ၁၇၅၀ | ၁၇၂၅ | ▼ | ၁၈၅၀ | ၁၈၅၀ | ■ |
| ပဲစင်းငုံ | - | ၁၃၃၉ | - | ၁၅၀၀ | ၁၂၅၀ | ▼ | ၁၅၅၀ | ၁၄၇၅ | ▼ | ၁၄၅၀ | ၁၄၅၀ | ■ |
| ပဲတီစိမ်း | ၁၉၈၀ | ၁၉၆၅ | ▼ | ၁၈၈၄ | ၂၀၀၉ | ▲ | ၁၈၄၂ | ၁၈၄၂ | ■ | ၁၉၂၀ | ၁၉၂၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၂၅ | ▲ | ၁၃၇၉ | ၁၄၅၀ | ▲ | ၁၄၁၁ | ၁၅၀၀ | ▲ | ၁၄၁၀ | ၁၄၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၁၀၅ | ၁၁၀၅ | ■ | ၁၂၁၀ | ၁၁၆၀ | ▼ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၄၂၂ | ၁၃၆၉ | ▼ | ၁၁၅၈ | ၁၁၅၈ | ■ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂-၁၁-၁၉)ထိ | ယခုတစ်ပတ် (၉-၁၁-၁၉)ထိ | (၁-၁-၁၉) မှ (၉-၁၁-၁၉) ထိ |
| မတ်ပဲ | ၃၈၄၅၁၁ | ၁၈၄၇၁ | ၄၀၂၉၈၂ |
| ပဲတီစိမ်း | ၂၀၀၅၁၄ | ၂၂၄၄ | ၂၀၂၇၅၈ |
| ပဲစင်းငုံ | ၁၆၈၄၂၁ | ၁၇ | ၁၆၈၄၃၁ |
| ကုလားပဲ | ၄၉၇၀၃ | ၅၅၄ | ၅၀၂၅၇ |
| ပဲလွန်းဖြူ | ၃၆၀၉၃ | ၁၈၀ | ၃၆၂၇၃ |
| မြေထောက်ပဲ | ၁၀၄၄၁ | ၆၅၀ | ၁၁၀၉၁ |

## ပြည်မတ်ပဲ ဈေးပြန်လျှော့ ရောင်းဝယ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်မှာ မတ်ပဲသီးနှံ လက်ကျန်များ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်ပတ်ကအထိ မျိုးပဲစိုက်ချိန်ဖြစ်သည့်အတွက် ပဲဈေးနှုန်းမြင့်တက်လာခဲ့ပြီး ပဲတစ်တင်း ကျပ်လေးသောင်းကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။

ယခုတစ်ပတ်အတွင်း မတ်ပဲသီးနှံမျိုးဝယ်ယူမှုမရှိသလောက် အေးခဲ့ပြီး ရန်ကုန်ဝယ်လက်သတင်းသမားသာ ဝယ်ယူမှုရှိကာ တစ်ရက်အိတ် ၂၀၀/ ၃၀၀ ကျော်ရောင်းဝယ်ခဲ့ကြကြောင်းသိရသည်။ ပဲဈေးမှာ တစ်တင်း ကျပ် ၃၄၀၀၀ ဖြင့် ယခင်အပတ်က မြင့်တက်ခဲ့သောဈေးထက် ကျပ်တစ်သောင်းနီးပါးလျှော့ကျသွားကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပဲတီစိမ်း(မိုးကြို+မိုး)စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

ကျောက်ဆည်ခရိုင်အနေဖြင့် ပဲတီစိမ်း(မိုးကြို+မိုး)ကို ၄၂၉၉၇ ဧက စိုက်ပျိုးခဲ့ပြီး ၄၂၁၇၁ ဧကရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၆ ဒသမ ၈၈ တင်း၊ အထွက်စုစုပေါင်း ၇၁၂၀၄၄ တင်းထွက်ရှိကြောင်း သိရှိရသည်။

ကျောက်ဆည်ခရိုင်အတွင်း ပဲတီစိမ်း(ဆောင်း)များ စတင်စိုက်ပျိုးနေပြီဖြစ်ရာ အောက်တိုဘာလကုန်အထိမြို့နယ်များမှ စိုက်ပျိုးပြီးဧကများမှာကျောက်ဆည်မြို့နယ်တွင် ၇၇ ဧက၊ မြစ်သားမြို့နယ်တွင် ၁၆၉ ဧက ၊ တံတားဦးမြို့နယ်တွင် ၆၈၈ ဧက၊ စုစုပေါင်း ၉၃၄ ဧက စိုက်ပျိုးထားရှိပြီး စဥ့်ကိုင်မြို့နယ်တွင် စိုက်ပျိုးထားရှိမှုမရှိသေးကြောင်းသက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုး၊ ရေဆင်း ၁၁မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း သိရှိရသည်။

ပဲတီစိမ်းစိုက်ပျိုးသူတောင်သူတစ်ဦး၏ ပြောကြားချက်အရ ပဲတီစိမ်းတစ်ဧကလျှင် ကုန်ကျစရိတ် ကျပ် ၂၂၅၀၀၀ ဝန်းကျင် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ၁၄ တင်းဝန်းကျင် ထွက်ရှိသောကြောင့် အကျိုးအမြတ်အနေဖြင့် ကျပ် ၂၃၀၀၀၀ ရရှိကြောင်းသိရှိရသည်။

ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ ယခုနှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၂၅၀၀ဈေးနှုန်းများဖြစ်၍ ယခင်နှစ်ထက် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။


**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲတီစိမ်းနှင့်ပဲဇီးကွက်ဈေးကောင်းရနေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ဒေသထွက်ကုန်ဖြစ်သည့် ပဲတီစိမ်းသေးသည် ပြန်လည်ဈေးကောင်းရနေသည်။ ယခုတစ်ပတ်၏ ပဲတီစိမ်းသေးမှာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့် အိတ် ၃၀၀၊ ကုလားပဲဝါ(HL)တစ်တင်းလျှင် ကျပ် ၂၇၃၀၀ ဖြင့် အိတ် ၃၀၊ ကုလားပဲဖြူ(V2)တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် ကျပ် ၇၂၀၀ ဖြင့် အိတ် ၂၀၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၃၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် ယခုတစ်ပတ်၏ ပဲမျိုးစုံဈေးနှုန်းမှာ မြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၇၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင်ကျပ် ၁၉၀၀၀ မှ ၁၉၅၀၀ ဖြင့် အိတ် ၂၀၀၊ ကုလားပဲဝါလုံးကြီး (၉၂၉) တစ်တင်းလျှင် ကျပ် ၂၆၈၀၀ ဖြင့် အိတ် ၁၀၀၊ ပဲပုပ် တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ပေါက်ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## လက်ကားဝယ်ယူမှုရှိလာသည့် ပြည်ဗိုလ်ကိတ်ပဲ

ပြည်ပဲဈေးကွက်၌ လက်လီ၊ လက်ကားရောင်းဝယ်နေကြသော ပဲမျိုးစုံရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများမှာ လက်ကားဝယ်ယူမှုများတဲ့ ပဲသီးနှံဖြစ်ခဲ့ကြသည်။ ကျန်ပဲများဖြစ်သောဗိုလ်ကိတ်၊ ပဲလွမ်းဖြူ ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲ၊ ပဲပုပ် စသည့်ပဲသီးနှံအမျိုးအစားများမှာ ပဲပေါ်ချိန်ကာလ၊ အထွက်လှိုင်ချိန်ကာလများတွင်သာ လက်ကားရောင်းဝယ်မှုဖြစ်ပြီး ကျန်ကာလများတွင် လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲများဖြစ်ကြောင်းသိရသည်။

ဗိုလ်ကိတ်ပဲသီးနှံမှာ ယခုလိုကာလများတွင် လက်လီရောင်းဝယ်လျက်ရှိနေပြီး ယခုတစ်ပတ်တွင် လက်ကားဝယ်ယူမှုရှိလာရန် တချို့ရက်များတွင် လက်လီ၊ လက်ကားနှစ်မျိုး ရောင်းဝယ်နေကြကာ တစ်တင်း ကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀အတွင်း ဈေးငြိမ်လျက်ရှိခဲ့သည်။

**ခင်ဆွေဝင်း(ပြည်)**

## ဟသ်ာတမတ်ပဲ ဈေးကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် နိုဝင်ဘာ ပထမပတ်က တစ်တင်းလျှင်ကျပ် ၃၆၀၀၀ဈေးပေါက်ခဲ့သော မတ်ပဲသည် ဒုတိယပတ်တွင်လည်း ဈေးဆက်လက်ကျဆင်းခဲ့ရာ နိုဝင်ဘာ ၁၄ ရက်တွင် ကျပ် ၃၄၇၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဝယ်လက်စုံပြီး အရောင်းအားနည်းသော်လည်း နေ့စဉ် အိတ် ၂၀၀၀ မှ ၂၅၀၀ ကြားအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲမျိုး ရောင်းအားကောင်းပြီး တစ်တင်းလျှင် ကျပ်၃၈၀၀၀၊ ပဲတီစိမ်း(ဝါးခယ်မ) မျိုးတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်နေသည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၆၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ ကျဆင်းခဲ့သည်။

ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၄၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ ကျဆင်းခဲ့ကာ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်ပဲတီစိမ်း ဈေးကောင်း အရောင်းအဝယ်သွက်

ယခုတစ်ပတ်အတွင်း ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်နေသည့် ပဲသီးနှံမှာ ဆောင်းပဲတီစိမ်းသီးနှံဖြစ်ခဲ့သည်။ ပြည်အနီးတစ်ဝိုက်နှင့် ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းဒေသများမှ ဝင်ရောက်ခဲ့ပြီး ပဲဝင်ရောက်မှုများလာခြင်းကြောင့် တစ်ရက်အိတ် ၁၀၀၀ ကျော်ထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဝယ်လိုအားကလည်း ရန်ကုန်နှင့် မန္တလေး လိုင်းသမား အဝယ်လိုက်လျက်ရှိပြီး ဝင်လာသမျှ ဝယ်ယူနေခဲ့ခြင်းကြောင့် နေ့စဉ် အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ ပဲဈေးမှာတစ်တင်းကျပ် ၃၈၅၀၀ ဖြင့်ဈေးအမြင့်ဖြင့် ဆက်လက်ရောင်းဝယ်နေ၍ ပဲဈေးကွက်အတွင်းမှာဈေးလည်းကောင်း၊ အရောင်းအဝယ်လည်းသွက်နေသည့် ပဲသီးနှံဖြစ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ရေနံချောင်း၌ ပဲတီစိမ်းအသစ်လှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် စိုက်ပျိုးသောပဲတီစိမ်းများ အသစ်လှိုင်လှိုင်ပေါ်နေပြီး ဈေးကောင်းရလျက်ရှိကြောင်းသိရသည်။

မိုးနှမ်းနှင့်မြေပဲများနုတ်သိမ်းအပြီးမြေကို ထွန်ယက်၍ ပဲတီစိမ်းကိုသီးထပ်အဖြစ် စိုက်ကြသည့်အပြင် ပဲစင်းငုံစိုက်ခင်းများ၌သီးညှပ်အဖြစ် စိုက်ကြပြီး လက်ရှိအသစ်ပေါ်နေပြီဖြစ်ကြောင်း ကံမကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ပြောသည်။

ယခင်တစ်ပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဈေးဝယ်ယူနေရာကယခုတစ်ပတ်တွင် ကျပ် ၃၆၀၀၀ အထိ ဈေးကောင်းပေးဝယ်ယူနေသည့်အတွက် တောင်သူများ ဈေးကောင်းရနေကြောင်း ဒေသခံဈေးကွက်က သိရသည်။

“ဒီနှစ်နှမ်းတင်း၅၀၊ မြေပဲတင်းနှစ်ရာကျော်၊ ပဲတီစိမ်း ၁၀ တင်းထွက်တယ်၊ အားလုံးဈေးကောင်းရတော့ စိုက်ရပျိုးရတာအဆင်ပြေတယ်”ဟုတောင်သူဦးထွန်းဦးက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး အနောက်ကျေးရွာမှ သိုလှောင်ရုံ(၂)လုံးအား မြေမပါအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

Lot (1) ဒ-၈၁/၄၀ (၈၀'x ၄၀'x ၁၂') (သွပ်၊ ပျဉ်၊ ပျဉ်)၊

Lot (2) ဒ-၈၁/၄၁ (၈၀'x ၄၀'x ၁၂') (သွပ်၊ ပျဉ်၊ ပျဉ်)

၂။ အဆိုပါသိုလှောင်ရုံ(၂)လုံးအား ၂၇-၁၁-၂၀၁၉ ရက်နောက်ဆုံးထား၍ အဆိုပြု လျှောက်လွှာတင်ပြရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ၂၈-၁၁-၂၀၁၉ ရက်တွင် ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း - ၀၁-၂၅၁၈၂၄၊ ၂၅၀၄၃၂ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့် ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန**

# တောင်ငူမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ် ကန်ရိုးအခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် လည်းကောင်း၊ နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကျွန်းကုန်း အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒု-ဦးစီးမှူး ဦးစောသန်းထိုက်ကျော်က စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များကို လည်းကောင်း၊ ဒုဦးစီးမှူး ဦးမင်းဇော်က စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန CICC ဖွင့်လှစ်ထားရှိမှုနှင့် စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးမှုများကို လည်းကောင်း ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိန်ကြိုင်(တောင်ငူ)**

**စာမျက်နှာ (၃) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် . . . မှအဆက်**

Digit (၄)လုံးမှ (၅)လုံး (ဥပမာ- 12345) ၊အကောက်ခွန် ဦးစီးဌာနမှ IE Code ကို ပသက နံပါတ်ကိုအခြေခံပြီး Digit (၈)လုံး (ဥပမာ- 12345001) အဖြစ်သုံးစွဲကြပြီး အခွန်ပေးဆောင်မှုများအတွက် ကုမ္ပဏီအမည်ဖြင့် ပုံစံအမျိုးမျိုးသုံးစွဲခဲ့ကြပါသည်။

ထို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် Single ID တစ်မျိုးတည်းကိုသုံးစွဲနိုင်ရေး အစိုးရဌာနများကြား ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ် မှတ်သည့် အခွန်ထမ်းအမြဲတမ်းမှတ်ပုံတင်အမှတ် Taxpayer Identification Numbers (TIN) နံပါတ်တစ်ခုတည်းအား ၅-၁-၂၀၂၀ ရက်မှစတင်ပြီး ပြောင်းလဲသုံးစွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။ (TIN)နံပါတ်တွင်Digit(၉)လုံးရှိပြီး ဥပမာ(123456789) အဆိုပါနံပါတ်ကိုပဲ ရင်းနှီး/ကုမ္ပဏီ၊ ကုန်သွယ်ရေး၊ အကောက်ခွန်၊ ပြည်တွင်းအခွန်ဌာနများ အားလုံးက တူညီစွာသုံးစွဲကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ကြမည့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ သံရုံးများအပါအဝင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် တစ်ဦးချင်းကုန်သွယ်မှု ဆောင်ရွက်နေသူများ (ITC )ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ လက်ရှိအသုံးပြုနေသည့် ပို့ကုန်သွင်းကုန်မှတ်ပုံတင်အမှတ်များအစား ပြောင်းလဲအသုံး ပြုမည် TIN နံပါတ်များအား ကုန်သွယ်ရေးဦးစီးဌာနသို့ လာ ရောက်ပြောင်းလဲကြရမည်ဖြစ်ပါသည်။

ပြောင်းလဲနိုင်ရန်အတွက် ကုမ္ပဏီများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊သံရုံးများအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)နှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့တွင် လာရောက်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ပြီး (ITC )ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် ကတ်ထုတ်ယူထားရှိသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် သတ်မှတ်ချိန်အမီ ပြောင်းလဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

အခုလို ပြောင်းလဲဆောင်ရွက်သည့်အတွက် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ကုမ္ပဏီမှတ်ပုံတင် (ID) နံပါတ်တစ်ခုတည်းဖြင့် လုပ်ငန်းများအားလုံး အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၅-၁-၂၀၂၀ ရက်နောက်ပိုင်းမှစတင်၍ ပြောင်းလဲခြင်းမရှိသေးသော ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်များနှင့် ITC ကတ်များအတွက် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်း ၊ MACCS စနစ်တွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည် မဟုတ်သည့်အတွက် ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြင်ဆင် ပြောင်းလဲဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မျိုးကေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄.၁၁ . ၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁ ) | - IAL-001 | TEU 615 တင် TEU 712 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU 962 တင် TEU 564 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BALI | TEU 865 တင် TEU 906 ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - MATHU BHUM | TEU 775 တင် TEU 681 ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - ALS SUMIRE | TEU 765 တင် TEU 657 ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - TOVE MAERSK | TEU 744 တင် TEU 309 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁ ) | - AMIRA MARIAM | ဆန် ၁၉၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၂) | - GAIL | ဆန် ၂၄၅၇၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - DS SOFIE BULKER | ဆန် ၂၄၅၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - TOVE MAERSK | TEU 593တင် TEU 621ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - HAM RONG-08 | Steel Pipe ၇၇၂ ချဆဲ |
| IBTTဆိပ်ကမ်း | - EVER RELAANCE | ဂျုံ တန်ချိန် ၂၀၀၀၀ ချဆဲ |
| PUMA ဆိပ်ကမ်း | - MT OCEAN GAR | JAT A1 12001 ချဆဲ |
| Elite ဆိပ်ကမ်း | - MT OCEAN MORAY | Mogas (92 Ron) ၁၀၉၁၀ ချဆဲ |
| REGENCY SPC JETTY | - MT YU HAI | Mogas 92 Ron ၁၇၆၀၇ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MODERN LINK | Unit Vehicle RO/RO ၇၇၀ ချရန် | MITT | ၁၅.၁၁.၂၀၁၉ |
| EAGLE STARIT | Steel ၂၉၁၁၆ ချရန် | CHINA | ၁၆.၁၁.၂၀၁၉ |
| PROSPERITY | Steel&6999 Urea ၁၀၆၇၀ ချရန် | UAE | ၁၆.၁၁.၂၀၁၉ |
| CHRI STOS THEO | ဆန် ၃၀၀၀၀ တင်ရန် | W/Africa | ၁၆.၁၁.၂၀၁၉ |
| EURO SKY | Steel Coil ၂၉၉၇ ချရန် | KOREA | ၁၆.၁၁.၂၀၁၉ |
| EASTERN ROCK | G/C 7.4 တင်ရန် | RUSSIA | ၁၈.၁၁.၂၀၁၉ |
| COSMIC ACE | Unit Vehicle& Steel Rail ၆၃၅ ချရန် | JAPAN | ၁၉.၁၁.၂၀၁၉ |
| FORTUNE BAY | IRON Slag ၂၀၀၀၀ ချရန် | JAPAN | ၂၀.၁၁.၂၀၁၉ |
| TUG-AST LEGEND; BG ANTARAKOH-228 | Construction Project | SINGAPORE | ၂၀.၁၁.၂၀၁၉ |
| EAST BANGKOK | Hot Roll Coil ၈၁၄၃ ချရန် | JAPAN | ၂၃.၁၁.၂၀၁၉ |
| HORIZON-9 | PKG Steel Rail ၄၇၆ ချရန် | JAPAN | ၂၃.၁၁.၂၀၁၉ |
| ALAM SERI | Wheat (In Bulk) ၂၀၀၀၀ ချရန် | AUSTRALLIA | ၂၈.၁၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SSL GANGA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၁၁.၂၀၁၉ |
| ALS SATSUKI | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၅.၁၁.၂၀၁၉ |
| BL PL TRUST | SINGAPORE | အလုံဆိပ်ကမ်း | ၁၆.၁၁.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၁၁.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၁၁.၂၀၁၉ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁၁.၂၀၁၉ |
| MCC KYOTO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၁၁.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၁၁.၂၀၁၉ |
| SINAR BINTAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၈.၁၁.၂၀၁၉ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၈.၁၁.၂၀၁၉ |
| MADRID TRADER | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉.၁၁.၂၀၁၉ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၀.၁၁.၂၀၁၉ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၁.၂၀၁၉ |
| SAN PEDRO | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၂.၁၁.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.MESON | P.Oil(In Bulk) | SINGAPORE | ၁၄.၁၁.၂၀၁၉ |
| MT.OCEAN MANTA | MOGAS (92Ron) | PUMA JETTY | ၁၄.၁၁.၂၀၁၉ |
| MT.ORCA PACIFIC | Diesel Oil | - | ၁၅.၁၁.၂၀၁၉ |
| MT.INTAN GLORY | Diesel Oil | MMTM JETTY | ၁၅.၁၁.၂၀၁၉ |
| MT.PANGNIU | Diesel Oil | SINGAPORE | ၁၄.၁၁.၂၀၁၉ |
| MT.OCEAN GOBY | MOGAS (92Ron) | SINGAPORE | ၁၄.၁၁.၂၀၁၉ |
| MT.TAI WO | Asphalt | MALAYSIA | ၁၄.၁၁.၂၀၁၉ |
| MT.FLY SEAL | Diesel Oil | SINGAPORE | ၁၈.၁၁.၂၀၁၉ |
| MT.OCEAN GOBY | MOGAS (92Ron) | SINGAPORE | ၁၈.၁၁.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၂၀.၁၁.၂၀၁၉ |
| MT.PRIM ROSE | P.Oil(In Bulk) | INDONESIA | ၂၁.၁၁.၂၀၁၉ |
| MT.SENNA-1 | LPG Gas | SINGAPORE | ၂၅.၁၁.၂၀၁၉ |

# သနပ်ပင်မြို့နယ်အတွင်းရှိ မျိုးပဲဈေးနှုန်းများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်အတွင်းရှိ မျိုးပဲများ လှိုင်လှိုင်ရောင်းနေကြပြီး ပဲတီစိမ်းမျိုးပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၆၀၀၀၊ ပဲလွမ်းဖြူမျိုးပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ပေါက်ဈေးရှိပြီး မျိုးမတ်ပဲကိုတော့ ဈေးကွက် မသေချာ သဖြင့် ရောင်းချခြင်းမရှိကြောင်း သိရသည်။

ယခုနှစ် ပဲဦးပေါ်ချိန်တွင် ပဲတီစိမ်းတစ်တင်းကို ကျပ် ၃၅၀၀၀၊ပဲလွမ်းဖြူတစ်တင်းကို ကျပ် ၁၈၀၀၀ ဈေးတန်းများရှိနိုင်ပြီးဖြစ်ကြောင်း ပဲဝယ်ရောင်းလုပ်ငန်းရှင် ဦးစန်းဝင်းထံမှ သိရသည်။

**သိန်းဆွေ(သနပ်ပင်)**

## ကြက်သွန်

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီ အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်သို့ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီစိုက်ပျိုးရာ ဒေသများဖြစ်သော ပခုက္ကူ ပေါက်၊ ဆိပ်ဖြူ၊ ရေစကြိုနှင့် ယောဒေသများမှ ကြက်သွန်နီများ နေ့စဉ်ကုန်ချိန် ၉၀၀၀၀ ကျော် အရောင်းအဝယ် ဖြစ်နေသည်။

ယခုတစ်ပတ်တွင် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၅၀၀ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ရခိုင်ပြည်နယ် စစ်တွေ၊ မောင်တောဒေသများမှ ပခုက္ကူနှင့်ဆိပ်ဖြူ ကုန်စည်ဒိုင်များသို့ တိုက်ရိုက် ဝယ်ယူလျက်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၄၀၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ နှင့် ၇၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပြီး ပခုက္ကူမြို့မဈေး၏ ကြက်သွန်နီလက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိသည်။

ယခုတစ်ပတ် ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ၂၄၇၅ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၁၇၂၅ ကျပ်၊ အနိမ့်စ တစ်ပိဿာလျှင် ကျပ် ၉၅၀ နေ့စဉ် ကုန်ချိန် ၃၀၀၀၀ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ရေနံချောင်း ကြက်သွန်နီအဟောင်း ဈေးတက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ထွက်ကြက်သွန်နီများဈေးမြင့်လျက်ရှိကြောင်းသိရသည်။ လက်ရှိကြက်သွန်နီကြီး တစ်ပိဿာ ကျပ်၂၀၀၀၊အလတ်တစ်ပိဿာ ကျပ် ၂၀၀၀၊ အသေးတစ်ပိဿာ ကျပ် ၁၅၀၀ပေါက်ဈေးရှိပြီး ယခင်ရက်များက ကြက်သွန်အကြီး ကျပ် ၁၆၀၀၊ အလတ် ကျပ် ၁၅၀၀၊ အသေး ကျပ် ၁၃၀၀ ဈေးရောင်းရကြောင်း သိရသည်။

လက်လီဈေး ကျပ် ၂၂၀၀တက်တယ် ။ အရမ်းဈေးမြင့်ပြီး တစ်နေ့တစ်ဈေး ဖြစ်နေတာပါ။ အခွံချွတ်ကိုတစ်ပိဿာ ကျပ် ၈၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ စိုက်ချိန်ပျိုးချိန်မဟုတ်သည့်အပြင် လက်ကျန်ကိုထုတ်ရောင်းနေရသောကြောင့် ဈေးမြင့်ခြင်းဖြစ်ကြောင်းဈေးကွက်မှသိရသည်။

**ရွှေစင်(ရေနံချောင်း)**

# အရောင်းအဝယ် ပုံမှန်ရှိနေသည့် ပြည်ကြက်သွန်ဖြူ

ယခုအချိန်တွင်ပြည်ပွဲရုံသို့ကြက်သွန်ဖြူအိတ် ဝင်ရောက်မှုနည်းချိန်ဖြစ်သော်လည်း ဒေသတွင်းလက်လီနှင့်ခရိုင်အတွင်း လက်လီဈေးရောင်းချသူများ ပုံမှန်အဝယ်ရှိနေခြင်းကြောင့် အရောင်းအဝယ်နေ့စဉ်ဖြစ်နေသည်။

ကြက်သွန်ဖြူတစ်ပိဿာပွဲရုံဈေးတွေကတော့ (ရှမ်းစ) ကျပ် ၃၀၀၀/၃၂၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၂၀၀/၃၄၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဒေသတွင်းလက်လီဈေးတွင် (ရှမ်း) ကျပ် ၃၆၀၀/၃၈၀၀ ဈေးနှင့် (ကြူကုတ်) ကျပ် ၃၆၀၀/၄၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိနေသည်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် နယ်အဆွဲနည်းသောကြောင့် အရောင်းအေးကြောင်းပွဲရုံ ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**နီနီဝင်း(ပြည်)**

## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းနီနှင့်နှမ်းနက် ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းဈေး အနည်းငယ်ပြန်ကျ

ပြည်ဈေးကွက်တွင် ယခုအပတ် နှမ်းနီနှင့်နှမ်းနက်ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းမှာ ဝယ်လိုအား ပြန်နည်းလာသည့်အတွက် ဈေးအနည်းငယ်ပြန်ကျလာသည်။ မြန်အောင်၊ ကံမနှင့်မင်းတုန်းဘက်မှ နေ့စဉ် နှမ်းအိတ်အနည်းငယ်တဖွဲဖွဲ ဝင်ရောက်လာနေသေးသည်။ အောင်လံနှင့်မန္တလေးဘက်မှလည်း နှမ်းနက်သန့်သန့်ကို ပြည်ဈေးကွက်သို့ဆင်းပြီး အဝယ်ရှိခြင်း၊ နှမ်းနီကိုဆီစက်များက ရသလောက် အဝယ်ရှိခြင်းတို့ကြောင့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုအပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ နှင့် ယခင်အပတ်က အတိုင်း ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းဈေးမှာတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြစ် ယခင်အပတ်ကထက် ဈေးအနည်းငယ် ကျဆင်းလာတာတွေ့ရပါသည်။

**ဝေဝေမင်း(ပြည်)**

## ရှောက်သီး

# ပြည်ရှောက်သီးဈေးကွက်နှင့် ယိုလုပ်ငန်းဈေးကွက်

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပွဲရုံများသို့ ဝင်ရောက်လာသောသီးနှံများထဲမှာ ရှောက်သီးဈေးကွက်နှင့် ရှောက်ယိုလုပ်ငန်းကို လေ့လာခဲ့သည်။ ပြည်ပွဲရုံသို့ ဝင်ရောက်လာသော ရှောက်သီးသည်ပဲခူးတိုင်း အရှေ့ဘက်ခြမ်းမှ ဝင်ရောက်ခြင်းဖြစ်ရာ ရှောက်သီးတစ်လုံးလျှင်ပျမ်းမျှပွဲရုံဈေး ကျပ် ၁၅၀ ဖြစ်ပြီး ဒေသတွင်းလက်လီရောင်းဈေးမှာ ကျပ် ၃၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်ယိုလုပ်ငန်းရှင်များ၏ ဈေးကွက်ဝယ်လိုအား နွေ၊ မိုး၊ ဆောင်း အဝယ်ရှိခြင်းကြောင့် ရှောက်သီးဈေးကွက်မှာ ဝင်သမျှ အဝယ်ရှိနေခဲ့သည်။ ယိုလုပ်ငန်းရှင်များသည်ရှောက်ယို တစ်ပိဿာလက်ကားဈေး ကျပ် ၃၅၀၀ ဈေးဖြင့် ပြည်လက်ဆောင်အဖြစ်လည်းကောင်း၊ ဈေးကွက်အတွင်း လက်လီဈေးများဖြင့်လည်းကောင်း ပြန်လည်ရောင်းချလျက်ရှိသည်။ ရန်ကုန်-ပြည်ကားလမ်းတစ်လျှောက်မြို့နယ်များသို့တင်ပို့နေရကြောင်းလည်းသိရသည်။

**နီနီဝင်း(ပြည်)**

## နနွင်း

# နနွင်းတန်ချိန် ၃၀၀ကျော်တင်ပို့

နိုဝင်ဘာ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း နနွင်း ၂၉၅ ဒသမ ၆၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့သုညဒသမ ၆၄ တန်၊ အိန္ဒိယနိုင်ငံသို့ ၈၄ တန်၊ မလေးရှားနိုင်ငံသို့ ၁၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၉၆ တန် တင်ပို့ ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ယခင်သီတင်းပတ်က နနွင်း ၈၅ တန်ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှု နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၀၇၆၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## ချင်း

# လက်လီ၊ လက်ကား အရောင်းအဝယ်ရှိနေသည့် ပြည်ချင်း

ပြည်(ပွဲရုံ)များသို့ အောင်ပန်းမှချင်းတက်များ ပုံမှန်အဝင်ရှိနေသော်လည်း အရောင်းအဝယ်မှာ ဒေသတွင်း လက်လီ၊ လက်ကားသမားတို့သာ အဝယ်ရှိနေသည်။ ပွဲတော်ရက်များဖြစ်၍ နယ်အဝယ်နည်းနေသည်ကို တွေ့ရသည်။ ချင်းလှီးသမားတို့ ပုံမှန်အဝယ်ရှိနေခြင်းကြောင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်နေသည်။ ယခုတစ်ပတ် ချင်းတစ်ပိဿာဈေး (ပွဲရုံဈေး) ကျပ် ၂၆၀၀/၂၇၀၀ အိတ်ဆွဲဈေးဖြစ်ပြီး လှီးချင်းတစ်ပိဿာ ကျပ် ၂၉၀၀ဖြစ်သည်။ လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၄၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။

**ဝင်းဝင်းခိုင်(ပြည်)**

# ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ရှမ်းချင်း

ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ ချင်းက ပုံမှန်အဝင်နှင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ချင်းသစ်များက ဈေးကွက်ကို ဝင်နေသော်လည်း အဝင်က လှိုင်လှိုင်မဝင်သေးဘဲ ပုံမှန်သာအဝင်ရှိနေသည်။ ပြည်ပဝယ်လက်များက တစ်ခါတစ်ရံသာအဝယ်လိုက်ခြင်းကြောင့် ပြည်တွင်းဝယ်လက်များကိုသာ အဓိကထားပြီး ရောင်းနေရကြောင်းလည်း သိရသည်။

တစ်နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်သည့် သီးနှံဖြစ်ခြင်းကြောင့် ပုံမှန်အရောင်းအဝယ်တော့ရှိနေသည်။ မိုးကုန်ပြီးကာစ ပွင့်လင်းရာသီရောက်လာပြီဖြစ်ခြင်းကြောင့် အလှူပွဲများ များလာသောကြောင့် ချင်းထိုးသမားများက အဆွဲများနေကြောင်းလည်းသိရသည်။ ဝယ်လက်များကလည်း တာရှည်အထားမခံသည့် ချင်း(ဥမ)ထက် ချင်းတက်သစ်များကိုပိုပြီးကြိုက်နှစ်သက်ကြသည်။ ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ ချင်းတစ်ပိသာပေါက်ဈေးက ကျပ် ၁၀၀၀ မှ ၂၀၀၀ ဈေးရှိပြီး ချင်းခြောက်က ကျပ် ၁၇၀၀ မှ ၂၂၀၀ ဈေးရှိသည်။ ဟိုပုံးဈေးကွက်၌ ပစ္စည်းအဝင်လည်းမရှိသေးခြင်းကြောင့် အရောင်းအဝယ်လည်း ရပ်နေကြောင်း သိရှိရသည်။

**ဇေခိုင်၊တောင်ကြီး**



## မန်ကျည်း

# ဒေသထွက်ပြည်မန်ကျည်းမှည့်ဟောင်း နယ်တင်ပို့မှုရှိနေ

မန်ကျည်းမှည့်ပွဲရုံများတွင် ကျောက်ပန်းတောင်းနှင့်ပျော်ဘွယ် စသည့် အညာဒေသမှ မန်ကျည်းမှည့်ဝင်ရောက်မှု အနည်းငယ်ရှိနေသည်။ တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၃၈၀၀/၄၀၀၀ ဖြစ်သည်။ ပြည်ဒေသထွက် မန်ကျည်းမှည့်လက်ကျန်ဟောင်း(ပွဲရုံဈေး)တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးတို့ဖြစ်ကြောင်းသိရသည်။

ဒေသထွက်မန်ကျည်းမှည့်အား ရန်ကုန်နှင့် ရခိုင်သို့အပတ်စဉ်ပုံမှန်တင်ပို့လျက်ရှိနေသောကြောင့်နယ်တင်ပို့မှု အရောင်းအဝယ်ဖြစ်နေခဲ့ပါသည်။ ဒေသတွင်းဈေးများတွင် တစ်ပိဿာ ကျပ် ၃၅၀၀ ဈေးနှင့် အညာစားလှီး မန်ကျည်းမှည့်ကို ၂၅ ကျပ်သားအထုပ်များပြုလုပ်ကာ တစ်ထုတ်လျှင် ကျပ် ၁၂၀၀ နှင့် တစ်ပိဿာ ကျပ် ၄၅၀၀ ဈေးတို့ဖြင့်ရောင်းချလျက်ရှိနေသည်။

**နီနီဝင်း(ပြည်)**

တစ်စက်စက်နှင့် ကျနေသော ရေဘုံဘိုင်၊ လွင့်ပျံနေသော ပလတ်စတစ်အိတ်များ၊ ဝယ်စားပြီး ကျန်နေသော အစားအသောက်များကို မြင်ရသည့်အခါ ကမ္ဘာပေါ်တွင် အဆိုပါ နေရာမှ လူများသည် အလွန်ချမ်းသာကြသည်ဟု လည်းကောင်း၊ လေလွင့်ဆုံးရှုံးမှုများကို အမျိုးသားရေးအမြင်၊ ကမ္ဘာအမြင်နှင့် မကြည့်တတ်သူများနေရာဟုလည်းကောင်း ထင်မြင်မိပါသည်။ လေလွင့်ဆုံးရှုံးမှုများနှင့် ပတ်သက်လျှင် သုတေသနပြုထားသည့် ကိစ္စများမှတစ်ခုကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် ဆန်ကိုအဓိက အစားအစာအဖြစ် စားသုံးနေသဖြင့် ဆန်စပါးနှင့်ပတ်သက်သော ရိတ်သိမ်းချိန်လွန် အလေအလွင့်များကို အဓိကထားတင်ပြလိုပါသည်။ ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများသည် နိုင်ငံနှင့်ချီ၍ လည်းကောင်း၊ အမျိုးသားရေးအမြင်ဖြင့် လည်းကောင်းကြည့်မည်ဆိုပါက မည်မျှအထိရှိသည်ကို ပြောပြလိုခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ဆန်စပါးထွက်ရှိမှုအခြေအနေ

ဆန်စပါး လေလွင့်ဆုံးရှုံးမှုများကို ပြောမပြမီတွင် ပထမဆုံး စိုက်ပျိုးထွက်ရှိသည့် အခြေအနေများကို ဦးစွာတင်ပြလိုပါသည်။ စပါးကို စတင်စိုက်ပျိုးသည်မှစတင်ကာလေလွင့်ဆုံးရှုံးမှုများ များစွာရှိပါသည်။ မျိုးစေ့တွင် ဆုံးရှုံးခြင်း၊ စိုက်သင့်သည့် မျိုးစေ့အရေအတွက်ထက်ပိုမိုစိုက်ပျိုးရသဖြင့် ဆုံးရှုံးမှုများမှ စတင်ရှိနေသည်ဟု ပြောလိုပါသည်။ ထို့ပြင် စိုက်ပျိုးချိန်တွင် ဆုံးရှုံးခြင်း၊ ရိတ်သိမ်းချိန်တွင် ဆုံးရှုံးခြင်း၊ သဘာဝဘေးရန်များဖြစ်သော ရေကြီးမိုးခေါင် စသော အကြောင်းများကြောင့် ဆုံးရှုံးခြင်းများလည်းရှိပါသည်။ သို့သော်လည်း ဦးစွာ စိုက်ပျိုးထွက်ရှိမှုအခြေအနေကို ဖော်ပြရလျှင် မြန်မာနိုင်ငံ၏ နှစ်အလိုက် ဆန်စပါးထွက်ရှိမှုမှာအောက်ပါအတိုင်း ထွက်ရှိသည်ဟု သိရပါသည်-

၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၈-၂၀၁၉ခုနှစ်အထိ ဘဏ္ဍာနှစ်လိုက်
ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုစာရင်း

| စဉ် | ခုနှစ် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက် | |
|---|---|---|---|---|---|---|
| | | | | | တင်း | တန် |
| ၁ | ၂၀၁၂-၂၀၁၃(မိုး+နွေ) | ၁၇၈၉၃၄၂၄ | ၁၇၈၁၀၂၁၄ | ၇၄.၂၀ | ၁၃၂၇၇၄၂၈၉၄ | ၁၃၂၇၇၄၂၉ |
| ၂ | ၂၀၁၃-၂၀၁၄ (မိုး+နွေ) | ၁၇၉၉၈၆၉၆ | ၁၇၉၄၈၆၁၆ | ၇၅.၄၂ | ၁၃၅၇၃၈၅၉၅၁ | ၁၃၅၇၃၈၆၀ |
| ၃ | ၂၀၁၄-၂၀၁၅(မိုး+နွေ) | ၁၇၇၂၂၃၅၅ | ၁၇၆၇၃၈၈၃ | ၇၆.၂၄ | ၁၃၅၁၁၉၇၉၁၄ | ၁၃၅၁၁၉၇၉ |
| ၄ | ၂၀၁၅-၂၀၁၆(မိုး+နွေ) | ၁၇၈၂၀၅၈၆ | ၁၇၅၃၉၅၅၄ | ၇၅.၈၃ | ၁၃၅၁၉၇၄၉၇၉ | ၁၃၅၁၉၇၅၀ |
| ၅ | ၂၀၁၆-၂၀၁၇(မိုး+နွေ) | ၁၇၆၉၅၅၂၅ | ၁၇၄၅၂၉၉၁ | ၇၅.၀၀ | ၁၃၂၇၂၂၀၉၁၇ | ၁၃၂၇၂၃၀၉ |
| ၆ | ၂၀၁၇-၂၀၁၈(မိုး+နွေ) | ၁၇၉၃၀၂၉၄ | ၁၇၇၁၄၃၉၃ | ၇၈.၃၆ | ၁၃၄၆၃၃၀၅၆၄ | ၁၃၄၆၃၃၀၆ |
| ၇ | ၂၀၁၈-၂၀၁၉(မိုး+နွေ) ယာယီ | ၁၇၈၃၀၁၀၅ | ၁၇၆၃၅၉၇၀ | ၇၅.၉၅ | ၁၃၃၉၄၂၂၅၄၅ | ၁၃၃၉၄၂၂၅ |

Source : စိုက်ပျိုးရေးစာရင်း

## ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှု

စပါးအပါအဝင် သီးနှံများကို ရိတ်သိမ်းပြီးနောက်တွင် ကိုင်တွယ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းဟူသော အပိုင်းများသည် စားသုံးသူများ၏ စားသုံးချိန်မရောက်မီအထိ ရှိသောလုပ်ငန်းစဉ်အဆင့်ဆင့် ဖြစ်ကြပါသည်။ အဆိုပါအဆင့်များတွင် လေလွင့်မှုသည် ကျွန်တော်တို့နိုင်ငံအပါအဝင်အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းမှ ၃၇ ရာခိုင်နှုန်းအထိရှိသည်ဟု အက်ဖ်အေအို၏ သုတေသနပြုထားချက်အရ ဖော်ပြထားသည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-




ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများကို အဆင့်ခြောက်ဆင့်ခွဲခြားထားသည်ကို အထက်ပါပုံတွင် တွေ့နိုင်ပါသည်။ အဆိုပါအဆင့်များမှာ ရိတ်သိမ်းခြင်း၊ ကိုင်တွယ်ခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့တွင် လေလွင့်ဆုံးရှုံးမှုသည် ပျမ်းမျှအားဖြင့် ၁၀ ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းကြားတွင် ရှိတတ်ကြောင်း သိရသည်။ ထို့ပြင် အာဖရိကနှင့် လက်တင်အမေရိကတိုက်တို့၏ အချို့သောဒေသများတွင် ၅၀ ရာခိုင်နှုန်းအထိပင် ရှိကြသည်ကို တွေ့ရကြောင်း သိရသည်။ ယခုဖော်ပြသော ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများသည် စပါး၊ ပဲမျိုးစုံ အပါအဝင် အခွံပါသော ကောက်ပဲသီးနှံများတွင်



# ထိန်းသိမ်းစို့လား အလေအလွင့်များ

(မျိုးသူ-ကုန်သွယ်မြင့်)

ဖြစ်ပေါ်သော လေလွင့်ဆုံးရှုံးမှုများဖြစ်ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများသည် ပိုမိုများပြားမည်ဖြစ်ပါသည်။ အဆိုပါ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများတွင် အရေအတွက်ဆိုင်ရာ လေလွင့်ဆုံးရှုံးမှုနှင့် အရည်အသွေးဆိုင်ရာ လေလွင့်ဆုံးရှုံးမှုဟူ၍ နှစ်မျိုးကွဲပြားပါသည်။ သို့ဖြစ်၍ ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများသည် ထုတ်လုပ်မှုတိုးတက်လာသည့်တိုင် ကုန်ကျစရိတ်နှင့် အရည်အသွေးပိုင်းဆိုင်ရာတို့ကို ထိခိုက်နိုင်သဖြင့် အထူးသတိထားသင့်သော အမျိုးသားရေးဆိုင်ရာ လေလွင့်ဆုံးရှုံးမှုဟု ခေါ်ဆိုနိုင်ပါသည်။

## အရေအတွက်ဆိုင်ရာ လေလွင့်ဆုံးရှုံးမှု

အထက်ဖော်ပြပါ ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများတွင် ပါဝင်သော အဆင့်ခြောက်ဆင့်တွင် အရေအတွက်ဆုံးရှုံးမှု မည်မျှရှိနိုင်သည်ကို နမူနာအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရှိစပါးထွက်ရှိမှု အရေအတွက်၊ ငွေတန်ဖိုးတို့နှင့်ယှဉ်ပြီး အောက်ပါအတိုင်း တွက်ချက်ကြည့်နိုင်ပါသည်-

(က) စပါးရိတ်သိမ်းဧက (မိုး+နွေ)= ၁၇၇၁၄၃၉၃ ဧက၊
(ခ) အထွက်နှုန်း = ၇၈. ၃၆ တင်း၊
(ဂ) အထွက်တင်း = ၁၃၄၆၃၃၀၅၆၄ တင်း၊
(ဃ) လေလွင့်ဆုံးရှုံးမှု(၁၀ရာခိုင်နှုန်း)= ၁၃၄၆၃၃၀၅၆ တင်း၊
(င) လေလွင့်မှု ၁၀ရာခိုင်နှုန်းအတွက်=၁၂၁၁၆၉၇၅၀၈ တင်း၊
စားသုံးသူထံရောက်မည့် တင်း
(စ) လေလွင့်ဆုံးရှုံးမှု(၃၇ ရာခိုင်နှုန်း)=၄၉၈၁၀၃၂၁၀၈ တင်း၊
(ဆ) လေလွင့်မှု ၃၇ရာခိုင်နှုန်းဆိုပါက = ၈၄၈၁၈၈၂၅၆ တင်း။
စားသုံးသူထံရောက်မည့်တင်း

စပါးတင်း ၁၀၀ လျှင်အခြေခံစပါးဈေးငါးသိန်းကျပ်ဖြင့် တွက်ချက်မည်ဆိုပါက ၁၀ ရာခိုင်နှုန်း အလျော့အတွက် လေလွင့်သည့် အရေအတွက် တင်းသန်းပေါင်း ၁၃၄ တင်းအတွက် ကျပ်သန်းပေါင်း ၆၇၀၀၀၀ တန်ဖိုးရှိကြောင်းတွေ့နိုင်ပါသည်။ စားသုံးသူထံသို့ရောက်ရှိသောအရေအတွက်မှာ ရိတ်သိမ်းမှု အပါအဝင် ကွင်းစပ်မှ စတင်ကာ စားသုံးသူထံသို့ရောက်သည်အထိ များစွာလျော့နည်းသွားနိုင်သည်ကို တွေ့နိုင်ပါသည်။ ၁၀ ရာခိုင်နှုန်း လျော့နည်းသည်ဆိုပါက တင်းသန်းပေါင်း ၁၃၄၆ ဒသမ ၃၃၀ တင်းအတွက် ပေါ်တွင် ၉၀ ရာခိုင်နှုန်းသာ စားသုံးသူထံသို့ ရောက်ရှိနိုင်သည်ဖြစ်ကာ တင်းသန်းပေါင်း ၁၂၁၁ ဒသမ ၆၉၇ တင်းသာ စားသုံးသူထံသို့ရောက်ရှိသည်ဟု ပြောနိုင်ပါသည်။ ၃၇ရာခိုင်နှုန်းသာ ရိတ်သိမ်းချိန်လွန် ကာလတွင် လျော့နည်းသည်ဆိုပါကငွေတန်ဖိုးနှင့် တွက်ချက်ပါက ကျပ်သန်းပေါင်း ၂၄၉၀၀၀၀ တန်ဖိုးရှိပါသည်။ ၃၇ ရာခိုင်နှုန်းသာ လျော့နည်းမည်ဆိုပါက စားသုံးသူထံသို့ ရောက်ရှိမည့် ပမာဏမှာ တင်းသန်းပေါင်း ၈၄၈ ဒသမ ၁၈၈ တင်းသာ ကျန်ရှိမည်ဖြစ်ပါသည်။ တင်း ၁၀၀ သည် ဆန်ချောတစ်တန်နှင့် ညီမျှသည်ဆိုပါက စားသုံးသူထံရောက်မည့် ဆန်တန်ချိန်၊ တစ်နည်းဆန်ချောတန်ချိန်သည် ၈ ဒသမ ၄၈ သန်းမှ ၁၂ ဒသမ ၁၁ သန်းသာရှိမည်ဟု တွက်ချက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ၅၃ သန်းအတွက် လိုအပ်သည့် ဆန်ပမာဏမှာ (လူတစ်ဦး စားသုံးနှုန်း ၁၅၅ ကီလိုဂရမ်ဖြင့် တွက်ပါက) ဆန်တန်ချိန် ၈ ဒသမ ၂၀ သန်းကျော် လိုအပ်မည်ဖြစ်ပြီး အလေအလွင့် ၁၀ ရာခိုင်နှုန်းရှိသည်ဆိုပါက စားသုံးသူ ရောက်မည့် ၁၂ သန်းမှ စားသုံးမှု ရှစ်သန်းနုတ်လျှင် ပိုလျှံမှုမှာ လေးသန်းသာရှိသည်ဟု တွေ့ရှိနိုင်သည်။ ၃၇ ရာခိုင်နှုန်းသာ လျော့မည်ဆိုပါက စားသုံးသူထံအထိရောက်မည့် ဆန်တန် မှာ ၈ ဒသမ ၄၈ သန်းဖြစ်ပြီး စားသုံးမှုမှာ ၈ ဒသမ ၂၀ သန်းရှိသဖြင့် သုည ဒသမ ၂၇ သန်းသာပိုမည့် အခြေအနေမျိုးကိုတွေ့ရပါသည်။ ပိုလျှံသည့်ဆန်တန်ချိန်ပမာဏသည် ပြည်ပသို့တင်ပို့နိုင်မည့် အရေအတွက်အဖြစ် ခန့်မှန်းနိုင်ပါသည်။ သို့ဖြစ်၍ နှစ်စဉ်ရိတ်သိမ်းချိန်လွန် လေလွင့်မှုလျော့နည်းအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်ပသို့တင်ပို့နိုင်ရန် ပိုလျှံမည်ဖြစ်ပြီး နိုင်ငံလည်း ဝင်ငွေတိုးနိုင်ပါမည်။

## အရည်အသွေးလေလွင့်ဆုံးရှုံးခြင်း

ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးခြင်းတွင် အရေအတွက် လေလွင့်ဆုံးရှုံးခြင်းနှင့်ပတ်သက်၍ မည်မျှတန်ဖိုးကြီးမားသည်ကို ခန့်မှန်းတွက်ချက်ပြသပြီးဖြစ်၍ လေလွင့်ဆုံးရှုံးမှုသည် တစ်ဦးချင်းဆုံးရှုံးမှုသာမက အမျိုးသားတစ်ရပ်လုံးအတွက် လေလွင့်ဆုံးရှုံးမှုဟုပင်ခေါ်နိုင်ပါသည်။ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများသည် အရေအတွက်ပိုင်းဆိုင်ရာတွင် ဆုံးရှုံးခြင်းသာမကဘဲ အရည် အသွေးပိုင်းတွင်လည်း လေလွင့်ဆုံးရှုံးမှုများ ကြုံရနိုင်ပါသည်။ အစိုဓာတ်များသော စပါးများကိုရိတ်သိမ်းပြီး သေချာခြောက်သွေ့အောင် မပြုလုပ်မိဘဲ သိုလှောင်ပါက အလဖာတောက်ဆင်မှိုဆိပ်ကြောင့် ဆန်အဝါရောင် ဖြစ်ပေါ်ခြင်းများကြုံရနိုင်ပြီး ဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ ဆန်ကိုအစိုဓာတ်မြင့်မြင့်ဖြင့် သိုလှောင်ပါကလည်း မှိုတက်ခြင်း၊ မည်းခြင်းများဖြစ်ပြီး ဆန်အရည်အသွေး ပျက်စီးမည်ဖြစ်ပါသည်။ စားသုံးရန်မသင့်သည်အထိဖြစ်စေနိုင်ပါသည်။ ခြောက်သွေ့အောင်ပြုလုပ် ရာတွင်လည်း နည်းစနစ်မမှန်ကန်ပါက ဆစ်ကျိုးများပိုမိုဖြစ်ပေါ်ကာ ကြိတ်ခွဲရာတွင် ဆန်မဖြစ်ဘဲ ဆန်ကွဲ များပြားပြီး ဆန်ထွက်နှုန်းကျဆင်းကာ ငွေကြေးတန်ဖိုးပါ ကျဆင်းနိုင်ခြင်း စသည့် အရည်အသွေးဆိုင်ရာ ပြဿနာများကို ကြုံတွေ့ရမည် ဖြစ်ပါသည်။ ဆန်အဝါရောင်ဖြစ်ခြင်း၊

စာမျက်နှာ ၁၆ သို့

**ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများသည်**
**အရေအတွက်ပိုင်းဆိုင်ရာတွင်**
**ဆုံးရှုံးခြင်းသာမကဘဲ**
**အရည်အသွေးပိုင်းတွင်လည်း**
**လေလွင့်ဆုံးရှုံးမှုများ ကြုံရနိုင်ပါသည်။**

## ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ၀၀၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၅၇၄၁၆၃၀ တန်ဖိုးရှိ ဓာတ်ဆီ ၃၀၅၉၀ ဒသမ ၁၈ တန်နှင့် အမေရိကန်ဒေါ်လာ ၂၉၈၈၇၃၈၇ တန်ဖိုးရှိ ဒီဇယ် ၅၁၅၉၃ ဒသမ ၇၂ တန်၊ စုစုပေါင်း ၈၂၁၈၃ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဓာတ်ဆီ ၃၅၁၈၅ ဒသမ ၉၅ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၅၉၅ ဒသမ ၇၇ တန် တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့သည့် ဒီဇယ်တန်ချိန် ၇၀၆၅၆ ဒသမ ၀၇ တန်နှင့်နှိုင်းယှဉ်လျှင် ၁၉၀၆၂ ဒသမ ၃၅ တန် တင်သွင်းမှုလျော့နည်းခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းများဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၇၉၀၄၆ တန်ဖိုးရှိ ဒီဇယ်၁၀၃၆ ဒသမ ၅၆ တန်နှင့် အမေရိကန်ဒေါ်လာ ၇၃၃၂၉၇ တန်ဖိုးရှိ ဓာတ်ဆီ ၁၄၆၈ ဒသမ ၄၈ တန်၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၅၈၀၀၀ တန်ဖိုးရှိ ဒီဇယ် ၂၀၄၆ ဒသမ ၃၈ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် နိုဝင်ဘာ ၁ ရက်မှ ၁၄ ရက်အထိ ငါးမျိုးစုံပိဿာချိန် ၂၁၈၄၁၀၄ နှင့် ပုစွန်ပိဿာချိန် ၁၀၉၅၄ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်းတစ်ပိဿာကျပ် ၇၅၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၄၃၇၇ ပိဿာ၊ ငါးရံ့တစ်ပိဿာကျပ် ၇၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၃၄၇၇ ပိဿာ၊ ငါးရှဉ့်တစ်ပိဿာကျပ် ၆၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၁၃၁၄ ပိဿာ၊ ငါးမြစ်ချင်းတစ်ပိဿာကျပ် ၃၀၀၀-၄၅၀၀ ဈေးနှင့် အဝင် ၆၅၈၁၉၄ ပိဿာ၊ ငါးကြင်းတစ်ပိဿာကျပ် ၄၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၅၁၄၈၈၇ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာကျပ် ၂၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၉၈၄၈၂ ပိဿာ၊ ငါးသလောက် ၁ ပိဿာကျပ် ၁၂၀၀၀-၂၃၀၀၀ ဈေးနှင့် အဝင် ၅၁၂၆၄ ပိဿာ၊ ငါးတန်တစ်ပိဿာကျပ် ၃၀၀၀-၅၀၀၀ ဈေးနှင့် အဝင် ၃၀၄၈၅၄ ပိဿာ၊ ကကတစ်တစ်ပိဿာကျပ် ၈၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၁၂၄၅ ပိဿာ၊ ကသပေါင်း တစ်ပိဿာကျပ် ၈၀၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၂၅၂၉ ပိဿာ၊ ငါးမျိုးစုံတစ်ပိဿာ ကျပ် ၃၀၀၀-၇၅၀၀ ဈေးနှင့် အဝင် ၅၃၃၄၈၁ ပိဿာ၊ ပုစွန်ကြော့တစ်ပိဿာကျပ် ၃၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၅၉၀၉ ပိဿာ၊ ပုစွန်စပ်တုပ်တစ်ပိဿာကျပ် ၁၅၀၀၀-၂၀၀၀၀ ဈေးနှင့်အဝင် ၂၅၅၅ ပိဿာ၊ ပုစွန်တုပ်ကြီး တစ်ပိဿာကျပ် ၂၅၀၀၀-၂၇၀၀၀ ဈေးနှင့်အဝင် ၂၄၉၀ ပိဿာ ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၈၀၀၀-၈၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၅၀၀၀၊ ပုစွန်ကြော့တစ်ပိဿာကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လထက် ငါးတစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့် ဈေးကျသွားကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

## Energy NYMEX 15-11-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.00 | 0.23 | 0.41 |
| Brent Crude Futr (USD/bbl) | 62.50 | 0.22 | 0.35 |
| Gasoline Rbob Fut (Cent/gal) | 161.89 | 0.31 | 0.19 |
| Natural Gas Futr (USD/MMBtu) | 2.61 | -0.04 | -1.36 |
| Heating Oil Futr (Cent/gal) | 192.34 | 0.55 | 0.29 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-November | 16.85 | 2504.18 | 1812.35 | 5882.92 | 885.00 |
| 12-November | 16.81 | 2536.80 | 1796.92 | 5886.44 | 876.00 |
| 13-November | 16.91 | 2504.62 | 1783.25 | 5853.60 | 874.00 |
| 14-November | 16.95 | 2484.13 | 1770.25 | 5837.07 | 873.00 |
| 15-November | 16.83 | 2461.43 | 1742.70 | 5846.11 | 877.00 |

## ပြည်တွင်းငွေလဲနှုန်းကျဆင်းခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် နိုဝင်ဘာဒုတိယပတ်အတွင်း အနည်းငယ်ကျဆင်းခဲ့သလို အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်းသိရှိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၇ကျပ်သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၄ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများခဲ့သလို ဝယ်လိုအားနည်းခဲ့ခြင်းကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ဈေးကွက်ပိတ်ရက်နှင့် အစိုးရရုံးပိတ်ရက်များဖြစ်ခြင်းကြောင့် အရောင်းအဝယ်နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို ဈေးအတက်အကျရှိခြင်းမှာ ဈေးကွက်အတွင်း ဖြစ်လေ့ဖြစ်ထရှိခြင်းဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်လည်း ကျေနပ်စရာအခြေအနေဖြစ်ကြောင်း၊ငွေလဲနှုန်း မတည်ငြိမ်ပါက ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များ စိုးရိမ်လေ့ရှိကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် နိုဝင်ဘာ ၁၃ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၂၀ကျပ်၊ ဝယ်ဈေး ၁၅၁၆ ကျပ်မှ နိုဝင်ဘာ ၁၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၁၇ ကျပ်၊ဝယ်ဈေး၁၅၁၃ကျပ်သို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၁၅ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၁၈ကျပ်၊ ဝယ်ဈေး ၁၅၁၄ကျပ်ဖြင့် ဈေးပိတ်ခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းခဲ့သည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ထပ်မံကျဆင်းခဲ့ပြီး အရောင်းအဝယ်နည်း

ပြည်တွင်းရွှေဈေးသည် ယခုရက်သတ္တပတ်အတွင်း ကျဆင်းခဲ့ပြီး ဈေးကွက်ပိတ်ချိန်တွင် ကျပ် ၁၂သိန်းအောက်သို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ ယခင်ရက်သတ္တပတ်က ရွှေတစ်ကျပ်သားလျှင် ကျပ်၁၂၀၃၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၈၂၀၀၀ဖြင့် ဈေးပိတ်ခဲ့သည်။

“ရွှေကတော့ ပြည်တွင်းမှာရော နိုင်ငံတကာဈေးကွက်မှာပါ ဈေးကျနေတုန်းပဲ။ နိုင်ငံတကာဈေးကွက်မှာဆိုရင်လည်း ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၀ဒေါ်လာနီးပါးအထိ ဈေးကျသွားတယ်။ ကမ္ဘာ့ဈေးကွက်မှာ ရေနံဈေးတက်တော့ ရွှေဈေးကျတယ်။ အဓိကအခြေအနေက ပြည်တွင်းမှာလည်း ရွှေကို အဝယ်သိပ်မလိုက်တော့တာပါသလို ဈေးကွက်ပိတ်ရက်ကလည်း များသွားတယ်။ ဒီလိုပဲ နိုင်ငံတကာမှာရွှေဈေးကျရင် ပြည်တွင်းမှာလည်း လိုက်ကျတက်ပါတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် နိုဝင်ဘာ ၁၃ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၁၁၈၈၀၀၀ရှိခဲ့ရာမှ နိုဝင်ဘာ ၁၄ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၈၄၀၀၀ သို့ ကျဆင်းခဲ့ပြီး နိုဝင်ဘာ ၁၅ရက်တွင် ကျပ် ၁၁၈၂၀၀၀ သို့ရောက်ရှိခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်၌ နိုဝင်ဘာ ၁၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၆၄ဒေါ်လာရှိခဲ့ရာမှနိုဝင်ဘာ၁၄ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၆၈ဒေါ်လာသို့ ရောက်ရှိခဲ့သော်လည်း နိုဝင်ဘာ၁၅ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၄၆၆ ဒေါ်လာဖြင့်သာ ဈေးပိတ်ခဲ့သည်။

**သန်းထိုက်အောင်**

## Pyay Stock Investment Seminar ပြုလုပ်မည်

ရန်ကုန်စတော့အိတ်ချိန်း၏ အများပြည်သူအသိပညာပြန့်ပွားရေး အစီအစဉ်အရ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအကြောင်း သိကောင်းစရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၄ရက် နံနက်တွင် ပြည်မြို့၊ ကမ်းနားလမ်းရှိ ဂင်္ဂါဝတီခန်းမတွင်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဆရာခင်မောင်ညို(ဘောဂဗေဒ)က “ရင်းနှီးမြှုပ်နှံသူကောင်းတစ်ဦးဆိုသည်မှာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စတော့အိတ်ချိန်း၏ Executive Senior Managerဦးသက်ထွန်းဦးက “ရန်ကုန်စတော့အိပ်ချိန်းနှင့်စတော့ဈေးကွက် အလားအလာများ”ခေါင်းစဉ်ဖြင့်လည်းကောင်းဆွေးနွေးမည်ဟု သိရသည်။

ထို့ပြင်ရေရှည်တွင်အကျိုးအမြတ်ဖြစ်ထွန်းစေမည့် စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံထားခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးနှင့်သတိပြုသင့်သောအချက်များ စသည့်ဗဟုသုတများကို ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲအတွင်း စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုစာရင်း (Securities Account)ဖွင့်လှစ်နိုင်ရန် စီစဉ်ပေးထားပြီး စာရင်းဖွင့်လှစ်လိုသူများအနေဖြင့် မှတ်ပုံတင်နှင့် ဘဏ်စာအုပ်ယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် FMIအစုရှယ်ယာ၊ MTSH အစုရှယ်ယာ၊ MCB အစုရှယ်ယာ၊ FPBအစုရှယ်ယာနှင့် TMHအစုရှယ်ယာတို့ကိုငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများဖြစ်သည့်MSEC,KBZSC, CBSC, AYATSC, KTzRH နှင့် UABSC တို့မှတစ်ဆင့်အရောင်းအဝယ် ပြုလုပ်နေသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

November 15, 2019
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.47 |
| BDT Bangladesh Taka | 84.75 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 7.02 |
| EUR Euro | 0.91 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 71.75 |
| I DR Indonesia Rupiahs | 14073.46 |
| JPY Japan Yen | 108.59 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 155.51 |
| PHP Philippines Pesos | 50.63 |
| RUB Russia Rubles | 63.89 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1166.91 |
| LKR Sri Lanka Rupe | 180.22 |
| THB Thailand Baht | 30.23 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23185.57 |

*Source:xe.com*

## World Gold Price

November- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1468 | 1465 | 1465 |
| 12 | 1456 | 1455 | 1455 |
| 13 | 1466 | 1464 | 1465 |
| 14 | 1468 | 1467 | 1467 |
| 15 | 1468 | 1466 | 1467 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-11- 2019 | - | - |
| 12-11- 2019 | - | - |
| 13-11- 2019 | 1189.00 | 1189.30 |
| 14-11- 2019 | 1187.00 | 1185.00 |
| 15-11- 2019 | 1183.50 | 1183.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 7.01 | 30.36 | 84.75 | 71.59 |
| 12 | 7.01 | 30.34 | 84.73 | 71.77 |
| 13 | 7.02 | 30.27 | 84.78 | 71.71 |
| 14 | 7.02 | 30.20 | 84.78 | 71.96 |
| 15 | 7.02 | 30.23 | 84.75 | 71.74 |

ဘိလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပို

နိုဝင်ဘာ ၃ ရက် မှ ၉ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၀၉၁၂၀ တန်ဖိုးရှိ ဘိလပ်မြေ ၇၄၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၇၅ တန်၊ တရုတ်နိုင်ငံမှ ၃၉၂ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၁၀၄ တန်နှင့် မလေးရှားနိုင်ငံမှ ၁၇၈ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၅၂၀ ဒသမ ၃၃၇ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၂၂၈ တန်ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၂၆၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၅၆၄၀ ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၆၆၁၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ရေကြောင်းလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပိုခဲ့ကြောင်းသိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်က ပုံမှန်ရှိကြောင်းဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးထံ မှ သိရသည်။ ယခုတစ်ပတ်မှာ အေသုံးလုံးက ကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၅၀၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်ကြောင်း သိရသည်။ ယခု တစ်ပတ် အပါချီနှင့်ကြံ့ဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၃၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ ယခုတစ်ပတ် ဆင်မြန်မာက ကျပ် ၂၀၀၊ ကြံ့နှစ်ကောင်(အနီ)က ကျပ် ၃၀၀ ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀၊ ဆင်မြန်မာကျပ် ၆၀၅၀၊ ကြံ့တစ်ကောင်(မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ)ကျပ်၅၉၅၀၊ ကြံ့နှစ်ကောင်(ပြာ) ကျပ် ၅၄၅၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၉၀၀၊ ကမ္ဘောဇ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်ပို

နိုဝင်ဘာ၃ရက်မှ ၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၃၂၇၅၈ တန်ဖိုးရှိ မြေသြဇာ ၈၈၁၈ ဒသမ ၉၇၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၅၀၀၊ တရုတ်နိုင်ငံမှ ၃၁၃၇ ဒသမ ၅၇ တန်၊ အီဂျစ်နိုင်ငံမှ တန်ချိန် ၈၀၀ ဒသမ ၁၀တန်၊ ပြင်သစ်နိုင်ငံမှ ၁၂ ဒသမ ၇၄၃ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၈၁၀၊ မလေးရှားနိုင်ငံမှ ၂၀ ဒသမ ၄၀ တန်၊ နော်ဝေနိုင်ငံမှ ၄၉၉ ဒသမ ၉၃ တန်၊ ပီရူးနိုင်ငံမှတန်ချိန် ၅၀၀၊ ထိုင်းနိုင်ငံမှ ၇၈၄ ဒသမ ၉၂ တန်နှင့်ဗီယက်နမ်နိုင်ငံမှ ၆၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၇း၁၇း၁၇)၊ ကွန်ပေါင်း(Yellow Colour)၊ ယူရီးယား(၄၆%)၊ဖလော်ရာ၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(စူပါဂရိုး)နှင့်အာမိုတို့ဖြစ်သည်။ ယခင် သီတင်းပတ်က မြေသြဇာတန်ချိန် ၄၀၀၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၈၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့သည်။

# မြေသြဇာဈေးကွက် အရောင်းအေး

နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၁၃၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၅၇၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်တန်ချိန် ၂၅၀ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၌ အရောင်းပုံမှန်ရှိပြီး မကွေး၊ မန္တလေးနှင့်မော်လမြိုင်တို့တွင် အရောင်းအေးကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိသည်။ ယခုတစ်ပတ် ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံကျပ် ၃၁၀၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) (ထိုင်း)ကျပ် ၄၅၀၀၀၊ မြန်မာ့သြဘာ (ရွှေကောမတ်) ကျပ် ၃၉၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ ပိုတက် (အာမို)ကျပ် ၃၂၀၀၀၊ တီစူပါ (၁၂း၁၃) (မြွားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက်(အာမို)ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း (၄၆%)(စံပြ)ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် ပန်းသီးစုံက ကျပ်၈၀၀၊ အာမို(၁၀း၁၀း၅)နှင့်ပိုတက်က ကျပ် ၃၀၀၊ မြွားသီးစုံကကျပ် ၂၀၀၊ မြွားကမ္ဘာက ကျပ် ၁၀၀၀၊ မြွား(၁၅း၉း၈)က ကျပ် ၁၂၀၀ ဈေးကျကာ ကျန်မြေသြဇာများက ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ(၄၆%-တရုတ်) ကျပ် ၂၂၇၀၀၊ မြွားသီးစုံကျပ် ၁၇၀၀၀၊ ပန်းသီးစုံ ကျပ် ၁၇၀၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၁၉၅၀၀၊ အာမို (၁၆း၁၆း၈)ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက် ကျပ် ၂၇၈၀၀၊ မြွားကမ္ဘာ ကျပ် ၁၇၀၀၀၊ မြွား(၁၅း၉း၈) က ကျပ် ၂၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** စိုက်ပျိုးရာသီမရောက်သေးသည်က တစ်ကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ဆင်နွှဲနေကြခြင်းကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် အရောင်းအဝယ်က တော်တော်ပါးပြီး ဈေးလည်းငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၇၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၄၀၅၀၀၊တီစူပါ၁၀း၁၀း၅(တရုတ်)ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၇၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၉၂၀၀၊ ရွက်ဖျန်း ကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၁၆၈၄၃ တန်ဖိုးရှိနို့ဆီ ၄၅၇ဒသမ၈၈၆တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၉၅ ဒသမ ၂၃ တန်နှင့် စင်ကာပူနိုင်ငံမှ ၂၆၂ ဒသမ ၆၅၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ အယ်လ်ပိုင်း၊ ဒွန်းနှင့် Hawk တို့ဖြစ်သည်။

ယခင်သီတင်းပတ်က နို့ဆီ ၃၇၂ ဒသမ ၀၉၆ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၈၀ ကျော်တင်သွင်းမှု ပိုခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ၁၁၅၀၃၁၀ တန်ဖိုးရှိ နို့မှုန့်၃၈၅ ဒသမ ၀၂၇ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ယူကရိန်းနိုင်ငံမှ တန်ချိန် ၁၀၀ နှင့် နယူးဇီလန်နိုင်ငံမှ ၂၈၅ ဒသမ ၀၂၇ တန် တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့မှုန့် ၅၃၃ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၄၇ဒသမ ၉၇၃ တန်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီတင်သွင်းမှုပိုခဲ့ပြီး နို့မှုန့် တင်သွင်းမှုလျော့နည်းခဲ့သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၁ မှ ၈/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၀ မှ ၁/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၁.၂၀ | ၉၅.၄၀ | (-) | ၃၄.၂၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၇၅၀၀.၀၀ | ၃၁၅၀.၀၀ | (+) | ၄၃၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၄၇၀၀.၀၀ | ၂၄၀၀.၀၀ | (+) | ၂၃၀၀.၀၀ |
| | စုစုပေါင်း | ၁၂၂၆၁.၂၀ | ၅၆၄၅.၄၀ | (+) | ၆၆၁၅.၈၀ |

အေးအေးသန့်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၁၁ မှ ၈/၁၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၀ မှ ၁/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၀၃၉.၄၅ | ၂၆၈၇.၈၂ | (+) | ၃၅၁.၆၃ |
| ၂။ | လွယ်ဂျယ် | ၅၉၉.၈၀ | ၂၆၇.၀၀ | (+) | ၃၃၂.၈၀ |
| ၃။ | ချင်းရွှေဟော် | ၆၁၅၅.၁၅ | ၇၇၄၂.၇၅ | (-) | ၁၅၈၇.၆၀ |
| ၄။ | ကန်ပိုက်တီ | ၇၂၃.၀၀ | ၈၇၇.၀၀ | (-) | ၁၅၄.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | ၈၀၀.၀၀ | - | (+) | ၈၀၀.၀၀ |
| | စုစုပေါင်း | ၁၁၃၁၇.၄၀ | ၁၁၅၇၄.၅၇ | (-) | ၂၅၇.၁၇ |

ခင်မိုးသူ

# ကုန်သွယ်မှုပိုမိုဆောင်ရွက်နိုင်ခဲ့သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ပို့ကုန် ၂၆၇ ဒသမ ၃၈၆ ဒေါ်လာသန်း၊ သွင်းကုန် ၁၄၉ ဒသမ ၅၀၉ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၄၁၆ ဒသမ ၈၉၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာ ထားချက်အပေါ် ၁၁၄ ဒသမ ၂၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် ၆၇ ဒသမ ၅၀ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၃၄ ဒသမ၁၉၆ဒေါ်လာသန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ၁၀၁ ဒသမ ၆၉၆ ဒေါ်လာသန်း ပိုမိုခဲ့သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ကုန်သွယ်မှုပမာဏမှာ ကာလ တူ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ရာတွင် ပို့ကုန်ပိုင်းအနေဖြင့် ဆန်၊ ပြောင်းဖူးစေ့၊ ရော်ဘာနှင့်ရေထွက် ပစ္စည်းများ လျော့နည်းခဲ့သော်လည်း ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ကြက်သွန်နီ၊ ဖရဲသီး၊ သခွားမွှေးများ ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သော မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းဖြစ်သော သားရေနှင့် သားရေအတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ သုတ်ဆေးများ၊ ကုန်ထုတ်စက္ကူများပိုမို တင်သွင်းနိုင်ခဲ့သောကြောင့် ကာလတူထက် ကုန်သွယ်မှုပမာဏပိုမိုရခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ကုန်သွယ်မှုပမာဏကို အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် ၄၆ ဒသမ ၉၃၄ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၁၂ ဒသမ ၀၀၁ ဒေါ်လာသန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ၅၈ ဒသမ ၉၃၅ဒေါ်လာသန်းပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုပမာဏပိုမိုရခြင်းမှာ ပို့ကုန်အနေဖြင့် လယ်ယာထွက်အုပ်စုတွင် ဆန်၊ ဆန်ကွဲ၊ နှမ်း၊ ဖရဲသီး၊ သခွားမွှေး၊ နှံစားပြောင်းများ၊ ရေထွက်ပစ္စည်းအုပ်စုတွင် ငါးမျိုးစုံ၊ ပုစွန်ခြောက်၊ ပုစွန်များ၊ သတ္တုတွင်းထွက်အုပ်စုတွင် ကျောက်စိမ်း၊ အင်ကြင်းကျောက်၊ ဇင့်အောက်ဆိုဒ်သတ္တုများ ပိုမိုတင်ပို့နိုင်ခဲ့သောကြောင့် လည်းကောင်း၊ သွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုဖြစ်သော သားရေ၊ သားရေအတုဖြင့်ပြုလုပ်သော ပစ္စည်းများ၊ သုတ်ဆေး၊ ချည်ခင်များပိုမိုတင်သွင်းနိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုတွင် မိမိဘက်မှ အဓိကတင်ပို့နေသော လယ်ယာထွက်ပစ္စည်းများဖြစ်သည့် ဆန်၊ ပြောင်း၊ ရော်ဘာ အမယ်များအနေဖြင့် တစ်ဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့် စည်းကြပ်သည့် အခွန်နှုန်းထားများအရ ဈေးကွက်ဝယ်လိုအားရှိသလောက် တင်ပို့နိုင်ခဲ့ခြင်းမရှိကြောင်းနှင့် ယခင်ကာလများက တင်ပို့နိုင်ခဲ့ခြင်း မရှိဖူးသေးသော အမယ်သစ်ပို့ကုန်တမာကြိတ်မှုန့်နှင့် သကြားရည်များကိုလည်း တစ်ဖက်နိုင်ငံဈေးကွက်သို့ တိုးချဲ့ထိုးဖောက်တင်ပို့နိုင်ခဲ့ကာ ဝယ်လိုအားအရ ဆက်လက်တင်ပို့ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ဘဏ္ဍာနှစ်သစ်အစ ပထမလတွင် ကုန်သွယ်မှုမှာ ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် ယခုနှစ် အနီးစပ်ဆုံးကာလထက်ပါ ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး နယ်မြေဒေသတွင်း တည်ငြိမ်အေးချမ်းမှုများ၊ တစ်ဖက်နိုင်ငံ၏ မူဝါဒနှင့် ကုန်သွယ်မှုလုပ်ငန်း လွယ်ကူချောမွေ့စေရေးဆိုင်ရာ အခြေခံအချက်များအပေါ် မူတည်လျက် နောက်လာမည့်ကာလများတွင်လည်း ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ကျော်သူဝင်း(မာတာ)**

# အလားအလာကောင်းသည့် ဖရဲသခွား

သီတင်းကျွတ်လို့ မိုးလေကင်းလာတဲ့ ခုလိုအချိန်ရောက်တိုင်း ကွတ်ခိုင်တောင်တန်းတွေကို အားမာန်နဲ့တက်ပြီး မူဆယ်ကိုရောက်လာနေကြ သီးနှံကတော့ ဖရဲ သခွားပဲ ဖြစ်ပါတယ်။ ဝယ်လက်တရုတ်ကလည်း သူတို့ကိုယ်တိုင် ပြည်တွင်းမှာ ရင်းနှီးပြီး စိုက်ပျိုးထုတ်လုပ်လာသလို မြန်မာပြည်ကထွက်သမျှ ဖရဲသီးတွေကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ သစ်သီးဝလံကုန်စည်ဒိုင်မှာ ဈေးနှုန်းလေးတွေချိန်ဆပြီး ဝိုင်းအားပေးနေကြဆိုတော့ နှင်းတွေဝေနေတုန်း နံနက်ပိုင်းကပင် စတင်ပြီး စည်ကားလို့နေပါတယ်။

ဖရဲသခွားတွေဆိုတာကလည်း မြန်မာပြည်အနှံ့ကဆိုရလောက်အောင် ဝမ်းတွင်း၊ မိတ္ထီလာ၊ သာစည်၊ သီပေါ၊ သိန်းနီ၊ ကျောက်ဆည်၊ တံတားဦး၊ ကျောင်းကုန်း၊ ပုလိပ်၊ လှည်းကူး၊ ချောင်းဦးတို့က ထွက်သမျှဟာ ဝယ်လက်ရှိရာ အရှေ့မြောက်အရပ်ဆီကိုသာ ဦးတည်လာနေရာ တရုတ်ဝယ်လက်တွေက မူဆယ်သစ်သီးဒိုင်တွေက စောင့်ဝယ်နေကြတော့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှာ တန်ချိန် ၇၃၀၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀ သန်းကျော်၊ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်မှာ တန်ချိန် ၇၁၀၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀ သန်းကျော် တင်ပို့လာနိုင်ခဲ့တာတွေ့ရပါတယ်။ ဒီနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ရဲ့ ကနဦးတာထွက်မှာတော့ ဖရဲဈေးက အမြင့်ဈေးနဲ့တစ်တန်ကို ယွမ် ၁၄၀၀ ဈေးပေါက်ခဲ့တော့ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်တင်ပို့သူတွေအတွက် အတော်လေးတွက်ခြေကိုက်တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ဒီနှစ်ရဲ့ဖရဲစိုက်ရာသီမှာမိုးများတော့ ဖရဲအလုံးလှပေမယ့် အရည်အသွေး အနည်းငယ်ကျတာကြောင့် ဖရဲတွေလှိုင်လှိုင်ပေါ်ချိန်မှာတော့ တစ်တန်ကို ယွမ် ၁၁၀၀ ဈေးအနည်းငယ်ကျဆင်းလာတာတွေ့ရပါတယ်။ ဒါပေမဲ့ အလုံးလှ အရည်အသွေးကောင်းတဲ့ ဖရဲတွေကတော့ အဝယ်လိုက်နေတုန်းပါပဲ။ အရည်အသွေးတွေ ထိန်းနိုင်ရင် ဆက်လက်လည်း တင်ပို့နိုင်ဦးမှာပါ။

ဖရဲသခွားဆိုတဲ့အမျိုးကလည်း စတင်စိုက်ပျိုးတဲ့အချိန်ကစပြီး ဂရုစိုက်ရတာဖြစ်ပြီး ဆွတ်ချိန်တန်ပြီဆိုရင်လည်း ဆွတ်မှ၊ မဆွတ်ရင်လည်း အရည်အသွေးက ကျသွားပြန်၊ ဆွတ်ပြီးရင်လည်း အမြန်ပို့ဦးမှ၊ ဆွတ်ချိန်မတန်ခင် ဆွတ်ပြန်ရင်လည်း နုမည့်အသီးကို ဝယ်လက်က မကြိုက်သလို ဖရဲအရည်အသွေးကိုလည်း လက်နဲ့ပုတ်ကြည့်တာနဲ့ သိကြလေတော့ စတင်စိုက်ပျိုးချိန်ကနေ ရောင်းချတဲ့အချိန်အထိ ဈေးကောင်းရအောင် အတော်ချိန်ဆရတဲ့သဘောရှိနေပါတယ်။

လက်ရှိ ဖရဲအမျိုးအစားအလိုက် ဈေးနှုန်းကတော့ အကျားသီး တစ်တန် ယွမ် ၈၅၅၊ ရှမ်းပြည်ထိပ်စသီး တစ်တန် ယွမ် ၁၄၀၀/၁၅၀၀ ထိ၊ သာမန်အလတ်စ/အောက်စသီးများ အစီးပြတ်၊ မြန်မာပြည်ထိပ်စသီး တစ်တန် ယွမ် ၁၀၀၀/၁၁၀၀ အထိရှိကြောင်း၊ လုပေါင်းနှင့်အဖြူသီးမှာ အစီးပြတ် ယွမ် ၅၀၀၀မှ ၁၂၀၀၀ အတွင်းရှိကြောင်း၊ တရုတ်ငွေဈေး တစ်ယွမ် ၂၁၂ ကျပ် ဝန်းကျင်ရှိကြောင်းသိရသည်။ ယခုနှစ်ရဲ့ ဖရဲရာသီမှာ တာထွက်ကောင်းခဲ့သလို အထွက်လည်းကောင်းခဲ့တာကြောင့် ယခင်ကာလတူနှင့်နှိုင်းယှဉ်ရင် ၂၀၁၉ ခုနှစ်ရဲ့ အောက်တိုဘာလတစ်လတည်းမှာပဲ ယခင်နှစ်ကာလတူထက် ဖရဲတန်ချိန် ၁၅၁၁၄ ဒသမ ၅၀ တန်၊ တန်ဖိုး ၁ ဒသမ ၃ ဒေါ်လာသန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ဖရဲကားတွေက တစ်နေ့ကို ပျမ်းမျှ အစီးရေ ၁၅၀ မှ ၂၀၀ အထိ ဝင်ရောက်ပြီး နေ့စဉ်ဈေးနှုန်းအခြေအနေပေါ် မူတည်ပြီး တရုတ်ဘက်ကို တင်ပို့နေတာ တွေ့ရတဲ့အပြင် တရုတ်ဈေးကွက်မှာလည်း မကြာမီရင်းတို့ဒေသထွက် ဖရဲလက်ကျန်တွေကုန်တော့မှာဖြစ်တဲ့အတွက် ဆက်လက်တိုးတက်တင်ပို့လာနိုင်ဦးမယ့် အခြေအနေတွေရှိတာကြောင့် အလားအလာကောင်းသည့် ဖရဲသခွားဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ဝင်းနိုင်(မူဆယ်)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၁၁-၂၀၁၉) *ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၀၀၀ | ▽ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၈၀၀ | ၆၈၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၅၀ | △ |
| မုံရွာ | ၆၇၀၀ | ၆၅၀၀ | ▽ | ၅၅၀၀ | ၆၅၀၀ | △ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၁၅-၁၁-၂၀၁၉ US$/Ton

| အမျိုးအစား | အောက်တိုဘာပဥ္စမပတ် | နိုဝင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၇၄.၀၀ | ၆၀၇.၅၀ | △ |
| RBD P.Olein | ၅၇၇.၅၀ | ၆၀၈.၅၀ | △ |
| RBD P.Stearin | ၅၇၁.၅၀ | ၆၀၂.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၁၁-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၉၇.၇၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၈၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၂.၁၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၆.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၃ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၇၆၀.၈၀၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၁၁-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 645 ဒေါ်လာနှင့် USD ဈေး ၁၅၁၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၅-၁၁-၂၀၁၉ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## တမူးနယ်စပ်မှ အိန္ဒိယသို့ တစ်ပတ်အတွင်း တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများ၏တန်ဖိုး

နိုဝင်ဘာ ၂ ရက်မှ ၈ရက်အတွင်း တမူးနယ်စပ်မှ အိန္ဒိယသို့တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်း အမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ကြမ်း ပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ကုလားပဲ၊ စားတော်ပဲ၊ ဖာလာစေ့၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ စွန်ပလွံခြောက်၊ ပြောင်းဖူးစေ့နှင့် ကြက်သွန်ဖြူတို့၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း သုညဒသမ ၉၉၄၊ စက်မှုကုန်ကြမ်းပစ္စည်းမှာ စီးကရက်၊ သကြားဖြူ ဘိလပ်မြေဖြစ်သည်။ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ၀၈၄ နှင့် နန့်ဖာလုံဈေးမှ အခြားပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ ၂၉၅ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း တင်ပို့ခဲ့သည့်ပစ္စည်းများ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၃၇၃ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း တင်ပို့ခဲ့သည့် ပစ္စည်းများ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း သုည ဒသမ၉၂၁တင်ပို့နိုင်ခဲ့ကာ ယခုတစ်ပတ်အတွင်း ဒေါ်လာသန်းပေါင်း သုည ဒသမ ၄၅၂ တန်ဖိုး ပို့တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ငွေလဲလှယ်မှုနှုန်းမှာ တစ်ရူပီးလျှင် မြန်မာကျပ်ငွေ ၂၀/၂၁ ကျပ်ခန့်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ်**
**(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## တည်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ) ကျပ် ၁၀၀၀ မှ ၁၄၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၃၀၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၄၅၀ မှ ၆၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၀၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၂၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ မုန်ညှင်း (ထုပ်) ကျပ် ၁၂၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၂၄၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၂၀၀၊ ချင်း (ပိဿာ)ကျပ် ၃၀၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၂၀၀၊ ရုံပတီသီး(တောင့်) ကျပ် ၁၀ မှ ၁၈အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၈၀ မှ ၂၅၀အတွင်း၊ ချဉ်ပေါင်ရွက် (စီး)ကျပ် ၅၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၈၀ မှ ၁၂၀ အတွင်း၊ သံပရာသီး (လုံး) ကျပ် ၃၀ မှ ၆၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၁၀၀ မှ ၂၂၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၆၀၀ မှ ၂၀၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၁၅၀၀ မှ ၃၀၀၀ အတွင်း၊ ဖရဲသီး(လုံး) (ကြီး/လတ်/ သေး)ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ယခုရက်သတ္တပတ်အတွင်း ကြက်သွန်နီ(ဆိပ်ဖြူ)၊ ကြက်သွန်ဖြူ (ရှမ်း)၊ ကန်စွန်းရွက်၊ ခရမ်းသီး(ရှည်)၊ ပဲသီးနှင့် ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့မှာ ဈေးအနည်းငယ်တက် နေခဲ့ကြောင်း သိရသည်။ တည်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၃၄၅၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၆၀၃၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၃၇၅၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၃၀၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၈၀၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၆၂၅၀၀ ကျော်နှင့် မုန်ညင်း (ထုပ်) ပေါင်း ၂၁၅၀၀ ကျော်၊ ဖရဲသီးအဝင်စုစုပေါင်း ၁၉၅၀၀၀ ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ (ရန်ကုန်)**

## ပဲတီစိမ်း (အညာ) ဈေး ယခင်လထက် ပိုကောင်း

မန္တလေး ကုန်စည်ဒိုင်ဈေးကွက်တွင် ပဲတီစိမ်း (အညာ) ကို တရုတ်ဈေးကွက်သို့ တင်ပို့မှုများရှိနေ၍ ယခင်လထက် ဈေးမြင့်တက်လာခဲ့ကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

ပဲတီစိမ်း(အညာ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၀၀၀၀၀ မှ ၁၀၆၀၀၀၊ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ် ကျပ် ၁၀၀၀၀၀မှ ၁၀၆၀၀၀၊ ယခင်လကျပ် ၉၅၀၀၀ မှ ၁၀၄၀၀၀၊ ယခင်နှစ် ကျပ် ၈၆၀၀၀မှ ၉၉၀၀၀၊ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးငြိမ်နေသည်။ ယခင်လထက် ကျပ် ၂၀၀၀ မှ ၅၀၀၀ ၊ ယခင်နှစ်ကာလတူဈေးထက် ကျပ် ၇၀၀၀ မှ ၁၄၀၀၀ ဈေးမြင့်တက်လာခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ပဲတီစိမ်း (ရွှေဝါ) ၅၆ ဒသမ ၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၃၀၀၀ မှ၁၁၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၃၀၀၀ မှ ၁၁၅၀၀၀၊ ယခင်လ ကျပ် ၁၁၃၀၀၀ မှ ၁၁၅၀၀၀၊ ယခင်နှစ် ၁၀၅၀၀၀၊ ယခင်တစ်ပတ် ယခင်လအတိုင်း ဈေးငြိမ်နေပြီး ယခင်နှစ်ထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှု ဗဟိုဌာန)**

## မကွေးကုန်စည်ဒိုင်တွင် ကုလားပဲ(929/HL) ဈေးမြင့်တက်လာ

မကွေးတိုင်း ဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်တွင် မကွေးကုန်စည်ဒိုင်၌ ကုလားပဲများ ဈေးမြင့်တက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုလားပဲဈေးမြင့်လာရခြင်းမှာ ကုလားပဲစိုက်ပျိုးချိန်ဖြစ်၍လည်းကောင်း အရည်အသွေးနှင့် ဝယ်လိုအားကြောင့်လည်းကောင်း ဈေးမြင့်လာပြီး ယခုတစ်ပတ် နိုဝင်ဘာ ၁၃ ရက်တွင် ကုလားပဲ(929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၇၂၀၀၊ ကုလားပဲ (HL) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

နိုဝင်ဘာ ၆ ရက်တွင် ကုလားပဲ (929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၆၃၀၀၊ ကုလားပဲ(HL) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၆၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်နှင့်နှိုင်းယှဉ်ပါက ကုလားပဲ(929)၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၉၀၀၊ ကုလားပဲ (HL) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၅၀၀ စီ ဈေးမြင့်တက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင်**
**(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**



## မော်လမြိုင်မြို့ပေါ်ရှိ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

မော်လမြိုင်မြို့ပေါ်တွင် အောက်တိုဘာ ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၅၀၀၀၊ ပဲလွန်း ကျပ် ၂၂၀၀၀၊ မတ်ပဲကျပ် ၃၂၀၀၀၊ ဘိုကိတ် ကျပ် ၂၁၀၀၀၊ ပဲထောပတ် ကျပ် ၃၈၀၀၀ နှင့် ပဲပုပ် ကျပ် ၂၂၀၀၀ ရှိကြောင်းသိရှိရသည်။

ယခု နိုဝင်ဘာ ၁၃ ရက်တွင် ပဲတစ်တင်းဈေးနှုန်းမှာ ပဲတီစိမ်း ကျပ် ၃၆၂၀၀ ၊ ပဲလွမ်း ကျပ် ၂၂၀၀၀ ၊ မတ်ပဲ ကျပ် ၃၄၂၀၀၊ ဗိုလ်ကိတ် ကျပ် ၂၃၃၀၀၊ ပဲထောပတ် ကျပ် ၃၉၆၀၀ နှင့် ပဲပုပ်ကျပ် ၂၂၇၀၀ ဖြစ်ပေါ်နေသည့်အတွက် လက်ကျန်နည်းပါးနေသော ပဲလွမ်းတစ်မျိုးတည်းသာ ယခင်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေပြီး ပဲတီစိမ်းတစ်တင်း ကျပ် ၁၂၀၀၊ မတ်ပဲတစ်တင်း ကျပ် ၂၀၀၀၊ ဗိုလ်ကိတ်တစ်တင်း ကျပ် ၂၃၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၇၀၀ ဖြင့် အသီးသီးဈေးနှုန်းတက်နေကြောင်း၊ ဆောင်းသီးနှံမျိုးစုနေချိန်ဖြစ်သည့်အတွက် ဈေးနှုန်းတက်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်တွင်း ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း ပဲဈေးကွက်မှ လေ့လာသိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

## မုံရွာကြက်သွန်နီ ဈေးမြင့်တက်လျက်ရှိ

ယခုတစ်ပတ် မုံရွာမြို့၏ ကြက်သွန်နီဈေးကွက်အခြေအနေမှာဈေးမြင့်တက်လျက်ရှိပြီး ကြက်သွန်နီများမှာ အောက်တိုဘာလထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အများအပြားဝယ်ယူ၍ ဈေးမြင့်တက်လာကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ကြက်သွန်နီများ ဈေးမြင့်၍ ပြည်ပဝယ်လက်နည်းသော်လည်း လက်ကျန်မှာနည်းပါးလာ၍ ဈေးနှုန်းမှာကျဆင်းမှုမရှိဘဲ ဆက်လက်မြင့်တက်လာသည်။ မိုးကြက်သွန်နီများ အဝင်နောက်ကျမည်ဖြစ်ကာ ယခင်နှစ်တွင် နိုဝင်ဘာလတွင် စတင်ပေါ်သော်လည်း မိုးခေါင်သောကြောင့် နှစ်ခါပြန်စိုက်ရ၍ ဒီဇင်ဘာလကုန်လောက်တွင် စတင်ပေါ်မည်ဟု သိရသည်။

မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာလည်း ပိဿာ ၁၀၀၀၀ ခန့်သာ အဝင်ရှိပြီးဈေးမြင့်၍ ဒေသတွင်း စားသုံးသူဝယ်လက်များလည်း အဝယ်နည်းလာကြောင်း သိရသည်။ ယခုတစ်ပတ် ကြက်သွန်နီပေါက်ဈေးနှုန်းမှာ လက်ကားဈေး တစ်ပိဿာ (ကြီး၊လတ်၊သေး) ကျပ် ၂၃၀၀၊ ၂၅၀၀၊ ၂၈၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး၊ လတ်၊ သေး) ကျပ် ၂၈၀၀၊ ၃၀၀၀၊ ၃၅၀၀ နှုန်းပေါက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ဝင်း**

# သဇင်မြေကုန်သွယ်မှုဇုန်ဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၁၀၄၅ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ကြက်သွန်နီ ၁၁၄၂ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကြက်သွန်နီတင်ပို့နိုင်မှု လျော့နည်းသွားကြောင်းသိရသည်။ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့နိုင်မှုငွေပမာဏမှာ ၄၇၇၈၁၅ ဒေါ်လာတင်ပို့မှုရှိခဲ့ သည်။

နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆီးသီးခြောက် တန် ၃၀ တင်ပို့ခဲ့သည်။

ယခင်တစ်ပတ်က ဆီးသီးခြောက် ၁၀၈ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ဆီးသီးခြောက်တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ဆီးသီးခြောက်တင်ပို့နိုင်မှုငွေပမာဏမှာ ၇၈၂၄၃၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုဝင်ဘာ ၂ ရက်မှ ၈ ရက်ထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ဆီးဖတ်၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ ချင်း(အစို)၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁၈၆၉၂ ဒသမ ၅၁ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သိရသည်။

**နီလာ (သဇင်မြေကုန်သွယ်မှုဇုန်ဟိုဌာန)**

# မြေပဲလုံးဆန်ဖြူ အဝယ်သွက်၍ ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ်အတွင်း ဆီထွက်သီးနှံဖြစ်သည့် မြေပဲလုံးဆန်များ မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ ကနီ စသည့်မြို့နယ်များမှ ဝင်ရောက်လျက်ရှိပြီး မြေပဲလုံးဆန်ဖြူကို အဝင်ရှိသလောက် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိ၍ ဈေးလည်းမြင့်တက်လာကြောင်း သိရသည်။

မြေပဲလုံးဆန်နီနှင့် ဆီဆန်ဖြူကို ဒေသတွင်းဝယ်လက်များဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၂၆၀၀ မှ ၂၇၀၀၊ လုံးဆန်(နီ) ကျပ် ၃၂၀၀မှ ၃၃၇၅၊ ဆီဆန် ကျပ် ၂၄၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ မုံရွာကုန်စည်ဒိုင်၏ ဆီပေါက်ဈေးနှုန်းများမှာ မြေပဲဆီ တစ်ပိဿာ ကျပ် ၅၄၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၆၂၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၈၃၀ မှ ၁၈၅၀ နှုန်းပေါက်လျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဇုန်ဟိုဌာန)**

# ဈေးအနည်းငယ် မြင့်တက်လာသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး နိုဝင်ဘာ ၁၅ ရက်တွင် အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ အာလူး A1 ကျပ် ၇၅၀၊ အာလူး OK ကျပ် ၉၀၀၊ အာလူး S1 ကျပ် ၁၀၀၀၊ အာလူး S2 ကျပ် ၁၁၀၀ ဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် အာလူး A1 ကျပ် ၂၅၀၊ အာလူး S2 ကျပ် ၃၅၀၊ အာလူး OK နှင့် S1 မှာ ကျပ် ၃၃၀ ခန့်စီ ဈေးနှုန်းမြင့်တက်လာကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင် ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးအရေ ခုနစ်စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးအရေ စုစုပေါင်း ၃၄ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ပျမ်းမျှ ပိဿာချိန် ၄၀၈၀၀ ခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ပိဿာ ၂၀၄၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရှိရသည်။

**ရွှေဝါထွန်း**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# ဝဥသီးနှံ ဈေးကွက်သို့ အဝင်နည်းသော်လည်း ဈေးကောင်းရနေ

ကရင်ပြည်နယ် ဘားအံဈေးကွက်တွင် ယခုတစ်ပတ်၌ ဒေသထွက် ဝဥသီးနှံအစိုအနေဖြင့် ဈေးကွက်သို့ဝင်ရောက်မှု နည်းသော်လည်း ဈေးကောင်းရနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဝဥသီးနှံအစိုအနေဖြင့် ဈေးကွက်ထဲသို့ စက်တင်ဘာလဆန်းတွင် စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ကျပ် ၁၆၀၀ ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းတွင် ဝဥသီးနှံအစိုက ဈေးကွက်သို့ တရိပ်ရိပ်ဖြင့် ဆက်တိုက်အဝင်ရှိသော်လည်း ဈေးက တစ်ပိဿာ ကျပ် ၁၆၀၀ ဝန်းကျင်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ယခင်နှစ်က ဝဥအစိုသီးနှံအနေဖြင့် အဖွင့်ဈေးက တစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ပိတ်ချိန် တွင် တစ်ပိဿာ ကျပ် ၁၈၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း၊ ယခုနှစ်မှာ ဝဥသီးနှံအစိုအနေဖြင့် တစ်ပိဿာကို ကျပ် ၁၆၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ယခုတစ်ပတ်မှာ ဝဥသီးနှံအစို အဝင်ပါးသွားသော်လည်း ဈေးမြောက်လာပြီး တစ်ပိဿာကို ကျပ် ၂၁၀၀ အထိဈေးကောင်းရနေကြောင်း သိရသည်။ ဝဥ(အခြောက်) အနေဖြင့် တစ်ပိဿာကို ကျပ် ၁၃၀၀၀ ဖြင့် ဈေးဖွင့်အဝယ်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ခင်မောင်မောင်အုန်း(ဇွဲကပင်ကုန်သွယ်မှုဇုန်ဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် နှမ်းနက် (စမုံ/ဂွနက်)နှင့် နှမ်းဖြူဈေးတက်

မကွေးတိုင်းဒေသကြီးအတွင်း ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းနက်(စမုံ/ဂွနက်)၊ နှမ်းဖြူဈေးတက်သွားသည်။

မကွေးကုန်စည်ဒိုင်တွင် ယခုတစ်ပတ် နိုဝင်ဘာ ၁၃ ရက် နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၂၄၇၀၀၀၊ ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် အလတ်စ ကျပ် ၂၃၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် အောက်စ ကျပ် ၁၄၈၀၀၀၊ နှမ်းဖြူရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၄၅၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခင်တစ်ပတ် နိုဝင်ဘာ ၆ ရက်နှင့် နှိုင်းယှဉ်ပါက နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၂၀၀၀၊ ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၇၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၀၀၀ စီ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇုန်ဟိုဌာန)**



# ဈေးကွက်ထဲ ရောက်ရှိလာသည့် ကောက်စောဆန်

ကချင်ပြည်နယ် မိုးညှင်းနှင့် မိုးကောင်းမြို့နယ်များတွင် ကောက်စောစပါးများထွက်ရှိ၍ ဈေးကွက်ထဲသို့ ဆန်သစ် (ကောက်စောဆန်)များ ရောက်ရှိလာပြီး ယင်းမြို့နယ်များသည် ကချင်ပြည်နယ်၏ ဆန်/စပါးအများဆုံးထွက်ရှိသော မြို့နယ်များဖြစ်ပြီး ကောက်စောစပါးများလည်း စတင်ထွက်ရှိသည်ကိုတွေ့ရှိရသည်။

ယခုကောက်စောစပါးမှာ တစ်ဧက တင်း ၆၀/၇၀ ခန့်ထွက်ရှိကြောင်း သိရှိရသည်။ လက်ရှိစပါးဈေးနှုန်းမှာ စပါးတင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပြီး ဆန်ဈေးကွက်ထဲတွင် ကောက်စော ဆင်း(၃) ဆန်ဈေးနှုန်းအနေဖြင့် တစ်အိတ်လျှင်ကျပ် ၂၅၀၀၀ ဈေးရှိသည်ကို တွေ့ရ၍ ဆင်း(၃)ဆန် အဟောင်းတစ်အိတ် ကျပ် ၃၂၀၀၀ ဈေးရောင်းချလျက်ရှိကြောင်းတွေ့ရှိရသည်။

**ဌေးလှိုင် (မနောမြေ ကုန်သွယ်မှုဇုန်ဟိုဌာန)**

# ဒုတိယအကြိမ် လက်ဖက်ပွဲတော်နှင့် ဒေသထွက်ကုန်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ခနေဆုံဆည်းရာဖျော်ဖြေရေးကွင်း၊ ရွှေဥမင်ဘုရားဝင်း၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ဒုတိယအကြိမ် လက်ဖက်ပွဲတော်နှင့် ဒေသထွက်ကုန်ပြပွဲကို ကျင်းပသည်။

အဆိုပါပြပွဲကို ပင်းတယ လက်ဖက်ယဉ်ကျေးမှုစက်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ဦးဆောင်၍ လက်ဖက်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တန်ဖိုးမြင့်လက်ဖက်ထုတ်ကုန်များကို ပင်းတယဒေသသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များမှ တစ်ဆင့် ပိုမိုသိရှိရန်အတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင်လက်ဖက်နှင့်ပတ်သက်သည့် ထုတ်ကုန်များ၊ ကော်ဖီထုတ်ကုန်များ၊ ပျားရည်ထုတ်ကုန်များ၊ ရိုးရာအထည်များ၊ လက်မှုပစ္စည်းများ၊ အော်ဂဲနစ်သီးနှံထုတ်ကုန်များနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများမှ ပြခန်းပေါင်း ၁၀၀ ခန့်ပါဝင်ပြသကြောင်း သိရသည်။

**စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဇုန်ဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် မက္ကဆီကိုနိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ သီရိလင်္ကာ၊ ရုရှား၊ ဘာဘေဒို၊ ဒိန်းမတ်၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ကာတာ၊ တူရကီနှင့် ယူကရိန်း စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီးယား၊ အီတလီ၊ နော်ဝေ၊ ဂျာမနီ၊ တောင်အာဖရိက၊ ကနေဒါ၊ ဆွီဒင်နှင့် ဩစတြေးလျ စသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Costa Rica နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၃ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ရုရှား၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ ဂရိ၊ အိုက်စလန်၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်နှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် ၇၀ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အိန္ဒိယ၊ တောင်ကိုရီးယား၊ ခရိုအေးရှား၊ ယူကရိန်း၊ နယ်သာလန်၊ နော်ဝေ၊ ဂျာမနီ၊ တောင်အာဖရိကနှင့် နယူးဇီလန် စသည့်နိုင်ငံ ၁၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံ များတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၃ | ၀.၆၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၉ | ၀.၇၀ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၉ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းများ အနည်းငယ်ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဒေါ်လာဖြင့် လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။ ယခုတစ်ပတ်တွင် ထိုင်းဆန်ဈေးနှုန်းများ အနည်းငယ်ဈေးကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများတည်ငြိမ်နေခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးအနည်းငယ် ကျဆင်းခဲ့ပြီး ဧည့်မထ ၅ မှတ် ဆန်ဈေးများ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်ခြင်းသည် ထိုင်းဆန်ပို့ကုန်လုပ်ငန်းများ၏ အမြတ်ဝင်ငွေကို လျော့ကျစေခဲ့ပြီး ယခုနှစ် ထိုင်းဆန်တင်ပို့မှုမှာလည်း တန်ချိန် ရှစ်သန်းမှ ၈ ဒသမ ၁ သန်းသို့ လျော့ကျစေနိုင်ကြောင်း သိရှိရသည်။ ထိုင်းဆန်တင်ပို့မှုမှ အမြတ်ငွေ ဘတ်ငွေ ဘီလီယံ ၃၀ မှ ဘီလီယံ ၄၀ အထိ လျော့ကျခဲ့ပြီး ဆန်တင်ပို့မှု အလားအလာမှာလည်း အားပျော့နေဆဲဖြစ်ကြောင်း၊ ဘတ်ငွေတန်ဖိုး မြင့်တက်ခြင်းသည် ထိုင်းဆန်ကို ဗီယက်နမ်၊ တရုတ်နှင့် အိန္ဒိယဆန်တို့ထက် ဈေးနှုန်း ကြီးမြင့်စေခဲ့ခြင်းဖြစ်ကြောင်း ထိုင်းဆန် ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ChookiatOphaswongse ကပြောကြားခဲ့သည်ကို သိရှိရသည်။

ထိုင်းဆန်ဖြူဈေးသည် ဗီယက်နမ်ဆန်ထက် တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးပိုနေပြီး ဆန်လက်ကျန်များစွာရှိနေသော တရုတ်နိုင်ငံကလည်း အာဖရိကဈေးကွက်သို့ ဈေးသက်သာသည့် ဆန်များရောင်းချလျက်ရှိခြင်းကြောင့် ဆန်ဖြူတင်ပို့မှုမှာ သိသာစွာကျဆင်းခဲ့ကြောင်း သိရှိရသည်။ ထိုင်းဆန်တင်ပို့မှုသည် ယခင်နှစ်က တန်ချိန် ၁၁ ဒသမ ၂ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန်ရှစ်သန်းအထိ လျော့ကျလာဖွယ်ရှိကြောင်း၊ ထိုင်းဆန်ဖြူ တင်ပို့မှုမှာ ယခင်နှစ်က တန်ချိန် ၅ ဒသမ ၄၉ သန်းရှိခဲ့ရာမှ နှစ်အလိုက် ၃၅ ရာခိုင်နှုန်း လျော့ကျလာနိုင်ကြောင်း သိရှိရသည်။ ပုံမှန်အားဖြင့် နှစ်စဉ်ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၁၀ သန်း ဝန်းကျင်ခန့်ရှိပြီး ဆန်ဖြူတင်ပို့မှုမှာ စုစုပေါင်း ဆန်တင်ပို့မှု၏ ထက်ဝက်ခန့်ရှိကြောင်း၊ သို့ရာတွင် ယခုနှစ်၌ ဆန်ဖြူတင်ပို့မှုမှာ တန်ချိန် သုံးသန်းခန့်သာရှိနိုင်မည်ဖြစ်ကြောင်း Mr Chookiat ကပြောကြားခဲ့သည်။

ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းသည် ယခုနှစ် ဆန်တင်ပို့မှုကို အစောပိုင်းတွင် တန်ချိန် ၉ ဒသမ ၅ သန်းဟု ခန့်မှန်းခဲ့ရာမှ ဆန်ဖြူတန်ချိန် ၃ ဒသမ ၉ သန်း၊ ပေါင်းဆန် တန်ချိန် ၂ ဒသမ ၈ သန်း၊ ဟွန်မာလီဆန် ၁ ဒသမ ၃ သန်း၊ ဆန်မွှေး တန်ချိန် ခြောက်သိန်းနှင့် ကောက်ညှင်းဆန်တန်ချိန် လေးသိန်း အပါအဝင် စုစုပေါင်း တန်ချိန် ကိုးသန်းသို့ လျှော့ချခန့်မှန်းခဲ့သည် ကို သိရှိရသည်။ ဆန်တင်သွင်းသည့်နိုင်ငံများက ယခုနှစ်တွင် ဆန်တင်သွင်းမှုမူဝါဒများ ပြောင်းလဲခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသည် ပုဂ္ဂလိကလုပ်ငန်းများ၏ ဆန်တင်သွင်းမှုအခန်းကဏ္ဍကို တိုးမြှင့်ပေးခဲ့ရာ ဈေးကွက်ပြိုင်ဆိုင်မှု ပို၍မြင့်တက်လာခဲ့သည်ကို တွေ့ ရှိရသည်။

ထိုင်းနိုင်ငံတွင် မိုးခေါင်မှုဖြစ်ပေါ်ခြင်းကလည်း ထိုင်းဆန်ထုတ်လုပ်မှုကို လျော့ကျစေခဲ့ပြီး ဆန်ဈေးမြင့်တက်မှုကို ဦးတည်စေခြင်းဖြစ်ကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်။ ယခုနှစ် ပထမကိုးလအတွင်း ထိုင်းဆန်တင်ပို့ မှုမှာ နှစ်အလိုက် ၂၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ တန်ချိန် ၅ ဒသမ ၉ သန်းသာရှိခဲ့ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ တစ်လအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှ စုစုပေါင်း တန်ချိန် ၂၈၁၂၇၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆၁၄ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုင်ငံပေါင်း ၃၅ နိုင်ငံသို့ ဆန်တန်ချိန် ၁၄၆၄၂၅ တန် တင်ပို့နိုင်ခဲ့ရာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၂၃၅ သန်းရရှိခဲ့ကြောင်း သိရှိရသည်။ ဆန်ကွဲတင်ပို့မှုတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံသို့တင်ပို့နိုင်ခဲ့ပြီး ဆန်ကွဲ တန်ချိန် ၉၅၆၂၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၄၉ သန်း ရရှိခဲ့ကြောင်း ကုန်သွယ်မှုစာရင်းဇယားများအရ သိရှိရသည်။



ဆန်နှင့် ဆန်ကွဲတင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၃၉၂၃၀ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၃၀ သန်းခန့် ရရှိခဲ့ကြောင်း သိရှိရသည်။ ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဖြစ်ပြီး ၁၃ ရာခိုင်နှုန်း မှာနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆန်ကို တရုတ်၊ Madagascar၊ မလေးရှားနှင့် Cote D'Ivoire နိုင်ငံ များသို့ အများဆုံး တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို ဆီနီဂေါ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံနှင့် မာလီနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၇ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၅၃၀ မှ ၁၉၉၆၄ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ် ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၅၀ နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၆၂ | ၁.၃၅ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၈၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၁ | ၀.၈၈ |
| ၉ | လာအို | လီတာ | ၁.၂၁ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၃ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၄ ဒေါ်လာနှုန်းဖြင့် ၂၆ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဆူဒန် | လီတာ | ၀.၁၄ | ဟောင်ကောင် | လီတာ | ၂.၂၉ |
| ၂ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | Angola | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၀ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၆ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | C.A. Republic | လီတာ | ၁.၈၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဟောင်ကောင် | လီတာ | ၁.၈၇ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | ဇင်ဘာဘွေ | လီတာ | ၁.၈၆ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Iceland | လီတာ | ၁.၈၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Monaco | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၇၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၂ | ၀.၉၁ |
| ၂ | ဂျပန် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၆ | ၀.၉၅ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၈.၁၁.၂၀၁၉ | စည် | ၅၇.၁၅ |
| ၂ | ၁၁.၁၁.၂၀၁၉ | စည် | ၅၆.၈၆ |
| ၃ | ၁၂.၁၁.၂၀၁၉ | စည် | ၅၆.၈၀ |
| ၄ | ၁၃.၁၁.၂၀၁၉ | စည် | ၅၇.၁၂ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲ မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးသည် ဆက်တိုက်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပြီး နိုဝင်ဘာ ၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၁၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ဈေးနှုန်းအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၆၈ ဒေါ်လာသို့ ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် နှစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂ ဒေါ်လာခန့် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် နိုဝင်ဘာ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်၁၂၁၈၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာ ၁၄ ရက်တွင် ကျပ်၁၁၈၄၅၀၀ ပေါက်ဈေးရှိခဲ့ပြီး နှစ်ပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၃၃၅၀၀ ကျပ်ခန့် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်တွင် မူတည်၍လည်း ရွှေဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို အဓိက ရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရသည်။

နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၄ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၁.၂၀၁၉ | ၁၂၁၈၀၀၀ | ၁၅၁၀ |
| ၂ | ၂.၁၁.၂၀၁၉ | ၁၂၁၉၀၀၀ | ၁၅၁၅ |
| ၃ | ၃.၁၁.၂၀၁၉ | ၁၂၁၈၅၀၀ | ၁၅၁၅ |
| ၄ | ၅.၁၁.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၅၀၄ |
| ၅ | ၆.၁၁.၂၀၁၉ | ၁၂၁၁၀၀၀ | ၁၄၈၉ |
| ၆ | ၇.၁၁.၂၀၁၉ | ၁၂၀၆၀၀၀ | ၁၄၈၄ |
| ၇ | ၈.၁၁.၂၀၁၉ | ၁၂၀၀၀၀၀ | ၁၄၆၇ |
| ၈ | ၉.၁၁.၂၀၁၉ | ၁၁၉၆၀၀၀ | ၁၄၅၉ |
| ၉ | ၁၀.၁၁.၂၀၁၉ | ၁၁၉၄၀၀၀ | ၁၄၅၉ |
| ၁၀ | ၁၃.၁၁.၂၀၁၉ | ၁၁၈၈၅၀၀ | ၁၄၆၄ |
| ၁၁ | ၁၄.၁၁.၂၀၁၉ | ၁၁၈၄၅၀၀ | ၁၄၆၈ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၁၀-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၄၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၂-၁၁-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၃၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 12-Nov-19 | 12.70 cts/lb | 12.57 cts/lb | 330.35 $/T | 14.98 cts/lb |
| 11-Nov-19 | 12.68 cts/lb | 12.55 cts/lb | 333.90 $/T | 15.15 cts/lb |
| 8-Nov-19 | 12.67 cts/lb | 12.53 cts/lb | 335.75 $/T | 15.23 cts/lb |
| 7-Nov-19 | 12.53 cts/lb | 12.51 cts/lb | 327.70 $/T | 14.86 cts/lb |
| 6-Nov-19 | 12.67 cts/lb | 12.50 cts/lb | 338.50 $/T | 15.35 cts/lb |
| 5-Nov-19 | 12.82 cts/lb | 12.48 cts/lb | 345.50 $/T | 15.67 cts/lb |
| 4-Nov-19 | 12.64 cts/lb | 12.48 cts/lb | 342.00 $/T | 15.51 cts/lb |
| 1-Nov-19 | 12.60 cts/lb | 12.47 cts/lb | 339.35 $/T | 15.39 cts/lb |
| 31-Oct-19 | 12.59 cts/lb | 12.47 cts/lb | 338.50 $/T | 15.35 cts/lb |
| 30-Oct-19 | 12.52 cts/lb | 12.46 cts/lb | 339.45 $/T | 15.40 cts/lb |
| 29-Oct-19 | 12.47 cts/lb | 12.46 cts/lb | 337.45 $/T | 15.31 cts/lb |
| 28-Oct-19 | 12.64 cts/lb | 12.47 cts/lb | 339.15 $/T | 15.38 cts/lb |
| 25-Oct-19 | 12.44 cts/lb | 12.47 cts/lb | 335.40 $/T | 15.21 cts/lb |
| 24-Oct-19 | 12.39 cts/lb | 12.50 cts/lb | 334.15 $/T | 15.16 cts/lb |
| 23-Oct-19 | 12.25 cts/lb | 12.53 cts/lb | 332.45 $/T | 15.08 cts/lb |
| 22-Oct-19 | 12.30 cts/lb | 12.58 cts/lb | 334.40 $/T | 15.17 cts/lb |
| 21-Oct-19 | 12.38 cts/lb | 12.63 cts/lb | 335.45 $/T | 15.22 cts/lb |
| 18-Oct-19 | 12.42 cts/lb | 12.65 cts/lb | 334.65 $/T | 15.18 cts/lb |
| 17-Oct-19 | 12.35 cts/lb | 12.65 cts/lb | 337.10 $/T | 15.29 cts/lb |
| 16-Oct-19 | 12.45 cts/lb | 12.64 cts/lb | 339.65 $/T | 15.41 cts/lb |
| 15-Oct-19 | 12.70 cts/lb | 12.64 cts/lb | 345.55 $/T | 15.67 cts/lb |
| 14-Oct-19 | 12.61 cts/lb | 12.60 cts/lb | 343.30 $/T | 15.57 cts/lb |
| 11-Oct-19 | 12.52 cts/lb | 12.55 cts/lb | 338.85 $/T | 15.37 cts/lb |
| 10-Oct-19 | 12.52 cts/lb | 12.50 cts/lb | 338.20 $/T | 15.34 cts/lb |
| 9-Oct-19 | 12.53 cts/lb | 12.45 cts/lb | 340.75 $/T | 15.46 cts/lb |
| 8-Oct-19 | 12.59 cts/lb | 12.40 cts/lb | 340.25 $/T | 15.43 cts/lb |
| 7-Oct-19 | 12.65 cts/lb | 12.34 cts/lb | 339.35 $/T | 15.39 cts/lb |
| 4-Oct-19 | 12.89 cts/lb | 12.29 cts/lb | 345.00 $/T | 15.65 cts/lb |
| 3-Oct-19 | 12.86 cts/lb | 12.21 cts/lb | 341.35 $/T | 15.48 cts/lb |
| 2-Oct-19 | 13.00 cts/lb | 12.12 cts/lb | 344.30 $/T | 15.62 cts/lb |
| 1-Oct-19 | 12.97 cts/lb | 12.02 cts/lb | 345.40 $/T | 15.67 cts/lb |

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၆၆ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၅၁ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၁-၄၄၇၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၂၈-၅၈၇ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်း မြင့်တက်လာခဲ့ကာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ ကျဆင်းလျက်ရှိပြီး တရုတ်နိုင်ငံတွင် သကြားဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၃၄၂ ဒေါ်လာဖြစ်ကြောင်း လေ့လာသိရှိရသည်။

နိုဝင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၄၀၀ ဒေါ်လာ ရှိပြီး

စာမျက်နှာ ၁၇ သို့

# ယခုလအတွင်း Yangon Water Bus ကို ရေယာဉ်သစ်များဖြင့် ပြန်လည်ပြေးဆွဲမည်

နှစ်လနီးပါးကြာ အကြီးစား ပြင်ဆင်မှုများ ပြုလုပ်နေသည့် Yangon Water Bus ရေယာဉ်ပြေးဆွဲမှုများကို ယခုနိုဝင်ဘာလအတွင်း ရေယာဉ်အသစ်များ အသုံးပြု၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း Yagon Water Bus လုပ်ပိုင်ခွင့်ရထားသည့် တင့်တင့်မြန်မာကုမ္ပဏီမှ သိရသည်။

ယင်းသို့ ရပ်နားထားခြင်းသည် မိုးရာသီအတွင်း ဆိပ်ကမ်းများ ပျက်စီးနေခြင်းကို ပြုပြင်ရန်၊ ရေယာဉ်များ အကြီးစားပြုပြင်ရန်၊ ငမိုးရိပ်ချောင်းအတွင်း ပြေးဆွဲမည့် ရေယာဉ်များ တင်သွင်းရန်၊ ငမိုးရိပ်ချောင်း ဆိပ်ကမ်းများ ဆောက်လုပ်ခွင့် ရရှိရန်၊ သန်လျင်ဆိပ်ကမ်း ပြုပြင်ဆောက်လုပ်ရန်၊ ငွေပေးချေစနစ်သစ်အတွက် စက်များတပ်ဆင်ရန်တို့အတွက်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ရပ်နားထားခြင်းသည် အရှုံးပေါ်၍ မဟုတ်ဘဲ သဘော်နှင့် ဆိပ်ကမ်းများ အဆင့်မြှင့်တင်ရန် အတွက် ယာယီရပ်နားထားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က နိုဝင်ဘာ ၁၂ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ Yagon Water Bus အရှုံးပေါ်လို့ ရပ်နားထားတယ်လို့ ပြောဆိုတာကိုတော့ မသိပါဘူး။ ကျွန်တော်တို့ သိတာက ရေယာဉ်တွေ စစ်ဆေးခြင်း၊ နောက်တစ်ခါ ဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်ခြင်းအတွက် ရပ်ဆိုင်းထားတယ်ပဲ သိပါတယ်"ဟု ဦးလှအောင်က ပြောသည်။

Yagon Water Bus ၏ ထုတ်ပြန်ချက်အရ ခရီးသွားပြည်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ရရှိစေရန် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။ ပြန်လည်ဖွင့်လှစ်ချိန်တွင် အဆိုပါရေယာဉ်များတွင် စီးနင်းခကို ပေးချေရန် ငွေပေးမှုစနစ်ကို အသုံးပြုမည့်စက်များ တပ်ဆင်သွားရန်ရှိနေပြီး KBZ Pay ၊ CB Pay၊ Visa ၊ Master Card တို့နှင့် ပေးချေနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တင့်တင့်မြန်မာကုမ္ပဏီက လုပ်ပိုင်ခွင့်ရထားသည့် Yagon Water Bus ပြေးဆွဲမှုကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ဗိုလ်တထောင်ဆိပ်ကမ်း၊ နန်းသီတာ၊ လမ်းသစ်ဆိပ်ကမ်း၊ လှိုင်ဘူတာရုံလမ်း၊ အင်းစိန်ဆိပ်ကမ်း စသည့် ဆိပ်ကမ်းများတွင် ပြေးဆွဲပေးနေကြောင်း သိရသည်။

ထို့ပြင် ရေလယ်ကျောက်တန်း၊ တွံတေးနှင့် ရန်ကုန်မြစ်အတွင်း Sunset Cruise ခရီးစဉ်များကို ရုံးပိတ်ရက်များနှင့် အခါကြီးရက်များတွင် အထူးအစီအစဉ်များ အနေဖြင့် ပြေးဆွဲပေးနေပြီး ထပ်မံ၍ ခရီးစဉ် အသစ်များအဖြစ် လှိုင်သာယာ၊ ရွှေပြည်သာ၊ ဆိပ်ကြီးခနောင်တို၊ ကြည့်မြင်တိုင် တစ်ဖက်ကမ်းနှင့် သန်လျင်မြို့နယ်များအထိ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

**စာမျက်နှာ (၈) ထိန်းသိမ်းစို့လား . . . မှအဆက်**

ဆစ်ကျိုး များပြားခြင်းတို့အပြင် ဆန်ဖြစ်ပြီးမှ သယ်ယူပို့ဆောင်ချိန်နှင့် သိုလှောင်ချိန်တို့တွင် အစိုဓာတ်များစွာဖြင့် သိုလှောင်သယ်ယူခြင်းပြုပါက ဆန်မှိုတက်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်ခြင်း စသော အရည်အသွေးဆိုင်ရာ ပြဿနာများပါ ကြုံတွေ့ရမည်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် အရေအတွက်ဆိုင်ရာ လေလွင့်ဆုံးရှုံးခြင်း တန်ဖိုးများအပြင် အရည်အသွေးဆိုင်ရာ လေလွင့်ဆုံးရှုံးသည့်တန်ဖိုးများပါ ထပ်မံထည့်သွင်းပါက ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးခြင်းများသည် မည်မျှအထိ နိုင်ငံတော်နှင့် အမျိုးသားတစ်ရပ်လုံးအတွက်ပါ နစ်နာဆုံးရှုံးနိုင်သည်ကို တွက်ချက်ကြည့်နိုင်သဖြင့် အထွက်တိုးတက်ရန်ဆောင်ရွက်သကဲ့သို့ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးခြင်းများ မဖြစ်စေရေးအတွက်လည်း တောင်သူများ၊ ကုန်သည်ပွဲစားများ၊ သိုလှောင်သူများ၊ စက်ပိုင်ရှင်များ၊ လုပ်သားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များအပါအဝင် စားသုံးသူများက ပါပါဝင်ပြီး ဝိုင်းဝန်းဆောင်ရွက်ပေးမှသာ တိုးတက်မှုကိုရရှိမည် ဖြစ်ပါသည်။

### ထုတ်လုပ်သမျှအဖတ်တင်ရေး

တောင်သူများ၏ ချွေးဖြင့်ထုတ်လုပ်ထားသော သီးနှံအားလုံး ကို မွေးဖွားလိုက်သော သားသမီးများပမာ သဘောထားပြီး ပြုစုစောင့်ရှောက်မှသာ သီးနှံများကို လေလွင့်ဆုံးရှုံးမှုအနည်းပါးဆုံးနှင့် ထုတ်လုပ်သမျှ အဖတ်တင်စေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများသည် နည်းပညာပိုင်းအားနည်းခြင်းများက အဓိကဖြစ်သဖြင့် နည်းပညာပိုင်းများကို ပိုမိုအသုံးချနိုင်ရေး ဆောင်ရွက်ရန်နှင့် နည်းပညာများ ပိုမိုကျွမ်းကျင်တတ်မြောက်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်မှသာ တိုးတက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရနှင့်တောင်သူများ၊ ကုန်သည်ပွဲစားများနှင့် စားသုံးသူများပါမကျန် အတူတကွ ပူးပေါင်းကြိုးပမ်းကြမှသာ ကြီးမားသော ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။



# ထားဝယ်ပညာရေးကောလိပ်တွင် စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြော

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့်ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ထားဝယ်ပညာရေးကောလိပ်သို့ သွားရောက်ပြီး အမှတ်စဉ် (၆/၂၀၁၉) လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ကျွမ်းကျင်မှု ဒီပလိုမာ သင်တန်းသူ/သားများနှင့် ဆရာ/ဆရာမများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက စားသုံးသူရေးရာဦးစီးဌာနအကြောင်း၊ စားသုံးသူကာကွယ်ရေးပေါ်ပေါက်လာပုံ၊ ဌာနဖွဲ့စည်းပုံ၊ စားသုံးသူ အခွင့်အရေးအပြည့်အဝရရှိစေရန် ရည်ရွယ်၍ စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေး၊ နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးကျော်မင်းက ဓာတုပိုးသတ်ဆေးအသုံးပြုထားသော သစ်သီးဝလံဟင်းသီးဟင်းရွက်များအကြောင်းကို လည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က တားမြစ်ဆေးဝါး၊ အလှကုန်များအကြောင်းနှင့် ခွင့်မပြုဆိုးဆေးများ၊ ခွင့်မပြု ဓာတုတာရှည်ခံဆေးများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို သိရှိနားလည်စေရန်၊ အန္တရာယ်ကင်းသော အစားအသောက်များကို ဝယ်ယူစားသောက်နိုင်စေရန်၊ သက်တမ်းကုန်အစားအသောက်များကို ဝယ်ယူစားသောက်ခြင်းမပြုရန် စသည့်အကြောင်းများလည်းကောင်း အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

**ရွှေဝယ်သား**

# ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးလက်လမ်းများအတွက် ADB ဘဏ်မှ ဒေါ်လာ ၄၅ သန်းကျော် ထုတ်ချေးမည်

ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ ကျေးလက်လမ်းအရှည် စုစုပေါင်း ၁၅၂ ကီလိုမီတာအား ကျောက်ချောလမ်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄ သန်းကို ချေးငွေအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ သိရသည်။

ယင်းစီမံကိန်းသည် ရှိပြီးလမ်းများ၏ မျက်နှာပြင်ကိုထပ်မံ၍ မြင့်တက်လာအောင် ဖောက်လုပ်ပေးခြင်းဖြစ်ပြီး လမ်း၏ မျက်နှာပြင်ကိုမူ ဘိလပ်မြေကွန်ကရစ်ကဲ့သို့ ခံနိုင်ရည်ရှိသော ကုန်ကြမ်းများသုံးစွဲကာ အချောခင်းသွားရန်ဖြစ်ကြောင်း ADB ၏ အရှေ့တောင်အာရှဒေသ လမ်းပန်းဆိုင်ရာ ပို့ဆောင်ရေးကျွမ်းကျင်သူ Mr.Shihiru Date က နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။

"ဒီစီမံကိန်းဟာ ဧရာဝတီနဲ့ မကွေးတိုင်းအတွင်း မြို့နယ်လေးမြို့နယ်က ကျေးလက်နေပြည်သူတွေကို အားကိုးအားထားပြုနိုင်ပြီး ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်တဲ့ လမ်းတွေကို ပေးအပ်သွားမှာပဲ ဖြစ်ပါတယ်။ ဒီနည်းအားဖြင့် ကျေးလက်နေပြည်သူတွေအနေနဲ့ ပိုကောင်းတဲ့ဈေးကွက်၊ ပိုသာတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို လက်လှမ်းမီလာနိုင်စေမှာ ဖြစ်ပါတယ်" ဟု Mr. Shihiru Date က ပြောသည်။

ထို့ပြင် ဒေါ်လာ ၅ ဒသမ ၈ သန်းကိုလည်း ထောက်ပံ့ကြေးအဖြစ် ADB က ကူညီမည်ဟု ဆိုသည်။ စီမံကိန်းကို ၂၀၂၅ ခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန် ရည်မှန်းထားပြီး စီမံကိန်း၏ စုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄၁ သန်းဖြစ်ကာ မြန်မာနိုင်ငံတော်အစိုးရက အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ သန်းကိုထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသများ လမ်းလှမ်းမီမှုဆိုင်ရာ အညွှန်းကိန်း (Rural Access Index) ပါ အချက်အလက်များအရ မြန်မာနိုင်ငံ၏ ကျေးလက် လူဦးရေစုစုပေါင်းအနက် ၄၀ ရာခိုင်နှုန်းကသာ ရာသီမရွေး သုံးစွဲနိုင်သည့် လမ်းများကို အသုံးပြုနိုင်သော အခြေအနေတွင်ရှိကြောင်း သိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ပြည်သူ လေးသန်းကျော်အတွက် လမ်းများ ဆက်သွယ်ဖောက်လုပ်ပေးရန် လိုအပ်နေသေးကာ ပြည်သူ ၁၀ သန်းကျော်မှာမူ လမ်းအဆက်အသွယ်များ ရရှိနေသော်လည်း မိုးတွင်းကာလများအတွင်း အသုံးပြု ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

"အခုလို ကျေးလက်လမ်းတွေကို ဆိုးဆိုးရွားရွားပျက်စီးစေနိုင်တဲ့ ဆိုးကျိုးတွေပေးမယ့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုတွေကိုကိုင်တွယ်ဖြေရှင်းရာမှာလည်း ဒီစီမံကိန်းက မြန်မာနိုင်ငံကို အကူအညီပြုနိုင်စေမှာ ဖြစ်ပါတယ်"ဟု Mr.Shihiru Date က ပြောသည်။

မြန်မာ့ကျေးလက်လမ်း ကွန်ရက် ၉၅၀၀၀ ကီလိုမီတာရှိသည့်အနက် ခြောက်ရာခိုင်နှုန်းကိုသာ ထပ်ပိုး အချောလမ်းခင်းထားပေးနိုင်ပြီး ၂၈ ရာခိုင်နှုန်းမှာ ကျောက်စရစ်လမ်း (သို့မဟုတ်) ကျောက်လမ်းအဆင့်တွင်သာရှိကြောင်း သိရသည်။

**ပန်းဆု**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၈-၁၁-၁၉ | ၁၃-၁၁-၁၉ | ၁၄-၁၁-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၇.၃ | ၁၅၁၈.၅ | ၁၅၁၆.၁ | -၀.၀၈ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၃၈၀ | ၃၀.၂၄၅ | ၃၀.၂၀၅ | -၀.၅၈ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၉ | ၁.၃၆၂ | ၁.၃၆၃ | ၀.၂၉ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၃ | ၄.၁၅၃ | ၄.၁၅၇ | ၀.၅၈ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၀၁၄ | ၁၄၀၇၅ | ၁၄၀၈၅ | ၀.၅၁ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၉၁ | ၇.၀၀၆ | ၇.၀၂၂ | ၀.၄၄ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၂၁၅ | ၇၁.၇၈၇ | ၇၁.၉၆၆ | ၁.၀၅ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၂၉၂ | ၁၀၉.၁၀၃ | ၁၀၈.၆၄၂ | -၀.၅၉ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၅၃ | ၁.၄၆၂ | ၁.၄၇၂ | ၁.၃၁ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၅ | ၀.၉၀၈ | ၀.၉၀၉ | ၀.၄၄ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၀ | ၀.၇၇၉ | ၀.၇၇၉ | -၀.၁၃ | ⬇ |


Source- Central Bank of Myanmar

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.50 %၊ Annual Rate of Inflation 8.35 %၊ Year on Year Inflation 10.87 % ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ နိုဝင်ဘာ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၇ ဒသမ ၃၀ ကျပ်ရှိခဲ့ရာမှ နိုဝင် ဘာ ၁၄ ရက်တွင် ၁၅၁၆ ဒသမ ၁၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိ ရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၀၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာ တွင် နိုဝင်ဘာ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ကျပ်၊ နိုဝင်ဘာ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ကျပ်၊ နိုဝင်ဘာ ၁၄ ရက် တွင် တစ်ဒေါ်လာလျှင် ၁၅၁၉ ကျပ် အသီးသီး ပေါက်ဈေးများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၆၆ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၄၆၆ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်၊ မကွေး၊ တောင်ကြီး၊ မန္တလေး၊ ထားဝယ်၊ မော်လမြိုင်နှင့် ဘားအံမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ နှင့် ပျဉ်းမနားမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၂၃ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိ ရသည်။



## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကိုလေ့လာရာတွင် နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက် အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၈.၁၁.၂၀၁၉ | ၉.၁၁.၂၀၁၉ | ၁၂.၁၁.၂၀၁၉ | ၁၃.၁၁.၂၀၁၉ | ၁၄.၁၁.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၀၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၅၀၀ |
| ၃ | ဧည့်မထ | 70(Raw) | ၁၇၅၀၀ | ၁၇၂၀၀ | ၁၇၂၀၀ | ၁၇၀၀၀ | ၁၆၈၀၀ |
| ၄ | ဧည့်မထ | 65(Raw) | ၁၇၀၀၀ | ၁၆၉၀၀ | ၁၆၈၀၀ | ၁၆၈၀၀ | ၁၆၅၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် (ရှယ်)တစ်ပြည်လျှင် ကျပ် ၂၅၀၀၊ ဟားခါးမြို့တွင် ဧည့်မထဆန်(ရိုးရိုး)တစ် ပြည်လျှင် ကျပ် ၂၂၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ထားဝယ်နှင့် ဘားအံမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၅၀၊ မော်လမြိုင်မြို့၊ စစ်တွေနှင့် မြိတ်မြို့တို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိ ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်



မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၀၀ နှင့် ဒီဇယ်တစ် ဂါလန်လျှင် ကျပ် ၄၉၅၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၇၇၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၉၉၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၉၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ၄၅၄၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး မုံရွာမြို့တွင် ဓာတ်ဆီတစ် ဂါလန်လျှင် ကျပ် ၃၉၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၂၀၀ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ် ဂါလန်လျှင် ၄၂၇၃ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၆၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၇၀၊ အောက်တိန်း-92 တစ် လီတာလျှင်ကျပ် ၈၈၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၉၈၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်နေခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာ၏ ကြက်မွေးလုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်သည် မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ဆားလင်းကြီး မြို့နယ်ပိုင်းတောင်ကြီးကျေးရွာနှင့် အခြားကျေးရွာအတွင်းနေထိုင်သူများသည် ယခင်ကဆားချက်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပြီး ဆားချက်ရာတွင် နေ့ရာညပါ ဆားချက်နိုင်ရန်အတွက် သားရဲတိရစ္ဆာန်ဘေးမှ ကင်းလွတ်နိုင်ရန် လင့်စင်ထိုး၍ ဆားချက်ရာဌာနအလိုက်ရှာတည်သောကြောင့် ဆားလင့်ဟု ခေါ်တွင်ပြီး လူနေအိမ်ခြေ စည်ကားတိုးတက်လာသဖြင့် “ကြီး” တစ်လုံးတိုးကာ ဆားလင့်ကြီးဟု ခေါ်ဆိုရာမှ ကာလကြာရှည်ရာမှ ဆားလင်းကြီးဟု ခေါ်ဆိုကြောင်း လေ့လာသိရှိရပါသည်။ ထိုနည်းတူစွာ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျွဲခိုတောကျေးရွာမှာလည်း ကျွဲများခိုအောင်းရာနေရာ ဖြစ်သဖြင့် ရွာတည်သောအခါ ကျွဲခိုတောကျေးရွာဟု အမည်တွင်ခဲ့ကြောင်း လေ့လာသိရှိရသည်။



ယခင်ကျွဲခိုတောကျေးရွာသည် ဖွံ့ဖြိုးမှုမရှိဘဲ တောင်ယာအလုပ်၊ အငှားအရမ်း အလုပ်ကိုသာ လုပ်ကိုင်ခဲ့ကြကြောင်း၊ ယခုအခါအိမ်ခြေ(၂၀၀) ကျော်ခန့်ရှိ၍ တစ်ရွာလုံးနီးပါး ကြက်မွေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် စတင်လုပ်ကိုင်လာကြသည်။ ကြက်မွေးပြုလုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ကြက်မွေးများကို မုံရွာနယ်နှင့် အခြားမွေးမြူရေးခြံများမှ ဝယ်ယူကြောင်း၊ ကြက်မမွေး တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ကြက်ဖမွေးတစ်ပိဿာလျှင် ကျပ် ၁၃၀၀/၁၅၀၀ ပေးရကြောင်း၊ ကြက်မွေးတုတ်ချောင်းဖြစ်သည့် ကြိမ်လုံးကိုမော်လိုက်မှဝယ်ယူရရှိပြီး ကြိမ်တစ်စီးလျှင် ကျပ် ၁၆၀၀၀၊ ၁၇၀၀၀ ခန့်ပေးရကြောင်း၊ ကြိမ်တစ်စီးလျှင် ကြက်မွေးပြုလုပ်ရမည့် ကြိမ်ချောင်း ၂၀၀ ချောင်း၊ ကြက်မွေးတစ်ပိဿာလျှင် ကြက်မွေး ၇/၈ ချောင်း ထွက်ရှိ၍ထွက်ရှိလာသည့် ကုန်ချောများကို မူဆယ်၊ မန္တလေး၊ လားရှိုး၊ မြိတ်၊ ထားဝယ်မြို့များသို့ ကားတင်ပို့ပေးရပြီး အရောင်းအဝယ်စနစ်မှာ ဘဏ်ငွေလွှဲစနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ကြောင်း၊ တစ်အိမ်လျှင် အလုပ်သမား ၁၀ ဦးခန့်ရှိပြီး တစ်ရက်လျှင် ကြက်မွေးအချောင်း ၂၀၀ ခန့်ပြီးစီးကြောင်း၊ တစ်ချောင်းလုပ်အားခမှာ ကျပ် ၂၅၀ ရရှိပြီး တစ်ရက်လျှင် အလုပ်သမားတစ်ဦးလုပ်အားခမှာ ကျပ် ၅၀၀၀ ဝင်ငွေရရှိသည့်အတွက် ကျေးရွာရှိပြည်သူများမှာလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိလာပါသည်။

ယခုအခါ ကြက်မွေးလုပ်ငန်းမှာ တွင်ကျယ်လာသည့်အတွက် ကျွဲခိုတောကျေးရွာလေးကို မြင်ရတော့ “One village One product” ဆိုတဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး”ဆိုတဲ့ အဆိုလေး ကိုပြန်သတိရမိသည်။ “One village One product”သည် ဂျပန်၊ ထိုင်းအပါအဝင် နိုင်ငံတော်တော်များများ အကောင်အထည် ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အလျောက် မြန်မာနိုင်ငံမှာလည်း ကျေးရွာတစ်ရွာကို နာမည်ကျော် ထုတ်ကုန်တစ်မျိုးစီတော့ ရှိကြတာများပါသည်။

ကျွဲခိုတောကျေးရွာရှိ ကြက်မွေးလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကြက်မွေးလုပ်ငန်းရှင်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး စီမံကိန်းတွင် ထားရှိသွားရမည့် သတ်မှတ်ချက် စံနှုန်းများ ထုတ်ကုန်ဝန်ဆောင်မှုများသည် ဒေသအလိုက် သီးခြားဖြစ်တည်ခြင်း၊ အများနှင့်မတူကွဲပြားခြင်း၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည် အရည်အချင်း ဈေးကွက်ထုတ်လုပ်မှုနည်းပညာစီးပွားရေးဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲခြင်း စသည်တို့ကိုကောင်းစွာ စီမံနိုင်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMES) တို့၏ ထုတ်လုပ်မှုဖြစ်စဉ်များ သည်စဉ်ဆက်မပြတ် တစ်သမတ်တည်းလုပ်ကိုင်နိုင်ခြင်း၊ ဈေးကွက်ရှာ ချိတ်ဆက်ပေးခြင်းဆောင်ရွက်ပေးနိုင်လျှင်ဖြင့် အသေးစားအလတ်စားလုပ်ငန်းများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းတင်ပြလိုက်ရသည်။

**မိုးမိုးမြင့် (ယင်းမာပင်)**

HNN MARINE
RESOURCES (YGN) LTD.



Add : No.10/12, 1st Floor, Bogalay Zay Street, Botahtaung Tsp, Yangon, Myanmar.
Ph : 09 5007538, 09 795007538
Tel : 01 392210, 01 392278
Fax : 01392208
Email : naingmyint@gmail.com

EXCELLENT GRADE
CUSTOMS AUTHORIZED CLEARING AGENCY

U KYAW OO
DAW HLA HLA HTAY
(DIRECTOR)

ADD : No.(34/39), 1st Floor, Room No. 35, Shine Condo, Bar Steet (LOWER BLOCK), Kyaukdata Tsp, Yangon.
PH : 09 50138061, 09 443033654
Tel : 09 799855411, 09 420221370
Gmail : upgaung@gmail.com

# Luther.




**With a team of more than 50 European and Myanmar lawyers and internationally trained professionals in our office in Yangon, Luther has the competence and expertise necessary to comprehensively assist and advise our clients on all aspects of corporate and commercial law as well as regulatory compliance, including:**

- Legal advice
- Tax advice
- Incorporation services
- Corporate secretarial services
- Bookkeeping and Accounting
- Tax Compliance
- HR administration and payroll
- Payment administration

Our Myanmar clients comprise of international and multinational private investors, MNCs and SMEs. Myanmar businesses and conglomerates as well as embassies, state owned enterprises, international development organizations and NGOs.

With 13 European and 7 Asian offices and partner firms, Luther is one of the top addresses among German commercial law firms. Knowledge of the market in which our clients are active is a prerequisite for providing successful advice. That's why our lawyers and tax advisors, in addition to their specialized legal knowledge, also focus on advising clients from particular industries.

Luther Law Firm Limited | Luther Corporate Services Limited
Uniteam Marine Office Building,
Level 8, Unit #1, 84 Pan Hlaing Street, Sanchaung Township, 11111 Yangon, Myanmar
myanmar@luther-lawfirm.com | myanmar@luther-services.com
Phone: +95 1 500021 | Fax: +95 1 502852

Legal and Tax Advice | www.luther-lawfirm.com | Corporate Services | www.luther-services.com

# ရိုးမနှင်းဆီနီ

## ကုမ္ပဏီလီမိတက်

HI-KEN · BELNO · YOKO · YOKO · Star · BO WANG ဗိုလ်ဝမ်း · YAKUZA ヤクザ · PEN · HI-KEN · ALPHA-1

အမှတ်(၄၂)၊ သိရိမွန်လမ်းမကြီး (၉ လမ်းထိပ်)၊ သိရိမွန်ပလာဇာဝင်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့

Ygn office : 09 501 3530, 09 967 985 842, 09 963 157 472.
Mdy office : 09 254 117 780, 09 440 657 173.




# DIAMOND EYE CO., LTD.

## CHIT SHWE
Director

ADD : No.Ga/55(A),Aung Thapyay Street,Bayint Naung Pwe Yone Tan,Mayangone Township, Yangon

Tel : 681021 , 09-73122186, 09 -5128729

MYANMAR

# Asia Air Survey Myanmar Co., Ltd.



## Products and Services

We offer the following products and services as a construction consultant.

1. Aerial photography, aerial photogrammetry
2. Airborne laser scanning, mobile mapping, terrestrial laser surveying
3. Topographical survey, control point survey
4. Hydrographic surveying ( Bathymetry survey)
5. Construction of geographic information database
6. Satellite image sale
7. Forestry & environment consulting services
8. Utility mapping services
9. Remote sensing
10. Development and sale of software
11. Advisory services on mapping and survey
12. Maps creation, sale, publishing

No.207, Tower E, Diamond Condo, Kamayut Township, Yangon.
Ph: 09-448013691, 09-43116727, 01-501380
https://www.facebook.com/AsiaAirSurveyMyanmar
Email: mt.minthu@aasmyanmar.com,
sh.seinhtay@aasmyanmar.com

# ပြည်ပသို့ ဆန်တင်ပို့ရန် ကြိုးပမ်းချက်နှင့် မျှော်မှန်းချက်

**အောင်ဆန်း (စိုက်ပျိုးရေး)**

မြန်မာ့လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့မှုတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် ပမာဏအများဆုံးဖြစ်တာ တွေ့ရပါတယ်။ ၂၀၁၇-၂၀၁၉ ခုနှစ်ဆိုရင် ပြည်ပသို့ ဆန် ၃ ဒသမ ၅၈ မီလီယံတန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရရှိခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကစပြီး မြန်မာ့ဆန်စပါးမူဝါဒကို ပြောင်းလဲခဲ့ပြီး နောက်ပိုင်းမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ စက်ပိုင်၊ ကုန်သည်ပွဲစားများ၊ ဆန် Exporter ကြီးများဟာ ကိုယ့်လက်ကိုယ့်ခြေ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကား တင်ပို့လာနိုင်ခဲ့ပါတယ်။

၂၀၀၃ ခုနှစ်က ဆန်စပါးမူဝါဒ ပြောင်းလဲခံရခြင်းရဲ့ အဓိက ရည်ရွယ်ချက်များကတော့ တောင်သူလယ်သမားကြီးများသည် မိမိ စိတ်ကြိုက်စပါးများ ပိုမိုထွက်ရှိအောင် ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း ဆန်စပါးရောင်းဝယ်ရေးမှာ သင့်တင့်မျှတတဲ့ ဈေးနှုန်းရရှိရေး၊ ပြည်တွင်း စားသုံးမှုမှပိုလျှံသော ဆန်များကို ပြည်ပသို့ လွတ်လပ်စွာ ပိုမိုတင်ပို့ရောင်းချနိုင်ရေးများပဲ ဖြစ်ပါတယ်။

ဆန်စပါးမူဝါဒ ပြောင်းလဲပြီးနောက်ပိုင်းတွင် ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ တစ်စတစ်စ တိုးမြင့်လာခဲ့ပါတယ်။ နှစ်စဉ် ဆန် တန်ချိန် နှစ်သန်းကျော်နှင့် ဆန်ကွဲတန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ခဲ့တာဟာ ယနေ့အထိပါပဲ။ ၂၀၁၈ ခုနှစ်၊ ဆန် ပြည်ပတင်ပို့မှုကို ကြည့်ရင် ကမ္ဘာ့ဆန်တင်ပို့မှုရဲ့ ၃ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်မှုရှိနေပြီး တန်ချိန် ၁ ဒသမ ၇၅ သန်းကျော်တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ဝင်ငွေအနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဆန်နှင့်ဆန်ကွဲ တင်ပို့တဲ့ နိုင်ငံဟာလဲ မူလ နိုင်ငံပေါင်း ၃၀ ကျော် တင်ပို့နေရာကနေ ယနေ့ထိ နိုင်ငံပေါင်း ၆၀ တိုးချဲ့ တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စပါးတန်ချိန် မတ်ထရစ်တန် ၄ သန်း တင်ပို့နိုင်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရရှိအောင် မျှော်မှန်းထားရှိပါတယ်။

သို့သော်လည်း ယခုလက်ရှိမြန်မာနိုင်ငံ အခြေအနေတွင် ဆန် ပြည်ပတင်ပို့မှု လက်နှေးနေသလိုဖြစ်နေပြီး ပြည်တွင်းဆန်စပါးဈေးကွက်မှာလည်း ကမောက်ကမ မတည်မငြိမ်ဖြစ်ပေါ်နေသည်ကို ခံစားနေကြရပါတယ်။ မြန်မာ့ဆန်စပါးဈေးကွက်ဟာ ပြည်ပဆန်ဈေးကွက်က အနုတ်အသိမ်းသွက်မှသာ ဆန်စပါးဈေးတက်လာပြီး ဈေးဟာ ဣန္ဒြေရနေတာ ဖြစ်ပါတယ်။ ပြည်ပကို ဆန်နှင့်ဆန်ကွဲ အထွက်နည်းပြီဆိုရင်တော့ ပြည်တွင်းဆန်စပါးဈေးဟာ အောက်သို့ ထိုးဆင်းသွားတာတွေ့ရပါတယ်။ ဆန်စပါးအရောင်းအဝယ်ဈေးကွက်နှင့် နီးနွယ်ပါဝင်ပတ်သက်နေတဲ့ ပုဂ္ဂိုလ်များအားလုံးလည်း မျက်လုံးအပြူးသားနှင့်သာ ထိုင်စောင့်နေကြရတဲ့ အဖြစ်နဲ့ ကြုံကြရပါတယ်။

မြန်မာ့ဆန်ကို နှစ်စဉ်အဓိက ဝယ်ယူနေတဲ့ နိုင်ငံတွေကတော့ အီးယူနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ နယ်သာလန်၊ ယူကေနှင့် တရုတ်နိုင်ငံတွေပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံကို နှစ်စဉ်တင်ပို့ဖို့ ကိုတာ ခွဲတမ်းရရှိဖို့မှာ အလွန်ခက်ခဲပါတယ်။ တစ်ခါတလေမှာ တရုတ်နိုင်ငံရဲ့ နိုင်ငံရေးပရိယာယ်မဟာဗျူဟာကပဲ အကွက်ဆင်နေသလားလို့ ယူဆရပါတယ်။ တရုတ်နိုင်ငံဘက်က ဆန်ကိုတာ ခွဲတမ်းရရှိဖို့မြန်မာဘက်က လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ မလိုက်နာနိုင်တာရယ်၊ အချိန်မီနှစ်စဉ် ဆန်ခွဲတမ်း ကိုတာအချိန်မီမတောင်းခံနိုင်တဲ့ အားနည်းချက်ကလည်း ရှိနေတာ အမှန်ပါပဲ။ ဆန်ရဲ့အရည်အသွေးတွေကို သတ်မှတ်ချက်အတိုင်း စံချိန်စံညွှန်းပြည့်မီအောင် လုပ်ပေးနိုင်မှု အားနည်းတာတွေ၊ ဆန်စက်တွေရဲ့ အရည်အသွေးပြည့်မီအောင် မဆောင်ရွက်ပေးနိုင်တာတွေ၊ လိုအပ်သော ပြည့်စုံလုံလောက်တဲ့ ထောက်ခံချက်များနှင့်တကွ တရုတ်နိုင်ငံကို ဆန်ကိုတာ ခွင့်ပြုချက်တောင်းခံမှုစာရင်းအချိန်မီ မပို့နိုင်တာတွေဟာ တရုတ်နိုင်ငံနှင့် စကားပြောရတဲ့အခါမှာ မျက်နှာငယ်စရာ ဖြစ်လာပါတယ်။ ယခု ကမ္ဘောဒီယားနိုင်ငံကို တရုတ်က ဆန်တန်ချိန် နှစ်သိန်း ကိုတာ ခွဲတမ်းပေးခံရချိန်မှာ မြန်မာနိုင်ငံအတွက် အိပ်မက်တောင် မမက်ရသေးဘူး၊ စာရင်းတွေပို့ရဦးမယ်၊ ဆွေးနွေးရဦးမယ်ဆိုပြီး အမြဲနောက်ကျနေတဲ့ သဘောဖြစ်နေပါတယ်။

အာဖရိက နိုင်ငံများကလည်း ဒီနှစ် မြန်မာ့ဆန်ဝယ်ယူမှုကို လက်နှေးနေတာ တွေ့ရပါတယ်။ နှစ်တိုင်းဆိုရင် အာဖရိကနိုင်ငံတွေက မြန်မာ့ဆန်ကို တော်တော်များများဝယ်ယူပါတယ်။ အိုင်ဗရီကို့စ်ကဖြစ်ခဲ့တဲ့ ပြဿနာရဲ့ လှိုင်းဂယက်ခတ်မှု အကင်းမသေသေးတဲ့ သဘောလား၊ အခြားပြဿနာလား တွေးဆရခက်နေပြန်ပါတယ်။ အီးယူနိုင်ငံများက ဆန်လုံးအချွန် အခွန်ကောက်ခံမှု ကင်းလွတ်ခွင့် ရုပ်သိမ်းခံလိုက်ရခြင်းဟာလည်း မြန်မာ့ညှော်မထဆန်များ အကျိုးမဝင်ဘူးလို့ ဆိုသော်ငြားလည်း ယနေ့ထိ ပြတ်ပြတ်သားသား အရှိန်မသေသေးတာကို တွေ့ရပါတယ်။ ဒီအတွက်လည်း အီးယူနိုင်ငံများက ဒီနှစ် မြန်မာ့ဆန်နှင့်ဆန်ကွဲ ဝယ်ယူမှုကို တံခါးဖွင့်မပေးသေးတာကို တွေ့ရပါတယ်။ အခြားမြန်မာ့ဆန်ကို နှစ်စဉ်ဝယ်နေကြတဲ့ ဘင်္ဂလားဒေ့ရှ် သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတွေကလည်း ဘာအကြောင်းမှ ရှာမရဘဲ လက်တွန့်နေကြတာ တွေ့ရပါတယ်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့လယ်ယာထွက်ကုန် ပြည်ပ ပို့ကုန်ထဲမှာ အဓိကသော့ချက်ဖြစ်တဲ့ မြန်မာ့ဆန် ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးကို အစွမ်းကုန်ကြိုးပမ်းကြရမှာ မလွဲမသွေပါပဲ။ ကနဦး ဆောင်ရွက်ရမယ့် အချက်ကတော့ မြန်မာ့ဆန်ရဲ့ အရည်အသွေးကို အခြားနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်အောင် ဆန်စံချိန်စံညွှန်းကို အဆင့်မြင့်တင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ မြန်မာ့ဆန်စက်တွေ၊ သိုလှောင်ရုံတွေကို အရည်အသွေးကောင်း ဆန်ရရှိအောင် ကြိတ်ခွဲ၊ သိုလှောင်နိုင်တဲ့ စံချိန်စံညွှန်းပြည့်မီတဲ့ ဆန်စက်ကြီးများ၊ သိုလှောင်ရုံကြီးများဖြစ်အောင် အာရုံစူးစိုက် ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ တတိယအချက်ကတော့ မြန်မာ့ဆန်ကို ဓာတုဓာတ်ကြွင်းကင်းစင်အောင်၊ အဆိပ်သင့်ဒြပ်စင်များ ကင်းစင်အောင် စစ်မှန်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ နည်းလမ်း (GAP) နှင့် စိုက်ပျိုးကြဖို့ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဆန် Exporter ကြီးများ အခြားနိုင်ငံများနှင့်မယှဉ်နိုင်ဘဲ နောက်ကောက်ကြရတဲ့အချက်ကတော့ မြန်မာ့ဆန်ဟာ ဈေးနှုန်းကြီးမြင့်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုမြန်မာ့ဆန် ပြည်တွင်း ဈေးနှုန်းကြီးမြင့်ရခြင်းကတော့ တစ်ဧက စိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ ဆိပ်ကမ်းသဘောတင်စရိတ်များ အခြား အိမ်နီးချင်းနိုင်ငံများထက် ကြီးမြင့်နေခြင်းတို့ကြောင့် ဖြစ်ပါတယ်။ တောင်သူလယ်သမားကြီးများက ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားနေရင် သူတို့စပါးကို ဈေးအနိမ့်နဲ့ အရှုံးခံ မရောင်းနိုင်ပါ။ Export လုပ်ကြမယ့် Exporter ကြီးများကလည်း ပြည်ပတင်ပို့ရင် ရမယ့်ဈေးထက် အရှုံးခံပြီး ဈေးကြီးပေးမဝယ်နိုင်ကြ ပါ။ ဒီမှာတင်ပဲ မြန်မာ့ဆန်စပါးဈေးဟာ ပြည်ပမပြောနဲ့ ပြည်တွင်းမှာပင် သပွတ်အူ လိုက်နေသလို ဖြစ်နေတာ ဖြစ်ပါတယ်။ တောင်သူလယ်သမားကြီးများရဲ့ စပါးတစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်မယ့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေး ဦးစီးဌာနက နေရာဒေသ အနှံ့မှာ ပညာပေး ဟောပြောခြင်း၊ နမူနာ စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးပြသခြင်းများကို ကွင်းထဲ အရောက် ထိထိမိမိဆောင်ရွက်သင့်ပါတယ်။ နောက်တစ်ချက်ကတော့ ဆိပ်ကမ်းသဘောတင်စရိတ် ကြီးမြင့်မှုကို နိုင်ငံတော်က သက်ဆိုင်ရာ ဝန်ကြီးဌာနကို ညှိနှိုင်း လျှော့ချပေးနိုင်ဖို့ ဆောင်ရွက်သင့်ပါတယ်။

မြန်မာနိုင်ငံမှာ ယခုနှစ်ကဲ့သို့ ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ဆန်အထွက် တုံ့ဆိုင်းနေခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပထမဦးစွာ တရုတ်နိုင်ငံသို့ စပါးအတိုင်း တင်ပို့နိုင်ရေးနှင့် နှစ်စဉ်ဆန်တင်ပို့ခွင့် ကိုတာ ခွဲတမ်း တတိယအကြိမ် တန်ချိန် တစ်သိန်း ထပ်မံရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ ပူးပေါင်းအဖွဲ့ဟာ နိုဝင်ဘာလ ဒုတိယပတ်မှာ တရုတ်နိုင်ငံသို့ သွားရောက် ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုပါအဖွဲ့ဟာ ဖိလစ်ပိုင်နိုင်ငံသို့လည်း သွားရောက်၍ ဈေးကွက်ညှိနှိုင်းမှာ ဖြစ်ပါတယ်။

အဆိုပါအဖွဲ့ကဲ့သို့ ဈေးကွက်ရှာဖွေညှိနှိုင်းရေးအဖွဲ့ တစ်ဖွဲ့ဟာ အာဖရိကနိုင်ငံများသို့လည်း ဆန်နမူနာ အိတ်ကလေးများနဲ့ သွားရောက်ညှိနှိုင်းမှာ ဖြစ်ပါတယ်။ နောက်ညှိနှိုင်းရေးအဖွဲ့ တစ်ဖွဲ့ကလည်း အီးယူနိုင်ငံများသို့လည်း ဆန်နမူနာအိတ်ကလေးများနဲ့ သွားရောက်ပြီး မြန်မာ့ညှော်မထဆန်အချွန်ဟာ အီးယူက သတ်မှတ်တဲ့ ဆန်လုံးရှည်အချွန်၏ စံချိန်စံညွှန်းနှင့် မပါဝင်ကြောင်း ပြသ၍ ဈေးကွက်ညှိနှိုင်း ထိုးဖောက်ကြမှာ ဖြစ်ပါတယ်။

သို့ပါ၍ မြန်မာ့ဆန်ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုသည် ကောင်းသောမျှော်လင့်ချက်ရောင်ခြည် ဖြစ်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

## ဖရဲ၊ သခွားမွှေး သစ်သီးကုန်များ ဈေးကွက်ထဲတွင် များစွာ ဝင်ရောက်နေသော်လည်း တရုတ်ဘက်က ဝယ်လိုအားကျဆင်း

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ တင်ပို့နေသော ဖရဲ၊ သခွားမွှေးသစ်သီးကုန်များ ဈေးကွက်ထဲတွင် များစွာ ဝင်ရောက်နေသော်လည်း အရည်အသွေးမကောင်းသည်က များ၍ ယခင်နှစ်ကာလထက် တရုတ်ဘက်က ဝယ်လိုအား ကျဆင်းနေကြောင်း သိရသည်။

"အရင်နှစ်ထက် ဝယ်လိုအားနည်းနည်းကျတယ်။ သစ်သီးတွေကတော့ အများကြီးဝင်တယ်။ ဝင်လာတဲ့ အရည်အသွေးတွေက သိပ်မကောင်းဘူး။ နယ်စပ်မှာလည်း တခြားအသီးတွေက များနေတယ်။ ထိုင်းကလာတဲ့ အသီးအနှံတွေလည်း ဝင်နေတယ်။ ၁၁ လပိုင်းကုန်ရင်တော့ ဝယ်လိုအားလည်း တက်လာမယ်ထင်တာပဲ" ဟု ဖရဲ၊ သခွားစိုက်ပျိုး ထုတ်လုပ်သူများအဖွဲ့မှ ဦးစိုင်းခင်မောင်က နိုဝင်ဘာ ၁၅ ရက်တွင် ပြောဆိုသည်။

ဖရဲ၊ သခွားသစ်သီးများသည် နှစ်စဉ်ပုံမှန်အားဖြင့် ဒီဇင်ဘာလမှ ဇန်နဝါရီလအထိ တရုတ်နှစ်ကူးအချိန်များအတွင်း ဝယ်လိုအားအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးရေး ပို့ကုန်များတွင် အရေးကြီးပို့ကုန်တစ်မျိုးဖြစ်သော ဖရဲသီး စိုက်ပျိုးထုတ်လုပ်တင်ပို့မှုတွင် ဈေးကွက်ရရှိရန် ပြည်ပပို့ကုန် အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ယင်းအခြေအနေနှင့် ပတ်သက်၍ မကြာသေးမီရက်ပိုင်းက တရုတ်နိုင်ငံ၏ ဖရဲသီးစားသုံးမှုနှင့် ဝယ်လိုအား နည်းပါးသောကာလတွင် အရည်အသွေးမစိစစ်ဘဲ တင်ပို့နေခြင်းကြောင့် မလိုအပ်ဘဲဈေးကွက်အတွင်း စုပြုံဝင်ရောက်နေသည်ကို တွေ့ရှိရကြောင်း၊ အရည်အသွေးစံချိန်မမီသော ဖရဲသီးအများစုသည် သယ်ယူပို့ဆောင်မှုစရိတ် ပင်မရဘဲ ထပ်မံဆုံးရှုံးမှုများနှင့် ကြုံတွေ့နေကြောင်း နိုဝင်ဘာ ၁၀ ရက်က သစ်သီးဝလံကုန်စည်ဒိုင်က သဘောထား ထုတ်ပြန်ခဲ့သည်။

"သစ်သီးကုန်ကားတွေ သွားလာတင်ပို့နေတဲ့နေရာမှာ လမ်းကြောင်းအတွင်း အန္တရာယ်ကင်းကင်းနဲ့ရှိနေဖို့လည်း လိုအပ်တယ်။ ဟိုဘက်၊ ဒီဘက် တည်ငြိမ်ဖို့လည်းလိုတယ်"ဟု ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများက ပြောဆိုသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တရုတ်ပြည်ဘက်က ကျင့်စန်းကျော့ဂိတ်ကို ပိတ်ခဲ့သည့်ဖြစ်စဉ်ရှိခဲ့သည့်အတွက် ပြည်တွင်းမှ ဖရဲသီးကုန်ကားများ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်တင်ကား တစ်ထောင် ကျော် ပိတ်မိခဲ့သော အခြေအနေ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုမို

# အာဆီယံနိုင်ငံအစိုးရများ ပူးပေါင်းဆောင်ရွက်ကြမည်

## အာဆီယံကျေးလက်ဒေသ ဆင်းရဲမှုပပျောက်ရေး

|မောင်လွင်ပြင်|

ယခုနှစ် (၁၁) ကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပခြင်းတွင် မြန်မာနိုင်ငံသည် အလှည့်ကျနိုင်ငံ ဖြစ်ခဲ့သည်။ ထို့ကြောင့် (၁၁) ကြိမ်မြောက် အာဆီယံ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်း အနားကို နိုဝင်ဘာ ၈ ရက်က နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အာဆီယံနိုင်ငံများအဖွဲ့ သက်တမ်းသည် ၅၂ နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ အာဆီယံအဖွဲ့ တည်ထောင်ရခြင်းသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွ သာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပြည့်စုံသည့် ဒေသကြီးတစ်ခုအတွင်း အတူတကွပေါင်းစည်းနေထိုင်ရန် မိမိတို့၏ ပဓာနကျသည့် အကျိုးစီးပွားများ၊ စံနမူနာကောင်းများနှင့် ရည်မှန်းချက်များ မြှင့်တင်ပေးရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ အာဆီယံအဖွဲ့တွင် မဏ္ဍိုင်ကြီး သုံးရပ်ရှိသည်။ ယင်းမဏ္ဍိုင်ကြီးသုံးရပ်ထဲတွင် တတိယမဏ္ဍိုင်အဖြစ် အာဆီယံလူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်းဟူသည် ပါဝင်၏။ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးကဏ္ဍလည်း ပါဝင်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး ကဏ္ဍဟူသည် ဒေသတွင်းကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှု ပပျောက်ရေးနှင့် သက်ဆိုင်သည့် ပြဿနာများဖြေရှင်းခြင်း၊ ဒေသတွင်းဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရေးဆောင်ရွက်ခြင်း စသည့် ကိစ္စများကို ဒေသတွင်းနိုင်ငံများ တွေ့ဆုံ ဆွေးနွေးကြခြင်းဖြစ်သည်။ ယင်းသို့တွေ့ဆုံဆွေးနွေးကြရာတွင် ဆောင်ပုဒ်တစ်ခု တင်ထားသည်။ 'အာဆီယံ က အာဆီယံကို ကူညီသည့်စိတ်ဓာတ်' ဖြင့် အတူတကွ အားထုတ်လုပ်ဆောင်ကြဟူ၍ ဖြစ်သည်။ ဆိုလိုသည်က ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးက မိမိတို့နိုင်ငံ မူဝါဒနှင့် အစီအစဉ်များဖြင့် အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ အကောင်းဆုံး ဆောင်ရွက်နိုင်မှုများကို အဖွဲ့ဝင်နိုင်ငံများအကြား အချင်းချင်း မျှဝေပေးခြင်းကို ဆိုလိုခြင်း ဖြစ်၏။

ယခု မြန်မာနိုင်ငံတွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးသည် အာဆီယံနိုင်ငံအချင်းချင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုပပျောက်ရေးကိစ္စများ ဆောင်ရွက်ရာတွင် မိမိတို့တွေ့ကြုံနေရသည့် အတွေ့အကြုံများ၊ နည်းလမ်းကောင်းများ၊ မူဝါဒအစီအစဉ်များကို အချင်းချင်းမျှဝေဖို့ တွေ့ဆုံကြခြင်းဖြစ်သည်။ ယခုနှစ် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဥက္ကဋ္ဌ တာဝန်ယူရသည်။ ယင်းအစည်းအဝေးများ မြန်မာနိုင်ငံ၌ ကျင်းပနိုင်ရန် အာဆီယံ အတွင်းရေးမှူးချုပ် ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခွင့်ရခြင်းသည် မြန်မာနိုင်ငံအဖို့ အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိကာလတွင် မြန်မာနိုင်ငံသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ အဆင့်မြင့်ရေး၊ ကျေးလက်နေပြည်သူများ နေ့စဉ်ဝင်ငွေ တိုးပွားရေး စသည့် ကိစ္စများကို စီမံကိန်းချ ဆောင် ရွက်နေသည်။ ယင်းတို့သည် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးနှင့် တိုက်ရိုက်ပတ်သက်ဆက်စပ်နေသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ရာခိုင်နှုန်း ၇၀ ကျော် သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည်။ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်တက်ပြီး ဆင်းရဲနွမ်းပါးမှုလျော့ကျလျှင် နိုင်ငံ၏ဆင်းရဲမှု ပပျောက်ရေးလျော့ကျမည် ဖြစ်သည်။ ထို့ကြောင့် ယခုနှစ် (၁၁)ကြိမ်မြောက် အာဆီယံကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသည် မြန်မာနိုင်ငံအဖို့ အရေးကြီးပြီး အခွင့်အလမ်းကြီးတစ်ခုဖြစ်သည်ဟု သတ်မှတ်ရခြင်း ဖြစ်သည်။

အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး အစည်းအဝေးများ ကျင်းပပုံကို လေ့လာကြည့်သည်။ ဝန်ကြီးများ အဆင့် အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပသည်။ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို တစ်နှစ်တစ်ကြိမ်ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများ အလှည့်ကျ ပုံမှန်ကျင်းပကြသည်။ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆို လျှင် ၁၁ ကြိမ်ရှိပြီ။ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပခြင်းကတော့ ၁၆ ကြိမ်ရှိခဲ့ပြီ ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးများတွင် ဆွေးနွေးဖက် သုံးနိုင်ငံရှိသည်။ တရုတ်၊ ဂျပန်နှင့် ကိုရီးယား သမ္မတနိုင်ငံ (တောင်ကိုရီးယား) တို့ဖြစ်သည်။ ယင်းဆွေးနွေးဖက်သုံးနိုင်ငံသည် အာဆီယံ အဖွဲ့ကြီးကျင်းပလေသမျှ အစည်းအဝေးတိုင်းတွင် ပါဝင်တက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးလေ့ ရှိသည်။ ယခုလည်း အာဆီယံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အစည်း အဝေးများတွင်လည်း ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့သည်။ ယင်း သည် အာဆီယံအဖွဲ့ကြီးများ၏ မိတ်ဖက်အသွင်ကိုဆောင်ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေးနှင့် လူနေမှုဘဝ မြင့်မားရေး တို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ လတုန်းကလည်း အာဆီယံ+၃ ကျေးရွာခေါင်းဆောင်များ အပြန် အလှန်လေ့လာရေးခရီးစဉ်ကို မလေးရှားနိုင်ငံကွာလာလမ်ပူတွင် ကျင်းပခဲ့သည်။ ယင်းခရီးစဉ်သည် ကျေးလက် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးလာစေရေး အဓိပ္ပာယ်ပြည့်ဝသည့် အစီအစဉ်တစ်ခုဖြစ်သည်ဟု သိရ၏။ ထို့ပြင် (၁၂) ကြိမ်မြောက် အာဆီယံ-တရုတ်လူမှုဖွံ့ဖြိုး တိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်ကိုလည်း ၂၀၁၈ ခုနှစ် အတွင်း ကျင်းပနိုင်ခဲ့သည်။ ထို့ပြင်လည်း အာဆီယံ-တရုတ် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်းပြီး ဒေသတွင်း လူမှုဘဝ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး ညှိနှိုင်းစည်းဝေး ဖလှယ်ပွဲများကိုလည်း ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အစည်း အဝေးပွဲများတွင် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်း အဝေး၊ (၈)ကြိမ်မြောက် အာဆီယံ ဖိုရမ်၊ (၄)ကြိမ်မြောက် အာဆီယံ ခေါင်းဆောင်မှု ဆုချီးမြှင့်ပွဲ၊ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုပပျောက်ရေး အလုပ်ရုံ ဆွေးနွေးပွဲများ ပါဝင်ကျင်းပခဲ့သည်ဟု သိရ၏။ အစည်းအဝေးပွဲများ ကျင်းပခြင်းနှင့်အတူ အိမ်ရှင်နိုင်ငံက ကွင်းဆင်းလေ့လာရေးခရီးစဉ် များလည်း စီစဉ်ပေးထား၏။ ထို့ပြင် အစည်းအဝေး အစီအစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရကိုယ်စားလှယ်များသာမက အစိုးရမဟုတ်သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့်ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်ဟု သိရ၏။ ယင်းသည် အာဆီယံအဖွဲ့ကြီးက ရည်မှန်းသည့် ပြည်သူကို ဗဟိုပြုသော၊ ပြည်သူကိုမျက်နှာမူသည့် အသိုက်အဝန်းကြီးဖြစ်လာစေရေး ဆိုသည့် ရည်မှန်းချက်ကို အထောက်အကူပြုနေသည်မှာ ထင်ရှားလှကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၎င်း၏မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားသည်။ ထို့ပြင် ဒုတိယသမ္မတသည် ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်လာအောင် ဆွဲဆောင်စည်းရုံးသွားကြရမည်။ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့် ကျေးလက် လူ့အဖွဲ့အစည်းများ အတူတကွပူးပေါင်း ဆောင်ရွက်ကြရမည်။ အတွေ့အကြုံများ အပြန် အလှန်မျှဝေလာနိုင်သည်နှင့်အမျှ အာဆီယံဒေသရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ မြင့်မားသည်ထက် မြင့်မားလာမည်စသည်ဖြင့် ထည့်သွင်း တိုက်တွန်းပြောကြားသွားသည်။ ထို့ပြင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူအများစုသည် ကျေးလက် ဒေသများတွင် နေထိုင်ကြပြီး ဆင်းရဲမှုနှုန်းမြင့်မားသည့်အတွက် ဆင်းရဲမှုပပျောက် ရေးကို အဖွဲ့ဝင် နိုင်ငံအစိုးရများက ဦးစားပေးဆောင်ရွက်ရမည်။ လာမည့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ အဖွဲ့ဝင်နိုင်ငံ အားလုံးရှိ ကျေးရွာ များအားလုံး ဆင်းရဲခြင်းမှလွတ်ကင်းပြီး ဖွံ့ဖြိုးလာရန် မိမိတို့ အတူ တကွ ကြိုးစားကြပါစို့ဟုလည်း တိုက်တွန်းပြောကြားသွားသည်။

Commerce ကာတွန်း



# ဘားအံမြို့တွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပမည်

ကရင်ပြည်နယ်အတွင်းရှိလူငယ်၊ လူရွယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် လုပ်သားလိုအပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးနေမှုတို့ကြား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အာဒရာမြန်မာ၊ IOM နှင့် Swiss contantတို့မှ ကြီးမှူးကာ လူငယ်၊ လူရွယ်များအတွက် သင့်တင့်မျှတသော အလုပ်အကိုင် အခွင့်အလမ်းများ ပါဝင်စေသော အလုပ်အကိုင်ပြပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင်ပါဝင်ပြသမည့် လုပ်ငန်းအမျိုးအစားများမှာ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းများ၊ စားသောက်ဆိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အထည်ချုပ်ဆိုင်ရာ လုပ်ငန်း များ၊ ဆံပင်နှင့် အလှပြုပြင်ရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်နှင့် လျှပ်စစ်မီး တပ်ဆင်ရေးဆိုင်ရာ လုပ်ငန်းများ၊ စက်ပြင်နှင့် စက်ရုံအလုပ်ရုံဆိုင်ရာ လုပ်ငန်းများ၊ မိုဘိုင်းဖုန်း ပြုပြင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်တိုက်နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ သို့မဟုတ် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းများတို့ ပါဝင်ပြသမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲအတွင်း ကျွမ်းကျင်သူ လိုအပ်ချက်ရှိသော အလုပ်ရှင်၊ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီစက်ရုံများနှင့် တွေ့ဆုံနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အကျိုးစီးပွားအတွက် စျေးကွက်ပြသနိုင်သော အခွင့်အလမ်းများရရှိခြင်း၊ မိမိတို့လိုအပ်သော လုပ်ငန်းလိပ်စာများကို လဲလှယ်နိုင်မည့်အပြင် သက်မွေးသင်တန်းများ၊ လူငယ်များနှင့် ကိုယ်ရေးအကျဉ်းများကိုလည်း သိရှိခြင်း၊ လိုအပ်သော မေးခွန်းများကိုလည်း မေးမြန်းနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာခွင့်နှင့် အကြံပြုချက်များကိုလည်း မျှဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **အိအိခိုင်(ကရင်)**

## နတ်တလင်းမြို့နယ် သက်ျမဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ဈေး၌ ဈေးကွက်စောင့်ကြည့် စစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စျေးတာဝန်ခံ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ဂေါပကအဖွဲ့များနှင့် အတူပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်တွင် သက်ျမဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ဈေးအတွင်း ရောင်းချနေသော စားသောက်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

စစ်ဆေးဆောင်ရွက်ရာတွင် အနယ်နယ်အရပ်ရပ်မှ ရောင်းချလျက်ရှိသော ထိုးမုန့်နှင့် အခြားအန္တရာယ်ရှိသော စားသောက်ကုန်များအား လိုက်လံစစ်ဆေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အခန်း ၁၈ ပါ ပုဒ်မ ၄၁ ပါ ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ ၂၀၂၀ မတ်လ ၁၅ ရက်နေ့တွင် အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့သည်။ **မြင့်မြင့်ခင် (သာယာဝတီ)**

## အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ဘားအံ)၌ သင်တန်းဖွင့်လှစ်

နယ်စပ်ဒေသ အသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားများအား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ပထမအကြိမ်ဖွင့်လှစ်မည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၁) နှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၁၇) သင်တန်းကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဘားအံ)တွင် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်အထိ ရက်သတ္တ ၁၈ ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းပို့ချရာတွင် ကျွမ်းကျင်မှုရရှိစေရန်အတွက် စာတွေ့သာမက လက်တွေ့များကိုပါ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသူတစ်ဦးလျှင် သင်ထောက်ကူပစ္စည်း ၂၅ မျိုးနှင့် ပိတ်စမျိုးစုံ ၂၈ ကိုက်နှင့် တူညီဝတ်စုံ နှစ်စုံစသည့် သင်တန်းသုံးပစ္စည်းများအား အခမဲ့ထောက်ပံ့ပေးခြင်းအပြင် နယ်ဝေးမှ လာရောက်သည့် သင်တန်းသူများအတွက် အသွား/အပြန် ခရီးစရိတ်များ ထောက်ပံ့ပေးပြီး အဆောင်နေခွင့်ပေးကာ အဆောင်နေသင်တန်းသူများအတွက် စားသောက်ရေး စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှုစက်မှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁)တွင် သင်တန်းသူ ၄၅ ဦးနှင့် ရိုးရာဂျပ်ခုတ်သင်တန်းအမှတ်စဉ် (၁၇)တွင် သင်တန်းသူငါးဦး စုစုပေါင်း သင်တန်းသူ ၅၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ယခုဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်မှု စက်ချုပ်သင်တန်းအမှတ်စဉ်(၁)တွင်သင်ကြားပေးမည့် သင်ခန်းစာများမှာ မိန်းမဝတ်ခါးတိုအင်္ကျီနှစ်မျိုး၊ မိန်းမဝတ် ဘလောက်(စ်)ပုံဆန်း လေးမျိုး၊ ယောက်ျားရှပ်အင်္ကျီနှစ်မျိုး၊ ယူနီဖောင်း ဝတ်စုံတို့ကို လက်မနည်းဖြင့် သင်ကြားပေးမည်ဖြစ်ပြီး ဂျပန်စင်တီမီတာ၊ ယိုးဒယားစင်တီမီတာနည်းများဖြင့် စတိုင်ဘောင်းဘီ၊ တစ်ထပ်ကုတ်၊ နှစ်ထပ်ကုတ်အင်္ကျီရိုးရာ အဝတ်အထည်များဖြင့် ခေတ်ပေါ်ပုံဆန်းအင်္ကျီမျိုး၊ သတိုးသမီးဝတ်စုံ(ထိုင်မသိမ်း) ချုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည့်အပြင် လက်မှုဘာသာရပ်ကိုးမျိုး၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်း ၁၃ မျိုးတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ ရိုးရာဂျတ်ခုတ်သင်တန်းတွင် ခေါင်းပေါင်း၊ ခြုံပဝါ၊ လွယ်အိတ်၊ ကျားဝတ်။ မဝတ် (အတို/အရှည်)၊ ကျား/မ ဝတ်လုံချည် ရက်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းကာလအတွင်း အသက်မွေးကျောင်း ပညာရပ်များအပြင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး အသိပညာဗဟုသုတတိုးပွားစေရန် ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာသင်ကြားပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများမှလည်း အသိပညာပေးဟော ပြောပို့ချပေးခြင်းနှင့် ရပ်ရွာအကျိုးပြုလူငယ်များဖြစ်လာစေရန် ကြက်ခြေနီရှေးဦးပြုစုနည်း(အခြေခံ) သင်တန်းများ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အိအိခိုင်(ကရင်)**

## ကျောင်းပိတ်ရက်ကာလများ ခရီးသွားများသဖြင့် အရောင်းအဝယ်ပိုအေးနေ



နိုဝင်ဘာဒုတိယပတ်အစကာလတွင် တန်ဆောင်တိုင်ပွဲတော် ကျောင်းပိတ်ရက်များရှိလာပြီး ရုံးဝန်ထမ်းများလည်း ပိတ်ရက်ရှည်ရရှိသဖြင့် ခရီးသွားသူများပြားခြင်း၊ ခရီးသွားကားများပြားခြင်းတို့ကြောင့် ရန်ကုန်ကား ဈေးကွက်တွင် သာမက အခြားနယ်ဈေးကွက်များပါ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

လတ်တလောဈေးကွက်အတွင်းအခွန် ၃ ရာခိုင်နှုန်း ပေးဆောင်ရမည့်ဂယက်ကြောင့် လက်ရှိတင်သွင်းပြီးစီးနင်းနေသည့် ဂျပန်ညာမောင်းကားများလိုင်စင်သက်တမ်းတိုးပြီး/မပြီး အကြောင်းအချက်များပေါ်မူတည်၍ အရောင်းအဝယ်လုပ်လာကြပြီးလိုင်စင်သက်တမ်း မတိုးရသေးပါကလည်း ဝယ်လက်ရှိပါက လိုင်စင်ဝင်လျှင် ပေးဆောင်ရမည့် အခွန်နှုန်းထားတွက်ချက်မှု ကားအမျိုးအစားပေါ် မူတည်၍ ရောင်းလက်/ဝယ်လက်နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်သည့်ပုံစံ ဖြစ်ပေါ်လာကြောင်း၊ သို့ရာတွင် ယခင်လကလောက် အရောင်းအဝယ်မကောင်းဘဲ ညာမောင်းနှစ်သက်သူများသာ ရုပ်ခံကောင်းသည့် ကားတစ်စီးစနှစ်စီးစ ဝယ်ယူမှုသာရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ရန်ကုန်ဈေးကွက်ထဲတွင် လတ်တလော ပြည်တွင်းတပ်ဆင် အက်စ်ကေဒီကားများ ပိုမိုလူစိတ်ဝင်စားမှုများပြားလာကာ ကုမ္ပဏီအမျိုးအစားများလည်း နှစ်ခု/ သုံးခုထပ်မံဖွင့်လှစ်လာပြီး တရုတ်ကုမ္ပဏီဖြစ်သော်လည်း ဂျပန်အင်ဂျင်တပ်ဆင်ကားများပေါ် ပေါက်လာသဖြင့် ယခင်ရှိရင်းစွဲ ဂျပန်ကုမ္ပဏီထုတ် ကားများအပြင် တရုတ်ကုမ္ပဏီထုတ် ကားများပါ လက်ငင်းငွေချေစနစ်၊ ဘဏ်အရစ်ကျစနစ်စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် မှာယူ/ဝယ်ယူသူများ ရာခိုင်နှုန်းများလာကြောင်း သိရသည်။

စလစ်ကပ်ကားများအနေဖြင့်လည်း ကညနမှ ဖောက်စွပ်ကားများအဖြစ် ပြန်လည် အသုံးချခွင့်ပေးခဲ့သည့် မူမမှန်ကားများမှာ ယာဉ်ဟောင်း အပ်နှံစလစ်ထုတ်ယူခွင့် ရရှိသဖြင့် ဈေးကွက်ထဲဝင်ရောက်လာပြီး လက်ရှိ ၁၂၅ သိန်းကျပ် ပေါက်ဈေးရှိသော်လည်း စလစ်ကပ် ကွန်ဆိုင်းမန့်လက်ကျန်ကားများ ဝယ်ယူစီးနင်းမည့်သူ လတ်တလော နည်းပါးနေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။ **SN**

### ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၀၈) | F | ၁၅၅ သိန်း | ၁ ဝ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၂။ | ဆပ်(ဖ်) (၂၀၀၇) | H | ၂၃၅ သိန်း | ဒီဇယ် ၊ ရန်ကုန်လိုင်စင် |
| ၃။ | အာလ်ဖတ် (၂၀၀၄) | L | ၅၃၀ သိန်း | ၂.၄ ၊ ရန်ကုန်လိုင်စင် |
| ၄။ | ပရိုဘောက်/ဆပ်စီ | J | ၂၃၈ သိန်း | ၁.၅ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၅။ | တိုယိုတာ/ခရောင်း (၂၀၀၅) | K | ၃၇၀ သိန်း | ၂.၄ ၊ ရန်ကုန်လိုင်စင် |
| ၆။ | ရက်ဖိုး (၂၀၀၄) | I | ၃၂၅ သိန်း | ၁.၈ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၇။ | ဟွန်ဒါ/အင်ဆိုဒ် | D | ၁၇၅ သိန်း | ၁.၃ ၊ ဓါတ်ဆီ |
| ၈။ | ဒီမီယို (၂၀၀၉) | E | ၁၄၅ သိန်း | ၁.၃ ဓါတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၉။ | ဆွစ် (၂၀၁၀) | L | ၁၇၅ သိန်း | ၁.၃ ဓါတ်ဆီ၊ နယ်လိုင်စင် |

# လွိုင်ကော်မြို့ လွယ်ထွဲကျေးရွာအုပ်စုရှိ အိန္ဒိယနိုင်ငံ ကာဗာရီမျိုးစေ့ကုမ္ပဏီက ထုတ်လုပ်သော ပြောင်းမျိုးစေ့သစ် မိတ်ဆက်ပွဲကျင်းပ

နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကယားပြည်နယ် လယ်ထွဲကျေးရွာအုပ်စုတွင် မြန်မာတိုးတက်အောင် ကုမ္ပဏီလီမိတက်မှ အိန္ဒိယနိုင်ငံ ကာဗာရီမျိုးစေ့ကုမ္ပဏီက ထုတ်လုပ်သော ပြောင်းမျိုးစေ့စိုက်ပျိုးထားသော ပြောင်းခင်းရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော တောင်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက အဖွင့် အမှာစကားပြောကြားခဲ့ပြီး မြန်မာတိုးတက်အောင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူ ဦးမျိုးညီညီစိုးက ကာဗာရီမျိုးစေ့ကုမ္ပဏီမျိုးစေ့ ဖြန့်ဖြူးရောင်းချရသည့် ရည်ရွယ်ချက်များ၊ ကာဗာရီကုမ္ပဏီမှ တာဝန်ရှိသူမှ ပြောင်းမျိုးစေ့သုံးမျိုးဖြစ်သော KMHE 3550၊ KMHE 4176၊ KMHE 422+ နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် တောင်သူကြီးများက မိမိတို့သိရှိလိုသည့် ပြောင်းမျိုးစေ့အကြောင်းအား ပြန်လည်မေးမြန်းခဲ့ပြီး KMHE 422+ မျိုးစေ့ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့သော ပြောင်းစိုက်ခင်း တစ်ဧကခန့်ကို ပြောင်း ခြွေလှေ့ရိတ်သိမ်းစက်ဖြင့် စမ်းသပ်ခြွေလှေ့ရိတ်သိမ်းခဲ့ရာ ပိဿာချိန် ၂၀၀၀ ခန့်ထွက်ရှိခဲ့ကြောင်း သိရသည်။

**Nyein Wai Hnin ( Loikaw)**

# မအူပင်မြို့နယ် ငှက်ပျောစိုက်ပျိုးထုတ်လုပ်သူ အသင်းဝင်တောင်သူများနှင့် ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တွေ့ဆုံဆွေးနွေး

မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ ဖိုးရာဝဲကျေးရွာရှိကျေးရွာဖွံ့ဖြိုးရေး ကော်မတီရုံးခန်း၌ မအူပင်မြို့နယ်၊ ငှက်ပျောစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ဧရာဝတီတိုင်းဒေသကြီး၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့ တွေ့ဆုံပွဲကို နိုဝင်ဘာ ၇ ရက်တွင် မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဇော်မင်း၊ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများက ပူးပေါင်း စီစဉ်ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ငန်းရှင်များ၊ တောင်သူများ၊ သက်ဆိုင်သော အဖွဲ့အစည်းများဖြင့် ဆောင်ရွက်နေမှုကို ထည့်သွင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်ကအသင်းဖွဲ့စည်းမှုဖြင့် လုပ်ဆောင်ချက်များမှ ရရှိလာမည့် စီးပွားရေး အောင်မြင်မှုများ၊ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် အဏုဇီဝမြေဩဇာ၏ ကောင်းကျိုးများ၊ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ဈေးကွက်ခိုင်မာသော သီးနှံများ ဖြစ်ထွန်းနိုင်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

အခမ်းအနားကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး ငှက်ပျောစိုက်ပျိုးထုတ်လုပ်သူအသင်းမှ တောင်သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ စိုက်ပျိုးရေးပညာရှင်များမှ သေချာစွာ ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ပြီး မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**CONSUMER-MT**

# ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့် စပ်လျဉ်း၍ ရေသန့်လုပ်ငန်းရှင်များအား အသိပညာပေး

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပြဋ္ဌာန်းချက်၊ အခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်နှင့်စပ်လျဉ်း၍ ရေသန့်လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ ရေသန့်လုပ်ငန်းရှင် ၁၈ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူးဦးခင်အောင်သွင်က စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပြဋ္ဌာန်းချက်ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ကုန်စည်/ဝန်ဆောင်မှုအတွက် အာမခံချက်ပေးရမည့် ကဏ္ဍ၊ ဘေးအန္တရာယ်ရှိသော ကုန်စည်/ဝန်ဆောင်မှု အပေါ် တာဝန်ယူရမည့် ကဏ္ဍ၊ ကုန်စည်နှင့်ပတ်သက်၍ မဖြစ်မနေဆောင်ရွက်ရမည့် ကဏ္ဍ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ မြန်မာဘာသာဖြင့် မဖြစ်မနေ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်၊ အယူခံဝင်ခြင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်တွင် မြန်မာဘာသာဖြင့် ဖော်ပြရမည့် အချက်များအား ၂၀၂၀ မတ်လ ၁၅ ရက်မတိုင်ခင် ဖော်ပြရမည်ဖြစ်ပြီး ၁၅ ရက်နောက်ပိုင်းတွင် လိုက်နာခြင်းမရှိသည့် လုပ်ငန်းများအား စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း စသည့်အချက်များကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး ဆွေးနွေးပွဲကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# လက်ပံတန်းမြို့နယ် ပုဂ္ဂလိကဘဏ် လုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် ခရိုင်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့်ပုဂ္ဂလိက (GTB) ဘဏ်လုပ်ငန်းရှင်နှင့် တွေ့ဆုံခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင် ဒုခရိုင်ဦးစီးမှူး ဦးအောင်သိန်း၊ မြို့နယ်တာဝန်ခံ ဦးချစ်ကိုကိုနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက်တွင် ကမ္ဘာ့ရတနာဘဏ်မန်နေဂျာ ဦးသောင်းထိုက်အောင်နှင့် တွေ့ဆုံ၍ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းထားသော စားသုံးသူကာကွယ်ရေးဥပဒေ အခန်း ၁၀ ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များကို ရှင်းလင်းခြင်း၊ ငွေကြေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိလာသည့်အတွက် အသိပညာပေး ကွင်းဆင်းပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ခိုင်ခိုင်ရီ (သာယာဝတီ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၁၈-၁၁-၂၀၁၉ မှ ၂၄-၁၁-၂၀၁၉ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဂုဏ်မာနကြီးမှုရှိနေတတ်သည်။ ဟိတ်ဟန်အပြည့်နှင့်နေတတ်မည်။ အယူအဆအကြံအစည် လုပ်ကိုင်နိုင်မှု ကောင်းမွန်နေမည်။ စီးပွားရေးလုပ်ငန်းတွင် ဘယဆေးနှင့်ဆေးပင်များ စိုက်ပျိုးခြင်း၊ ရော်ဘာနှင့်ပြုလုပ်သော ပစ္စည်းများ အကျိုးပေးကံကောင်းတတ်ပါသည်။ ပညာရေးတွင် တီထွင်ဉာဏ်အားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး ဝေးကွာနေတတ်သည်။ ကျန်းမာရေးပုံမှန်အနေအထားရှိပါသည်။

**ယတြာ။ ကော်ဖီရောင်အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးအဆင်ပြေစေရန် အကူအညီတောင်းမည့်သူရှိလာတတ်သည်။ လူမှုရေးပတ်ဝန်းကျင်တွင် အဆင်ပြေအောင်နေနိုင်လိမ့်မည်။ ရေသန့်လုပ်ငန်းနှင့် ရေထွက်ပစ္စည်းများ အဆင်ပြေအောင်၊ အကျိုးပေးမှုရှိလာတတ်ပါသည်။ ပညာရေးတွင် မျှော်လင့်ချက်အတိုင်း ဖြစ်လာလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အခက်အခဲရှိနေတတ်သည်။ ကျန်းမာရေး သင့်တင့်နေတတ်သည်။

**ယတြာ။ ပုလဲရတနာကို အသားနှင့်ထိအောင်ဆောင်ပါ။**




**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်အခွင့်အလန်းများရှိလာတတ်သည်။ စက်ကိရိယာပစ္စည်းများနှင့် ရွှေလုပ်ငန်းတို့ အကျိုးပေးလာတတ်ပါသည်။ ဌာနဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သူဆိုလျှင် ပူးတွဲတာဝန်ယူမှုများ ဆောင်ရွက်ပေးရတတ်သည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် ညှိနှိုင်းနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဝေဒနာစွဲကပ်ခြင်းမရှိပါ။ ကျန်းမာနေမည်။

**ယတြာ။ သနပ်ခါးအရောင်ကိုအသုံးပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အထွေထွေဗဟုသုတ ရှိနေတတ်သည်။ လောကီပညာရပ်နှင့် အနုပညာရပ်တို့တွင် စိတ်အားသာလျက်ရှိမည်။ ပင်ကိုစွမ်းရည်ရှိသူဖြစ်၍ သူတစ်ပါးထက် အောင်မြင်သူများဖြစ်နိုင်ပါသည်။ ပညာရေးတွင် စနစ်တကျကြိုးစားပါမှ အောင်မြင်မှုများရရှိလာမည်။ အချစ်ရေးတွင် တစ်ဦးနှင့်တစ်ဦးနားလည်မှုများ ရရှိလိမ့်မည်။ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူဘဝပြဿနာအဖြာဖြာတို့ကို ရှန်းကန်ဖြေရှင်းနိုင်မည်။ ကျန်းမာရေးကြံ့ခိုင်သော အခြေအနေရှိပါသည်။

**ယတြာ။ ဖက်ဖူးရောင်ကိုအသုံးပြုပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အတက်အကျအရှိန်အဟုန်ပြင်းထန်သော သဘောရှိတတ်သည်။ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးပညာရေး ဝန်ထမ်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အခက်အခဲမရှိကျော်လွှားအောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေနေမည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် မိသားစုအတွက် သောကဖြစ်ဖွယ်သော ကိစ္စများကြုံရတတ် သည်။ ကျန်းမာရေးတွင် ကိုယ်ခံစွမ်းအားကောင်းမွန်နေသဖြင့် စိုးရိမ်စရာမရှိပါ။

**ယတြာ။ ရောထွေးသော အရောင်အသုံးပြုပါ။**



**သောကြာသားသမီးများအတွက်** မင်းစိုးရာဇာနှင့်ပတ်သက်ပြီး အခွင့်အလန်းကောင်းများ ရရှိတတ်ပါသည်။ ချည်ထည်၊ ပိုးထည်လုပ်ငန်းများနှင့် စက်ရုံလုပ်ငန်းများအကျိုးပေးကံကောင်းနေမည်။ ကျောင်းပညာရေးနှင့်လုပ်ငန်းခွင်ပညာရေးတို့ အကျိုးပေးကောင်းနေမည်။အချစ်ရေးတွင်မေတ္တာစကားဆိုသူနှင့် သစ္စာစကားပြောရမည်။ ကျန်းမာရေးတွင်စိတ်အာရုံထိခိုက်စရာများ ကြုံရတတ်သည်။ ဝမ်းဗိုက်မအီမသာ ဖြစ်ခြင်း ရောဂါဝေဒနာတို့ ခံစားရမှု ကြုံရတတ်သည်။

**ယတြာ။ စိန်ရတနာကို အသားနှင့်ထိအောင် အမြဲဆောင်ပါ။**



**စနေသားသမီးများအတွက်** ရဲဝံ့တည်ကြည်စွာလုပ်ကိုင်ပါမှ အောင်မြင်မှုကို ရရှိလိမ့်မည်။ ရွှေ စက်ကိရိယာတို့နှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမှုရှိမည်။ ပညာရေးတွင် ဦးနှောက်အနေအထား စဉ်းစားပေးနိုင်မှုကောင်းပါသည်။ ချစ်သူနှင့် ချစ်မေတ္တာပြေလည်ခိုင်မြဲမှုရှိနေမည်။ အိမ်ထောင်ရေးပုံမှန်အနေအထားတွင် ရှိသည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲတတ်ပါသည်။

**ယတြာ။ သံ၊ သတ္တုအရာဝတ္ထုပစ္စည်းဆောင်ပါ။**

## မိုးညှင်းမြို့ရှိ အိမ်ဆောက်ပစ္စည်းနှင့် ကုန်မာရောင်းချသည့် လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေရှင်းလင်း

ကချင်ပြည်နယ် မိုးညှင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက်တွင် မိုးညှင်းခရိုင်ဦးစီးမှူးရုံးခန်း၌ အိမ်ဆောက်ပစ္စည်းနှင့် ကုန်မာရောင်းချသည့် လုပ်ငန်းရှင် ၃၉ ဦး အား ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးဦးမောင်မောင်ခိုင်က ထုတ်လုပ်/တင်သွင်း ရောင်းချသည့် လုပ်ငန်းရှင်များသည် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများကိုသိရှိနားလည်ရန်လိုကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေအခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းကို သိရှိလိုက်နာဆောင်ရွက်လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခန်း ၁၈ ပြဋ္ဌာန်းချက် စတင်အာဏာ သက်ရောက်မည့် ၂၀၂၀ ခုနှစ်၊ မတ် ၁၅ ရက် မတိုင်မီ ကုန်စည်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် စီးပွားရေးလုပ်ကိုင်သော လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူ ကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းချက်များကို သိရှိနားလည်လိုက်နာ ဆောင်ရွက်စေရန်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးက စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် အစိုးရ၊ စားသုံးသူ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာလျှင် ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူများ၏ အခွင့်အရေးများကို သိရှိနားလည်၍ မှန်ကန်တိကျသည့် သတင်းအချက်အလက်များ ပေးရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင် ဦးစီးမှူးက ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**ဝင်းလှဲ့လှဲ့မွန် (မိုးညှင်း)**

## ဝက်လက်မြို့ အလက(ခွဲ)တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝက်လက်မြို့နယ်တာဝန်ခံရုံးအနေဖြင့် စားသုံး သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံမှုရှိသော ကုန်စည်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စားသုံးသူ ကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့၊ ကျောင်းစားသုံးသူရေးရာအဖွဲ့များဖြင့် ပူးပေါင်း၍ ဝက်လက်မြို့ အမှတ် (၃) ရပ်ကွက်ရှိ အလက(ခွဲ)၌ ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းဈေးသည်များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှု ဟောပြောခဲ့သည်။

ဟောပြောဆောင်ရွက်ရာတွင်မြို့နယ်တာဝန်ခံဦးမျိုးအောင်က စားသုံးသူ၏အဓိပ္ပာယ်၊ စားသုံးသူများရရှိခံစားနိုင်မည့် စားသုံးသူ၏ အခွင့်အရေးများ၊ စားသောက်ကုန်စည်များတွင် ထည့်သွင်းဖော်ပြရမည့် ၂၀၁၉ခုနှစ် စားသုံးသူ ကာကွယ်ရေး ဥပဒေပါအခန်း(၁၈) ကုန်ညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာများအား တက်ရောက်လာသူများအား ဟောပြောဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့ဖြင့် ကျောင်းဈေးဆိုင်များသို့တားမြစ်စားသောက်ကုန်များ၊ အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ရာ ဓာတုဆိုးဆေးများပါဝင်သည်ဟု ယူဆရသောပြည်တွင်း ထုတ်ရောင်စုံချိုချဉ်လုံးများ၊ အသားပြားကြော်ထုတ်များ၊ စစ်ဆေးတွေ့ရှိ၍ အဆိုပါစားသောက်ကုန်များအား ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မျိုးအောင်**

## ပုသိမ်ဟိုတယ်တွင် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်မှုများ တိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့သည် နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန (International Trade Center- ITC) နှင့် ပူးပေါင်း၍ ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department For International Development- DFID) အဖွဲ့အစည်း၏ အထောက်အပံ့ဖြင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ (Ayeyawady Region Investment Promotion Strategy) 1st stakeholder's consultation ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ လ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဧရာမြေ (ပုသိမ်)**

## ရေနံချောင်းတွင် ဝါစိုက်တောင်သူများ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် နတ်မောက်မြို့နယ်တို့တွင် ဝါများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ဝါဈေးကောင်းရလျက်ရှိသည်။ လက်ရှိဝါကတော့ လှိုင်လှိုင်ပွင့် လှိုင်လှိုင်ကောက်နေရတယ်။ အလုပ်သမားမရတော့ ပုတ်ပြတ်ငှားရတယ်။ ဈေးပိုပေးရတယ်။ အလုပ်သမားတစ်ဦး တစ်နေ့ ကျပ် ၅၀၀၀ ပေးရတယ်။ ပုတ်ပြတ်ငှားလျှင် ကျပ် ၃၀၀၀ ပေးရတယ်။ "အလုပ်သမားတွေ ဝင်ငွေကောင်းနေတယ်"ဟု တောင်သူဦးမြင့်သန်းက ပြောသည်။

လက်ရှိ ဝါဈေးကွက် အခြေအနေမှာ ဝါတစ်ပိဿာ ကျပ် ၁၂၀၀ ရောင်းရကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်တွင် ဝါကို စက်မှုသီးနှံအဖြစ် စိုက်ပျိုးကြပြီး ယခုနှစ်တွင် အထွက်နှုန်းမှာ ၅၀၀ ပိဿာထွက်ရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ဆန်းညွှန့် (ရေနံချောင်း)**

# မြန်မာ့ဝဥ ပြည်ပဈေးကွက်အလားအလာ





ခင်ချောစု ( ကုန်သွယ်မြှင့် )

## ဝဥ

တရုတ်နိုင်ငံယူနန်ပြည်နယ်သည် 'ဝဥ' ၏ မူလဇာတိဖြစ်ပြီး အရှေ့အာရှ တစ်လွှားသို့ပျံ့နှံ့ခဲ့သည်ဟုဆိုပါသည်။ ဂျပန်အမည်ဖြစ်သော Konjac ဟုလည်း ထင်ရှားကျော်စောပါသည်။ Konjac ကို Yam Cake ခေါ် ကျောက်ကျောတုံးပုံမုန့်အဖြစ်လည်း ထင်ရှားလူကြိုက်များပြီး ဝဥမှ ပြုလုပ်သော "Shirataki" ခေါ်ခေါက်ဆွဲမှာလည်း ဂျပန်တွင်ကျော်ကြားပါသည်။ မြန်မာနိုင်ငံတွင် ယခင်က သဘာဝပေါက်ပင်အဖြစ် ပေါက်ရောက်ပြီး ယခုအခါ ပြည်ပတင်ပို့မှုများပြားလာသဖြင့် စနစ်တကျစိုက်ပျိုး ထုတ်လုပ်လာကြသည်။

## လက်ရှိဝဥကမ္ဘာဈေးကွက်

ကမ္ဘာတွင်ဝဥကို နိုင်ဂျီးရီးယားနိုင်ငံတွင်အများဆုံးစိုက်ပျိုးထုတ်လုပ်မှုရှိပြီး တင်ပို့မှုအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။ ဝဥကိုအများဆုံး တင်သွင်းမှုရှိသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ကြောင်း တွေ့ရသည်။ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့သည်လည်း ဝဥကို တင်သွင်းကြကြောင်း တွေ့ရှိရသည်။

## မြန်မာ့ဝဥ

ပိန်းဥအနွယ်ဝင်ဖြစ်သောဝဥသည်မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေါက်ရောက် လေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဝဥကို စားသုံးမှုမှာမရှိသလောက်နည်းပါးပြီး လူသိလည်းနည်းပါးပါသည်။

သဘာဝပေါက်ပင်အဖြစ် အနောက်ရိုးမတောင်တန်း၏ တောင်ဆွယ်၊ တောင်ဖျား၊ တောင်ပေါ်ဒေသများတွင် အလေ့ကျပေါက်ရောက်လေ့ရှိပြီး မျိုးအနေဖြင့် ချင်းမျိုး၊ မော်လမြိုင်မျိုး၊ ဒေသမျိုးဟူ၍ မျိုးစိတ် အမည်များရှိပါကြောင်းလေ့လာသိရှိရသည်။ မြန်မာနိုင်ငံတွင် 'ဝ'ဥပင်များကို ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်းပိုင်း၊ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ သစ်ရိပ်၊ ဝါးရိပ်ကောင်း၊ အစိုဓာတ်ကောင်းသည့် နေရာများတွင် သဘာဝအလျောက်အမြောက်အမြားပေါက်ရောက်လျက်ရှိသည်။ ယခုအခါဝဥခြောက်လုပ်ငန်းပိုမိုတွင်ကျယ်လာသဖြင့် စိုက်ခင်းများဖြင့် စနစ်တကျ စိုက်ပျိုးလာကြပြီး ဝဥတူးဖော် ရောင်းချသူများလည်း များပြားလျက်ရှိသည်။ ဝဥမျိုးများပေါက်ရောက်ဖြစ်ထွန်းနေမှုကို လေ့လာကြည့်လျှင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ၊ မော်လမြိုင်ဒေသများမှာ Amorphophallus Purpuracens ဝဥမျိုးဖြစ်ထွန်းကြောင်း မြစ်ကြီးနား၊ ကသာဒေသတွင် ABulbifer ဝဥမျိုးနှင့် A. Karamsi မျိုးများ နေရာယူထားကြောင်း၊ သာယာဝတီမြို့နယ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် A.Cholorospathus ဝဥမျိုး အောင်မြင်လျက်ရှိကြောင်း သိရသည်။ ကရင်ပြည်နယ်နှင့် တောင်တန်းဒေသများတွင် A. Oneophyllum မျိုးနှင့် A.Burmaicus ဝဥများရေမြေဒေသနှင့် ကိုက်ညီနေသည်။ ရှမ်းပြည်နယ်တောင်းပိုင်း၊ မြောက်ပိုင်းနှင့် ပြင်ဦးလွင်၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှာA.Cholorospathus မျိုးနှင့် A.ConJak ဝဥမျိုးများ ပေါက်ရောက်ဖြစ်ထွန်းကြောင်း သိရသည်။

အရည်အသွေးမြင့်ပြည်ပတင်ပို့နိုင်ရန် စက်ကိရိယာအသုံးပြု၍ ဝဥရေဆေးခြင်း၊ အခွံခွာခြင်း၊အပါးလှီးခြင်း၊ အခြောက်ခံခြင်းများ ဆောင်ရွက်နေသော်လည်း အမှုန့်ကြိတ်ခြင်း၊ အဆင့်ခွဲခြားခြင်းဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရန် ဈေးကွက်ကြိုက်ဝယ်လိုအားကောင်းသည့်မျိုးများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်သည်။

## မြန်မာ့ဝဥဈေးကွက်မြင့်တင်ရေး

လက်ရှိအခြေအနေတွင် ဝဥကိုချင်းပြည်နယ်တွင် ဝဥ အခြောက်ခံစက် (Solar)ဖြင့် အသုံးပြုရသောအခြောက်ခံစက် အသေးသာရှိသည့်အတွက် Value added ပြုလုပ်နိုင်ခြင်း မရှိကြောင်းValue added ထုတ်နိုင်ရန်စက်အကြီးဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ဝဥအခြောက်ခံစက်ကြီးကို ရေး၊ မြဝတီနှင့် မန္တလေးမြို့တို့တွင်ရှိသော်လည်း Value added ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း၊ ဝဥအခြောက်သာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ဝဥကို ဝဥခြောက်အနေဖြင့်သာ တင်ပို့မှု များပြားကြောင်း တွေ့ရှိရသည်။ ဝယ်ယူသည့်နိုင်ငံမှာလည်း တရုတ်နိုင်ငံမှသာ အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှ ဝဥခြောက်ကို အမှုန့်ပြုလုပ်၍ လည်းကောင်း၊ ခေါက်ဆွဲမျှင် ပြုလုပ်၍ လည်းကောင်း၊ ဂျယ်လီပြုလုပ်၍လည်းကောင်း(Value added) ပြုလုပ်၍ သုံးစွဲကြောင်း၊ ဝဥ ခြောက်အမှုန့်အား ပျားရည်နှင့်တွဲဖက်၍ အဆီကျစေရန် သုံးစွဲမှု များရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဥ(ခေါ်) ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပြည်ပပို့ရန် ဆောင်ရွက်မှုများအနေဖြင့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ ကန်ပုလဲစက်ရုံ (Victory Garden) ကုမ္ပဏီမှ ဝဥသီးနှံ အခြောက်ခံစက်ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဝဥကို ဆေးကြောခြင်း၊Slide အတွက် လှီးဖြတ်ခြင်း၊ အခြောက်ခံခြင်း များကို စက်ဖြင့် လုပ်ဆောင်နေကြောင်း၊ (Solar) ဖြင့် အခြောက်ခံကြောင်း သိရှိရသည်။ စက်ဖြင့် ဆောင်ရွက်သည့်အခါ တစ်မိနစ်လျှင် ပိဿာချိန် ၃၀ ရရှိသည်။ စက်ရုံအကြီးဖြင့် ဆောင်ရွက်ခြင်းဖြင့် ဝဥတွင် Glucomonon ဓာတ်ပါဝင်မှုမှာ ၄၀၀၀ ရှိရာမှ ၂၀၀၀၀ ထိ ပါဝင်နိုင်သည့်အတွက် ဈေးနှုန်းမှာ လက်ရှိထက် တစ်ဆခွဲခန့်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရန်အတွက် စက်ရုံကြီးဆောက်လုပ်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုစားကုန်ကဏ္ဍကို တိုးတက်မြင့်မားရေးအတွက်ပါ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ်ထွက် ဝဥ (ခေါ်) ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပြည်ပသို့တိုးမြင့်တင်ပို့ရန်အတွက် စက်ရုံအကြီး တည်ဆောက်ပါက လှီးဖြတ်ခြင်း၊ ဆေးကြောခြင်း၊ အခြောက်ခံခြင်းတို့မှာ အချိန်သက်သာခြင်း၊ လူအင်အားသက်သာ၍ အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မြန်မာနိုင်ငံ၏ ဝဥသီးနှံစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ဝဥ သီးနှံကို ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ပိုလျှံမှုအမြတ်ပိဿာချိန်ပေါင်း ၃၅ ဒသမ ၂၄ သိန်းခန့်ရှိပြီး တစ်နိုင်ငံလုံးစိုက်ပျိုးမှုအပေါ်တွင် ပျမ်းမျှတစ်ဧက ကုန်ကျစရိတ် ၁၉ ဒသမ ၄၁ သိန်း၊ ဝင်ငွေအနေဖြင့် ၂၂ ဒသမ ၂၀ သိန်း အကျိုး အမြတ်ရရှိမှုမှာ ၅ ဒသမ ၁၄ သိန်းရရှိနိုင်ကြောင်း သိရှိရသည်။ ဝဥပင်များကို စနစ်တကျစိုက်ပျိုးမြေပြုပြင်၍ စိုက်ပျိုးပါက တစ်ဧကလျှင် အပင်ပေါင်း ၅၀၀၀ မှ ၉၀၀၀ အထိဝင်ဆံ့နိုင်ပြီး တစ်ပင်တွင် ဥတစ်ပိဿာထွက်ရှိနိုင်သဖြင့် ဥပိဿာချိန် ၅၀၀၀ မှ ၁၀၀၀၀ ထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

ဝဥသီးနှံကို ချင်းပြည်နယ်နေရာအနှံ့တွင် စိုက်ပျိုးကြပြီး ချင်းပြည်နယ်ထွက် ဝဥသည် အခြားဒေသတွင်ထွက်သော ဝဥများထက် အရည်အသွေးအရသာပိုမိုကောင်းမွန်ကြောင်း၊ ဝဥများကိုမန္တလေးမြို့၊ မူဆယ်မြို့သို့ တင်ပို့ရောင်းချကြသည့်အပြင် အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်၊အင်ဒိုနီးရှားနှင့်ကျန်နိုင်ငံတို့မှဆက်လက်ဝယ်ယူဖွယ်ရှိသောဝဥအခြောက်/မှုန့်များ ကိုမင်းတပ်မြို့နယ်အတွင်း ကျေးရွာများမှ ဝဥအခြောက်နှင့် အမှုန့်များပြုလုပ် ၍တင်ပို့နေကြောင်း မြန်မာနိုင်ငံအတွင်းအရောင်း အဝယ်ဖြစ်နေသော ဝဥ အမျိုးအစားများမှာ သုံးမျိုးရှိပြီး ပန်းရောင်၊ အဝါရောင်၊ အဖြူရောင်တို့ဖြစ်သည်။ ပန်းရောင်မှာ ပထမတန်းစား၊ အဝါရောင်မှာဒုတိယတန်းစား၊ အဖြူရောင်မှာ တတိယတန်းစားဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်ထွက် ဝဥများကို ယခင်က သဘာဝတောတောင်များအတွင်းမှ လိုက်လံရှာဖွေတူးဖော်ကြရပြီး ယခုအခါတောတွင်းမှမျိုးဥများရ၍ ကိုယ်ပိုင်စိုက်ပျိုးခြင်းဖြင့် စနစ်တကျ စိုက်ပျိုးမှုရှိလာသည့်အတွက် ပြည်ပအဝယ်များသွက်လာပြီး ကုန်ကြမ်းဝယ်ယူသည့်အပြင် ဝဥမျိုးများကို ယခင်ကထက် စနစ်တကျစီးပွားဖြစ်စိုက်ပျိုးမှုရှိလာကြောင်းတွေ့ရပြီး ဝဥမှ ထုတ်လုပ်သော ဝဥမှုန့်၊ ဝဥခြောက်များ ထုတ်လုပ်ခြင်းဖြင့် ချင်းပြည်နယ်၏ ဝင်ငွေကောင်းသော ပို့ကုန်တစ်ခုအဖြစ် ရောက်ရှိလာမည်ဟု ယုံကြည်မိပါသည်။

## ဝဥပြုပြင်ထုတ်လုပ်မှု

ဝဥ သီးနှံ တန်ဖိုးမြှင့်ထုတ်ရန် ဝဥခြောက်/ဝဥခြောက်မှုန့်ပြုလုပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို အောက်ပါနည်းလမ်းဖြင့် ဆောင်ရွက်ရသည်။

(က) ဝဥအစိုကုန်ကြမ်းများကိုရေစင်အောင် ဆေးကြောခြင်း
(ခ) ရေဆေးပြီး ဝဥများကို အခွံစင်အောင်ခြစ်ထုတ်ခြင်း
(ဂ) အခွံစင်ပြီး ဝဥများကို ဓားဖြင့်လက်တစ်လုံးခန့် လှီးဖြတ်ခြင်း
(ဃ) လှီးဖြတ်ပြီး ဝဥအစိုများအား ပေါင်းဖိုပေါ်ရှိ ဆီတံဖြင့် ထိုး၍ မီးသွေးမီးဖြင့် အပူပေးပြီးဝဥအခြောက်ပြုလုပ်ခြင်း
(င) ပေါင်းခံရရှိလာသော ဝဥခြောက်များအား စက်ဖြင့်ကြိတ်၍ အမှုန့်ပြုလုပ်ခြင်းတို့ဖြစ်သည်။

ပြုပြင်ထုတ်လုပ်မှုအပိုင်းတွင် ဝဥ အစိုခြောက်ပိဿာလျှင် ဝဥအခြောက် တစ်ပိဿာရ၍ အခြောက် တစ်ပိဿာကို အမှုန့်ပြုလုပ်ပါက ၈၀ ကျပ်သားခန့်ရရှိကြောင်း သိရသည်။ ဝဥအထွက်နှုန်းများသောကာလမှာ စက်တင်ဘာလမှ အောက်တိုဘာလအထိဖြစ်ပြီး ဝဥများတူးဖော်မရသည့်အချိန်ထိ ဝဥအသစ်များမပျက်စီးစေရန် ထိန်းသိမ်းရန် လိုအပ်ကြောင်း သိရသည်။ ဂျပန်သို့တင်ပို့သော ဝဥခြောက်များကို ဖိုများတွင် မီးငွေ့ငွေ့ဖြင့် အခြောက်ပြုလုပ်ကာ တင်ပို့ပေးရကြောင်း သိရသည်။ နေလှန်းနည်းသည် အရောင်အဆင်းမလှဘဲ ဖိုတွင်မီးတင်၍ အခြောက်ပြုလုပ်သောနည်းမှာ အရည်အသွေးလှပကြောင်း သိရသည်။

ပို့ကုန် အလားအလာရှိသော ဝဥစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်လာစေရန်အတွက် ဝဥ စိုက်ပျိုးထုတ်လုပ်မှုများအား နည်းပညာများ ရင်းနှီးမြှုပ်နှံမှုများ၊ သွင်းအားစုများ စိုက်ဧက တိုးချဲ့နိုင်ရေးဆောင်ရွက်ပေးမည့်အစီအစဉ်များ စိုက်ပျိုးထုတ်မှု မြင့်တင်ရေးအတွက် စိုက်ပျိုးရေးအကူအညီများအား၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ဝဥကို လက်ရှိအခြေအနေတွင် ဝဥအခြောက်ကုန်ကြမ်းအဖြစ် တင်ပို့နိုင်ပြီး အမှုန့်ကြိတ်ခြင်း အဆင့်ခွဲခြားခြင်းတို့ကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက် ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဝဥ အရည်အသွေးမြှင့် ပြည်ပပို့ကုန် တင်ပို့နိုင်ရန် စက်ကိရိယာအသုံးပြု၍ ဝဥ ရေဆေးခြင်း၊ အခွံနွာခြင်း၊ အပါးလှီးခြင်း၊ အခြောက်ခံခြင်းများ ဆောင်ရွက်နေပြီဖြစ်သော်လည်း အမှုန့်ကြိတ်ခြင်း၊ အဆင့်ခွဲခြားခြင်းဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များ တင်ပို့နိုင်ရန် ဈေးကွက်ကြိုက်ဝယ်လိုအားကောင်းသည့် မျိုးများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရပေသည်။ ပို့ကုန်မြှင့်တင်ရေးအတွက် အလားအလာကောင်းသော ဈေးကွက်အကြိုက် အရည်အသွေးမီ ထုတ်ကုန်များ စိုက်ပျိုးသီးနှံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုရေးသားခြင်းဖြစ်ပြီး ပြည်ပဝင်ငွေတိုးမြင့်ရန် သေချာနေသောသီးနှံတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

# ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ ကျောက်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ တည်ထောင်

ပြည်တွင်း၌ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ ကျောက်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီကို နိုဝင်ဘာ ၇ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီရုံးခန်းကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဂမုန်းပွင့်ကွန်ဒိုတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီတည်ထောင်ခြင်းကို ဩဂုတ် ၃ ရက်ကတည်းက စတင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခွင့်ကိုလည်း အောက်တိုဘာ ၃၀ ရက်တွင် စတင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကုမ္ပဏီမဖြစ်လာခင်မှာ မိခင်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းဆိုတာ ရှိပါတယ်။ အဲဒီကတစ်ဆင့် လုပ်ငန်းရှင်တွေ စုစည်းထားတဲ့အားနဲ့ မြန်မာနိုင်ငံ ကျောက်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီဆိုပြီးတော့ ပေါ်ပေါက်လာတာပါ။ ဒီလိုဖွင့်လှစ်လိုက်တဲ့အတွက် ဒီကုမ္ပဏီရဲ့ ဖွံ့ဖြိုးမှုနဲ့ ဒီအသင်းရဲ့ ဖွံ့ဖြိုးမှုအပေါ်မှာ လုပ်ငန်းရှင်တွေရဲ့ ဘဝနဲ့အသက်လို့ ပြောလို့ရပါတယ်။ ဒီအသင်း ဖြစ်လာပြီးနောက်ပိုင်းမှာ အခက်အခဲတွေကိုလည်း ဖြေရှင်းနိုင်ခဲ့ပါပြီ။ အဲဒါကြောင့် ရေရှည်ရပ်တည်နိုင်ဖို့အတွက် တစ်ဆင့်ကူးတဲ့အနေနဲ့ ကျွန်တော်တို့က ဒီအများပိုင်ကုမ္ပဏီဆိုပြီး ကျောက်ထုတ်လုပ်ငန်းများနဲ့ပတ်သက်တဲ့ အများပိုင်ကုမ္ပဏီပေါ်ပေါက်လာတာပါ"ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းအောင်က ပြောသည်။

ဆောက်လုပ်ရေး လုပ်ငန်းများအနေဖြင့် ဘိလပ်မြေ၊ သဲ စသည်တို့နှင့်သာ လုပ်ငန်းလုပ်ဆောင်နိုင်သည့် အခြေအနေမဟုတ်ဘဲ ကျောက်များကို မဖြစ်မနေ သုံးစွဲရခြင်းဖြစ်ကြောင်း၊ ယင်းအတွက် ယခုကဲ့သို့ ကုမ္ပဏီပေါ်ပေါက်လာခြင်းသည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ကြောင်း၊ ယခင်ကကျောက်များကို သုံးစွဲရန်အတွက် ခွဲကျောက်နှင့် ကျောက်တောင်များကိုဖြို၍ ဆောင်ရွက်ရသလို မြစ်ကျောက်စနစ်ကိုလည်း သုံးခဲ့သည့် အခြေအနေများရှိကြောင်း သိရသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောက်ထုတ်လုပ်ငန်းရှင်ပေါင်း ၂၄၀၀ ကျော်မှ နှစ်စဉ်ကျောက်ကျင်းပေါင်း သိန်း ၄၀ ကျော်ကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ချောစု**

# UMFCCI နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ ကျင်းပမည်



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ MICC-2 ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်မြို့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်မည်ဖြစ်ပြီး နံနက်ပိုင်းအစီအစဉ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အစီအစဉ်နှင့် Mega-Trends (Global Economy and Mega-Trends by Mckinsey & Company)၊ မြန်မာ့စီးပွားရေးနှင့် အနာဂတ်အလားအလာများ (Myanamar Economy and Future Prospects by the World Bank Group)၊ စီးပွားရေးနှင့် စတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းရေး (The 4th Industrial Revolution 4.0 and Business by the World Economic Forum) စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"အသင်းချုပ်ကြီးက အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြားပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးအခက်အခဲအတားအဆီး စိန်ခေါ်မှုတွေကို ဖြေရှင်းပေးခဲ့ပါတယ်။ ဒီအသင်းချုပ်ကြီး နှစ် (၁၀၀)မက ဆက်လက်တည်ရှိနေရန်လည်း လိုအပ်နေမှာ ဖြစ်ပါတယ်။နှစ် (၁၀၀) ပြည့်အခမ်းအနားကို စည်းကားသိုက်မြိုက်စွာ ကျင်းပမှာဖြစ်ပြီး ကူညီပေးကြတဲ့ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ပါတယ်" ဟု UMFCCI ဒု-ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါဝင်၍ "Building a Competitive Myanmar Economy"၊ "A Strategic Investment for the Future" ခေါင်းစဉ်တို့ဖြင့် အစိုးရ-ပုဂ္ဂလိကနှင့် ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ငွေပေးချေမှုနှင့် စိစစ်အတည်ပြုခြင်းများအတွက် Biometrics နည်းလမ်းများကို မြန်မာပြည်သူများ စိတ်ဝင်စားမှုရှိ

ပြည်တွင်း စားသုံးသူပြည်သူအများစုသည် ငွေပေးချေမှုနှင့် စိစစ်အတည်ပြုခြင်းများအတွက် Biometrics နည်းလမ်းများကို အသုံးပြုရန် စိတ်ဝင်စားမှုရှိကြောင်း Visa ကပြုလုပ်သော သုံးစွဲသူများ၏ငွေပေးချေမှုဆိုင်ရာ အလေ့အထများ လေ့လာဆန်းစစ်ချက်အရ သိရသည်။

ယခုလေ့လာဆန်းစစ်ချက်အရ ဖြေဆိုသူအားလုံး၏ ၄၀ရာခိုင်နှုန်းခန့်သည် ငွေပေးချေမှုများနှင့် စိစစ်အတည်ပြုခြင်း (Authentication)တို့အတွက် လက်ဗွေရာ၊ မျက်နှာသွင်ပြင်လက္ခဏာများ၊ အသံ၊ မျက်ကြည်လွှာ၊ သွေးပြန်ကြော၊ DNA စသည်တို့ဖြင့် SCAN ဖတ်ခြင်း၊ အသိအမှတ်ပြုခြင်းကိုအသုံးပြုသည့် Biometrices များကို ပြောင်းလဲအသုံးပြုရန် စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"သုံးစွဲသူတွေရဲ့ ငွေပေးချေမှုပြုလုပ်တဲ့ပုံစံကို ပြောင်းလဲပေးနေတဲ့ အသစ်အသစ်သော ငွေပေးချေမှုနည်းလမ်းတွေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံက သုံးစွဲသူတွေဟာ ငွေပေးချေမှုနည်းလမ်းပိုင်းရဲ့ နည်းပညာတိုးတက်မှုတွေကို သဘောကျတယ်ဆိုတာ သိနိုင်ပါတယ်။ နည်းပညာပိုင်း နားလည်တတ်ကျွမ်းမှုရှိနေပြီဖြစ်တဲ့ မြန်မာပြည်သူတွေက ဒစ်ဂျစ်တယ်ငွေပေးချေမှုအသုံးပြုခြင်းရဲ့ အကျိုးကျေးဇူးတွေကို သိရှိနားလည်လာကြတာကြောင့် စိတ်အားတက်မိပါတယ်"ဟု Visa Myanmar ၏ Country Manager ဖြစ်သူ Lillian Wang က ပြောသည်။

Biometrics နည်းလမ်းများတွင် အသုံးအများဆုံးနည်းလမ်းများမှာ လက်ဗွေ SCAN ဖတ်ခြင်း၊ မျက်နှာသွင်ပြင် လက္ခဏာများ အသိအမှတ်ပြုခြင်း၊ မျက်ကြည်လွှာ SCAN ဖတ်ခြင်းနှင့် အသံအသိအမှတ်ပြုခြင်းတို့ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံမှာ Visa Contactless နည်းပညာလိုမျိုး ဆန်းသစ်တဲ့ ငွေပေးချေမှုနည်းလမ်းတွေကို ဦးဆောင်ဦးရွက်ပြုပြီး မိတ်ဆက်ပေးခဲ့သလို ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေ၊ ငွေကြေးစီမံခန့်ခွဲမှုတွေရဲ့ အကျိုးကျေးဇူးတွေအကြောင်းကိုလည်း သုံးစွဲသူတွေကို အသိပညာပေးနိုင်ခဲ့ပါတယ်။ ယခုလို တိုးတက်လာတဲ့အခြေအနေအတွက် ဂုဏ်ယူမိပေမယ့် နိုင်ငံတစ်ဝန်းဒစ်ဂျစ် တယ်ငွေပေးချေမှုကို လက်ခံအသုံးပြုမှုကို တိုးမြှင့်သွားဖို့အတွက် ဆက်လက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဖို့ ငွေပေးချေမှု ဂေဟစနစ်ထဲမှာ ဆန်းသစ်တဲ့ငွေပေးချေမှု နည်းလမ်းတွေကို မိတ်ဆက်ပေးပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လုပ်သွားဖို့ ကြိုးစားနေပါတယ်"ဟု Lillian Wang က ဆက်လက်ပြောကြားသည်။

**သန်းထိုက်အောင်**

# YBS ယာဉ်မောင်းများကို ထိန်းချုပ်နိုင်မည့် စမတ်ကတ် ၆၀၀၀ ကျော် ထုတ်ပေးထား

ခရီးသည်များ၏ တိုင်ကြားမှုနှင့် ပတ်သက်၍ YBS ယာဉ်မောင်းများကို အလွယ်တကူ စိစစ်ထိန်းချုပ်နိုင်စေရန် အတွက် စမတ်ကတ် ၆၆၀၂ ဦးအထိ ထုတ်ပေးထားပြီး ဖြစ်ကြောင်း သိရ သည်။

ထိုကဲ့သို့ စမတ်ကတ်များ ထုတ်ပေးရခြင်းမှာ ယာဉ်မောင်းများနှင့်ပတ်သက်၍ တိုင်ကြားသည့်ကိစ္စများ၊ ယာဉ်လိုင်းများမှ ယာဉ်မောင်းများကို ထုတ်ပယ်သည့် ကိစ္စရပ်များကို စိစစ်ရာ၌ ပိုမို လွယ်ကူမြန်ဆန်စေရန်ဖြစ်ပြီး ယာဉ်မောင်းများ၏ အချက်အလက်များကိုလည်း လွယ်လင့်တကူရှာဖွေနိုင်စေရန် ဖြစ်ကြောင်း၊ စမတ်ကတ်ရရှိပြီးဖြစ်သည့် ယာဉ်မောင်းများအနေဖြင့် တာဝန်ချိန်အတွင်း ယာဉ်မောင်းနှင်ပြေးဆွဲရာ၌ စမတ်ကတ်ကို ကိုင်ဆောင်ထားပြီး စမတ်ကတ်ပါမှ ယာဉ်မောင်းနှင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ယင်းအတွက်ကြောင့် စမတ်ကတ် ပါမပါကို ယခုလဆန်းကတည်းက စတင်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က 'စမတ်ကတ်ထုတ်ပေးတာ ယာဉ်မောင်းတွေကို ထိန်းချုပ်ဖို့ဖြစ်ပါတယ်။ ဒီကားကို ဘယ်ယာဉ်မောင်း မောင်းနေတယ်၊ စည်းကမ်းပိုင်းဆိုင်ရာ စသဖြင့် အားလုံးစတင်နိုင်ဖို့ လုပ်နေတာပါ။ တစ်ခုခုလုပ်မယ် စီစဉ်တိုင်း YBS ကုမ္ပဏီတွေ၊ ယာဉ်လိုင်းတာဝန်ခံတွေနဲ့ ကျေကျေလည်လည် ဆွေးနွေးပြီးမှ လုပ်တာပါ"ဟု ပြောသည်။

အဆိုပါ စမတ်ကတ်များကို ပြီးခဲ့သည့် ဇူလိုင်လမှ နိုဝင်ဘာလဆန်းပိုင်းအထိ ထုတ်ပေးထားခြင်းဖြစ်ပြီး စမတ်ကတ်ထုတ်ပေးထားသည့် ယာဉ်လိုင်းများမှာ ဗန္ဓုလ ယာဉ်လိုင်း၊ လူထုမိတ်ဆွေယာဉ်လိုင်း၊ Omini Focus ယာဉ်လိုင်း၊ ကုန်းဘောင် ရန်ကုန်ယာဉ်လိုင်းနှင့် ၆၃ ယာဉ်လိုင်း စသည်တို့ ပါဝင်ကြောင်း သိရသည်။

စမတ်ကတ်ထုတ်ပေးပြီးသည့် စာရင်းများတွင် အမျိုးသမီးယာဉ်မောင်း ကိုးဦးပါဝင်ပြီး စမတ်ကတ်ထုတ်ပေးရန်ကျန်သည့် ယာဉ်မောင်းများကိုလည်း YRTA ရုံးတွင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသုံးဆီများနှင့်စပ်လျဉ်း၍ ဈေးကွက်စောင့်ကြည့်လေ့လာ

ဆီအိုးကြီးဟု တင်စားခေါ်ရသည့် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးထွက်ရှိရာ ဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အတွင်း စားသုံးသူများသုံးစွဲနေသည့် စားသုံးဆီများ လုံခြုံစိတ်ချရမှုရှိစေရေး၊ ရောစပ်မှုအချိုး ပွင့်လင်းမြင်သာစွာ ဖော်ပြလာရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး တို့အတွက် ရည်ရွယ်၍ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းကာ ဈေးကွက်စောင့်ကြည့်လေ့လာခဲ့သည်။

မကွေးမြို့ပေါ်ရှိ ကန်သာဈေးနှင့် ရန်ပယ်ဈေးတို့ရှိ စားသုံးဆီလက်လီ၊ လက်ကားရောင်းချနေသည့် ဆိုင်များတွင် စားသုံးဆီများအား ခွက်ဖြင့် ခြင်တွယ်ရောင်းချမှုရှိသလို ပြည်ပမှတင်သွင်းသည့် အမှတ်တံဆိပ်မျိုးစုံဖြင့် စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီများကို Packaging ဘူးများဖြင့်လည်း ဈေးကွက်တွင် ရောင်းချလျက်ရှိသည်ကို လေ့လာသိရှိရသည်။

ခွက်ဖြင့် ခြင်တွယ်ရောင်းချသော လုပ်ငန်းရှင်များကို နှမ်းဆီ၊ ပဲဆီ၊ စားအုန်းဆီ၊ ရောဆီဆိုပြီး ဖော်ပြရောင်းချရန်နှင့် ရောဆီတွင်လည်း ရောစပ်မှုအချိုးကို ပွင့်လင်းမြင်သာစွာ ဖော်ပြရောင်းချကြရန် အသိပညာပေး ဆွေးနွေးခဲ့သည်။ ထို့နောက် Packaging ဘူးများအနေဖြင့်လည်း စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈) တွင်ပါဝင်ရမည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ထည့်သွင်းဖော်ပြ ထုတ်လုပ်လာရေးနှင့် အခန်း(၁၀) စီးပွားရေးလုပ်ငန်းရှင်၏ လိုက်နာရမည့် တာဝန်များကိုလည်း အသိပညာပေးဆွေးနွေးခဲ့သည်။ အချို့ဆီဆိုင်များတွင် ထည်သွင်းရောင်းချနေသော ဆီပေပါများမှာ သန့်ရှင်းမှုမရှိသဖြင့် သန့်ရှင်းစွာ ပြုလုပ် ရောင်းချလာရေး အသိပညာပေး ဆွေးနွေးခဲ့ပြီး ရောဆီမှာ စားအုန်းဆီနှင့် နှမ်းဆီအား စားသုံးသူ၏ တောင်းဆိုချက်အရ ရောစပ်ရောင်းချသည်ကို လေ့လာသိရှိရသည်။

စားအုန်းဆီအနေဖြင့် Packaging ပုံးဆီနှင့် ကန်ဆီဆိုပြီး နှစ်မျိုးနှစ်စား ရောင်းချလျက်ရှိပြီး ဈေးနှုန်းမှာ တစ်ပိဿာ ၁၀၀၀ ခန့်ကွာခြားကြောင်း



ညွှန့်ညွှန့်စိန်

လေ့လာသိရှိရသည်။ Packaging ဘူးများအနေဖြင့် Meizan, Good Choice, Goody, Golden Mother, Happy Cook နှင့် ၃၃၃ အမှတ်တံဆိပ်တို့ ရောင်းချလျက်ရှိသည်ကို လေ့လာသိရှိရသည်။ စားသုံးသူပြည်သူများအနေဖြင့် မိမိ၏ဝင်ငွေဖြင့် တွက်ဆ၍ ဝယ်ယူစားသုံးကြရာတွင် သတင်းအချက်အလက်ပြည့်စုံစွာဖော်ပြပါရှိပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားသော အမှတ်တံဆိပ်များ၊ ISO လက်မှတ်ရဆီများကိုသာ ရွေးချယ်ဝယ်ယူစားသုံးရန်ကိုလည်း လိပ်ကန်ကျေးရွာမှ တောင်သူ ဒေါ်တင်တင်အား အသိပညာပေးဆွေးနွေးခဲ့ရာ ၎င်းတို့အနေဖြင့် မိရိုးဖလာ မိမိယာမှထွက်ရှိသည့် ပဲဆီ၊ နှမ်းဆီ စစ်စစ်ကိုသာ စားသုံးလိုသော်လည်း ကလေးများ၏ပညာရေး ကျန်းမာရေး လိုအပ်ချက်များကြောင့် ဈေးနှုန်းသက်သာသည့် ရောဆီကိုသာ ဝယ်ယူစားသုံးရကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ အသိပညာပေးမှုကြောင့် ရောဆီအစား ထောက်ခံချက်အပြည့်ပါရှိသည့် စားအုန်းဆီကိုသာ ရွေးချယ်ဝယ်ယူစားသုံးတော့မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ဆီမှာ ကျန်းမာရေးအတွက် အနည်းငယ်သာ လိုအပ်သည့်အတွက် ပဲဆီ၊ နှမ်းဆီအစစ်ဖြစ်စေကာမူ အလွန်အကျွံ စားသုံးပါက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်သည့်အတွက် စားသုံးသူပြည်သူများအနေဖြင့် အစားအသောက်များကို ကြော်လှော်ခြင်းထက် ကျန်းမာရေးနှင့်ညီညွတ်သော ချက်ပြုတ်စားသောက်မှုပုံစံဖြင့် စားသုံးသင့်ပါကြောင်း အကြံပြုရေးသား တင်ပြလိုက်ရပါသည်။

■

## လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးနေ့ အခမ်းအနားတွင် စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

EDNA Myanmar (Entrepreneurship Development Network Myanmar) အာရှစွန့်ဦးတီထွင် စီးပွားရေးနည်းပညာဖွံ့ဖြိုးမှုကွန်ရက် မြန်မာနှင့် မြန်မာကြက်ခြေနီတို့၏ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ဆွေးနွေးဟောပြောခဲ့သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးဇော်ဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် EDNA Myanmar ဒေါ်ကြည်ကြည်ငြိမ်း (Founder and Advisor ) က DRC လုပ်ငန်းစဉ်နှင့် စီမံကိန်းများအကြောင်းကိုလည်းကောင်း၊ ဖိနပ်လုပ်ငန်းမှ ဒေါ်မိုးပွင့်ဖြူက စီးပွားရေး အတွေ့အကြုံကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးကိုလွင်က စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းက အသေးစားစက်မှုလက်မှုလုပ်ငန်းစဉ်များကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန မြစ်ကြီးနားခရိုင်ဦးစီးမှူး ဦးကျော်မြင့်က စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်ဥပဒေများ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များသည် စားသုံးသူကာကွယ်ရေးဥပဒေထုတ်ပြန်သည့်နေ့မှ တစ်နှစ်ပြည့်မြောက်မည့် ၂၀၂၀ ခုနှစ် မတ် ၁၆ ရက်တွင် စတင် အရေးယူဆောင်ရွက်ရမည်ဖြစ်၍ ဥပဒေနှင့်အညီ သတ်မှတ်ချက်အတိုင်း ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားကို ကချင်ပြည်နယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အိမ်တွင်းမှု လုပ်ငန်းရှင်များ၊ ညီနောင်အသင်းသူ/အသင်းသားများ၊ ကချင်ပြည်နယ်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ခွာညို (မနောမြေ)**

## ဒီဇယ်စက်ခေါင်းရုံတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးကျင်းပသော ဒီဇယ်စက်ခေါင်းရုံရှိရတနာခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင်စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်က စားသုံးသူ၏အခွင့်အရေးကိုသိရှိနိုင်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို သုံးစွဲရာမှ ရွေးချယ်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်ရဲ့ တာဝန်များကိုသိရှိပြီး လိုက်နာဆောင်ရွက်သွားရန်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကိုလည်း တိုင်းဒေသကြီးနှင့် ခရိုင်ရုံးများတွင် CICC ရုံး ဖွဲ့စည်းထားရှိပြီး စားသုံးသူများ တိုင်ကြားနိုင်ရန်အတွက် ဖွင့်လှစ်ထားရှိကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)နှင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စီးပွားရေးလုပ်ငန်းရှင်တာဝန်၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှု၊ ကုန်စည်နှင့် စပ်လျဉ်း၍အာမခံချက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း စသည့်အချက်များကို ပြောကြားခဲ့သည်။ ဆက်လက်၍ စစ်ကိုင်းခရိုင် ခရိုင်ကျန်းမာရေးဦးစီးဌာန ဒေါက်တာအောင်ဖုန်းမြတ်က အမျိုးသားအစားအသောက် ကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းထားကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအန္တရာယ်၊ ဇီဝအန္တရာယ်၊ ဓာတုအန္တရာယ်များအကြောင်းနှင့် ဘေးကင်း စိတ်ချလုံခြုံတဲ့ အစားအသောက်များ စစ်ဆေး စားသောက်ကြရန်နှင့် အစားအသောက်အန္တရာယ်ကို ဦးစားပေးဆောင်ရွက်ရန် မေတ္တာရပ်ခံပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **ယဉ်အောင် (DOCA၊ စစ်ကိုင်း)**

## ကော့မှူးတာ အထက(ခွဲ) ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာနနှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့က နိုဝင်ဘာ ၁၄ ရက်တွင် ဘားအံမြို့နယ်၊ ကော့မှူးတာကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေး အသိပညာပေးခြင်း၊ စားသုံးသူကာကွယ်ရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ် ဆေးခြင်းနှင့် သွားကျန်းမာရေးစစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွင်နှင့်ဆရာ၊ ဆရာမ ၂၇ ဦး နှင့် ကျောင်းသား၊ သူ ၃၂၀ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူကာကွယ်ရေးအသိပညာပေး ခေါင်းစဉ်ဖြင့် စားသုံးသူကာကွယ်ရေး ဥပဒေနှင့်စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူနစ်နာမှုရှိလျှင် တိုင်ကြားနိုင်သည့် အကြောင်းများ၊ ပလတ်စတိတ်ကို စနစ်တကျစွန့်ပစ်မှုနှင့်ဆက်စပ်၍ လျှော့ချရေးနှင့်ပြန်လည် အသုံးချခြင်းတို့ကိုလည်း ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးတာဝန်ခံ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအောင်ကိုကိုက သွားကျန်းမာရေးသိမှတ်ဖွယ်ရာများ၊ သွားသည်လူတစ်ယောက်အတွက် အစာစားရာတွင်လည်းကောင်း၊ အလှအပအတွက်တွင်လည်းကောင်း၊ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခု၊ သွားနှင့် ပတ်သက်သော ဖြစ်တတ်သည့်ရောဂါများ (သွားပိုးစားခြင်း၊ သွားကိုက်ခြင်း၊ သွားဖုံးရောင်ရမ်းခြင်း၊ သွားဖုံးရေစီးကမ်းပြို)ကို ကာကွယ်ရန်နှင့် ရောဂါဖြစ်လာပါက ကုသမှုခံယူရန်အကြောင်း ဟောပြောသည်။ ကျောင်းမုန့်ဈေးတန်းသို့ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွင်၊ ဆရာမများ၊ ကျေးလက်သူနာပြုဆရာမနှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့က ရောင်းချလျက်ရှိသော ဈေးဆိုင်သုံးဆိုင်ကို သွားရောက် စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## ဝမ်းတွင်းမြို့နယ်ရှိ ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦး စီးဌာန (FDA)၏ ဦးဆောင်မှုဖြင့် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဝမ်းတွင်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက်တွင် ဝမ်းတွင်းမြို့နယ်ရှိ ဆေးဆိုင်များသို့ ထိန်းချုပ်ဆေးဝါးများ၊ စပ်ဆေးများနှင့် စံမမီဆေးများ၊ သစ္စာရှင်ရွှေဆေးအမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေးဝါးများနှင့် ပတ်သက်၍ ဈေးကွက်အတွင်း ရောင်းချခြင်းမရှိစေရေး ရှောင်တခင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဆေးဆိုင် စုစုပေါင်း ခြောက်ဆိုင် စစ်ဆေးခဲ့ကြောင်းသိရှိရပြီး ဆေးဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပါဝင်သော လုပ်ငန်းရှင်များလိုက်နာရမည့် အချက်များ၊ စားသုံးသူအခွင့်အရေးများ သိရှိနားလည်စေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**စိမ်းစိမ်းထွေး (မိတ္ထီလာ)**

## မလှိုင်မြို့နယ် ဖက်ကုန်း အထက (ခွဲ)တွင် စားသုံးသူရေးရာဟောပြော

စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးဌာနမှ ဦးဆောင်၍ နိုဝင်ဘာ ၈ ရက်တွင် မလှိုင်မြို့နယ် ဖက်ကုန်း အ. ထ. က(ခွဲ)တွင် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

မလှိုင်မြို့နယ်တာဝန်ခံ ဒု-ဦးစီးမှူး ဦးရဲမြင့်ဆန်းက စားသုံးသူကာကွယ်ရေးဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များအကြောင်းနှင့် ယနေ့ခေတ်အစားစာများတွင် တွင်ကျယ်စွာ အသုံးပြုလာနေသော ဓာတုဆိုးဆေး အန္တရာယ်များအကြောင်း၊ ပြည့်ဝဆီများ စားသုံးခြင်းဖြင့် ဆိုးကျိုးများအကြောင်းကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် ဖက်ကုန်း အ. ထ. က(ခွဲ)တွင် ကျောင်းမုန့်ဈေးတန်းသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ဈေးတန်းတွင် ရောင်းချနေသော မုန့်များတွင် သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ သေချာစွာ ကြည့်ရှုစစ်ဆေး၍ ဓာတုဆိုးဆေးများပါဝင်သော မုန့်များ၊ မြန်မာစာမပါရှိသည့် မုန့်များမရောင်းချရန်နှင့် လိပ်စာပြည့်စုံစွာပါရှိသည့် မုန့်များကိုသာ ရောင်းချကြရန် မှာကြားခဲ့သည်။

**သက်ချိုဦး (ထီလာ)**

## ကလေးမြို့ ပင်လုံဈေးနှင့် တပ်ဦးသီတာရပ်ကွက် ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေး

ကလေးမြို့ပင်လုံဈေးနှင့် တပ်ဦးသီတာရပ်ကွက်ရှိ ကုန်စုံဆိုင်များသို့ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် များဖြစ်သည့် စားသုံးသူရေးရာဦးစီးဌာန၊ FDA၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့မရဲစခန်းတို့ နှင့် ပူးပေါင်း၍ အဖွဲ့ဝင် ၁၃ ဦးဖြင့် နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပင်လုံဈေးအတွင်းရှိ ကုန်စုံဆိုင် ခြောက်ဆိုင်နှင့် တပ်ဦးသီတာရပ်ကွက်ရှိ ကုန်စုံဆိုင်ခြောက်ဆိုင်၊ စုစုပေါင်း ၁၂ ဆိုင် အား စစ်ဆေးရာတွင် FDA ဌာနမှ စားသုံးရန်မသင့်ကြောင်းကြေငြာထားသော အစားအသောက်နှစ်မျိုးတွေ့ရှိ၍ ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ သက်တမ်းလွန်နေသော ပေါင်မုန့်နှင့် ဖျော်ရည်ဘူးများ တွေ့ရှိ၍ သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနကလည်း ကုန်မျိုးစုံဆိုင်ရှင်များအား စားသုံးသူကာကွယ်ပေးရေး ဥပဒေပါ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**သိမ့်သိမ့် (ကလေး)**

## ကျိုင်းတုံမြို့ရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်နှင့် ဖုန်းအရောင်းဆိုင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေး




ကျိုင်းတုံမြို့ အမှတ်(၃)နှင့်(၄) ရပ်ကွက်များအတွင်းရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်နှင့် မိုဘိုင်းဖုန်း အရောင်းဆိုင်များအား နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးကာ စားသုံးသူကာကွယ်ရေးဥပဒေအသိပညာပေး ဆွေးနွေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ကျိုင်းတုံရုံးမှ စစ်ဆေးရေးအရာရှိနှင့်အဖွဲ့သည် ဈေးကွက်စောင့်ကြည့် စစ်ဆေးရာတွင် စတိုးဆိုင်၊ ကုန်စုံဆိုင် ရောင်းချသူများအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်များနှင့် စားသုံးသူက တောင်းဆိုနိုင်သည့် အခြေအနေများ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ အသိပညာပေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိုဘိုင်းဖုန်း အရောင်းဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများအား စားသုံးသူအခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ တားမြစ်ချက်များနှင့် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေးများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရန်နောင်(ကျိုင်းတုံ)**

## ပန်းဘဲတန်း အထက (၁) ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဌာနခွဲမှ ဝန်ထမ်းများ၊ ခရိုင် FDA မှ တာဝန်ရှိသူများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးအဖွဲ့များ ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက်တွင် ပန်းဘဲတန်း မြို့နယ်၊ အထက (၁) ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းသူ/ကျောင်းသားများ အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် ကျောင်းမုန့်ဈေးတန်းအတွင်း ရောင်းချလျက်ရှိသော အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/ မရှိ ကုန်ညွှန်းအမှတ်အသား သတိပေးချက်များပြည့်စုံမှုရှိ/မရှိကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော ခေါက်ဆွဲဖတ်/မုန့်ဖတ်များအား ဖော်မလင်ပါဝင်မှု ရှိ/မရှိ စစ်ဆေးရန် ယူဆောင်ခဲ့ပြီး ဈေးသည်များအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ သိကောင်းစရာများအား ရှင်းလင်းအသိပညာပေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**နှင်းနွယ်**

## မော်လမြိုင်ကျွန်းမြို့နယ် ပိဿာကျေးရွာတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပိဿာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၁၃ ရက်တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတွေ့ ဆုံပွဲ အခမ်းအနားတွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောခဲ့သည်။

ပြည်သူလူထုတွေ့ဆုံပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာမျိုးထက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာများမှ မိမိဌာန၏လုပ်ဆောင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးမင်းဇော်လတ် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းအရာများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ စားသုံးသူ နစ်နာဆုံးရှုံးမှုရှိပါက စားသုံးသူရေးရာဦးစီးဌာန စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)သို့ လာရောက်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

**မင်းဇော်လတ်(မော်ကျွန်း)**



## မြောင်းမြတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးဦးဇော်မင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးတင့်လွင်တို့က မြောင်းမြမြို့ပေါ်ရှိပုဂ္ဂလိကဘဏ်များမှ တာဝန်ခံများနှင့် ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် တွေ့ဆုံပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များအား ရှင်းလင်းဆွေးနွေးခြင်း၊ ငွေကြေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကြော်ငြာပါအချက်များနှင့်အညီ ဝန်ဆောင်မှုမရရှိသည့်အတွက် တိုင်ကြားခြင်းအချက်များအား အသိပေးရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးရှင်းလင်းချက်များအား ပုဂ္ဂလိကဘဏ်တာဝန်ခံများမှ သိရှိလိုသော ဥပဒေပါအချက်များအား မေးမြန်း ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေသစ်စာအုပ်များ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**စိုးဝင်း (မြောင်းမြ)**

# မတ္တရာမြို့နယ် ကျောက်ပြား အလကတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၅ ရက်တွင် မတ္တရာမြို့နယ်၊ ကျောက်ပြား အခြေခံပညာ အလယ်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင်ပြင်ဦးလွင်ခရိုင် စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးသက်လွင်ထူးက စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်စားသောက်တတ်စေရန်၊ ကုန်ပစ္စည်းများ ဝယ်ယူရာတွင် သတိပြု ကြည့်ရှုပြီး ဝယ်ယူရမည့် အချက်အလက်များ၊ ဓာတုဆိုးဆေးများ၏ အန္တရာယ်ကြီးမားမှု အကြောင်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်း ဖွင့်လှစ်ထားရှိမှုနှင့် အရေးယူဆောင်ရွက်မှုများအား အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးအဖွဲ့ များနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသော အစားအသောက်များ သန့်ရှင်းမှု ရှိ/မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ၊ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ကျောင်းအုပ်ကြီးမှ ယခုလို လာရောက်ဟောပြောဆွေးနွေးပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်များ၊ စုစုပေါင်း အင်အား ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## မြောက်ဥက္ကလာပမြို့နယ် အထက(၃) တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးမောင်မောင်သောင်းက စားသုံးသူကာကွယ်ရေးဥပဒေအသစ်အား ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၉ အရ အတည်ပြုပြဋ္ဌာန်းလိုက်ပြီး ၎င်းဥပဒေတွင်ပါဝင်သည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ စားသုံးသူ၏အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ကော်မရှင်နှင့် ကော်မတီတို့မှ မျှတမှုရှိသော လုပ်ငန်းစဉ်များ၊ စားသုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်ခြင်း၊ အသက်မွေးဝမ်း ကျောင်းခြင်းပြုရန် မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲခြင်း၊ အခြားသူအတွက် ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ချေးငှားခြင်းနှင့် ပေးကမ်းထောက်ပံ့ခြင်းခံရသူများအား ဆိုလိုခြင်းဖြစ်ကြောင်းနှင့် စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံချက်ပေးထားခြင်းအပေါ် ဖော်ပြရမည့် အချက်အလက်များ၊ ၎င်းတို့အနေဖြင့် ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခန်း(၁၈) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)နှင့် (ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု(သို့မဟုတ်)တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ သိသာထင်ရှားစွာ ရေးသားဖော်ပြရမည်ဖြစ်ပြီး ၎င်းပြဋ္ဌာန်းချက်များသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အာဏာတည်စေမည်ဖြစ်ကြောင်းနှင့် ဥပဒေပါအကြောင်းအရာတို့အား ဟောပြောဆွေးနွေးခဲ့ပြီး ဌာနခွဲစာရေး ဒေါ်မိုးမိုးကြည်က ဆိုးဆေးများ အန္တရာယ်အကြောင်းနှင့် တာရှည်ခံဆေး၊ မှည့်ဆေး၊ ယင်မနားဆေးတို့၏ ဆိုးကျိုးများ၊ ပိုးသတ်ဆေးများ၏ သံသရာလည်ပုံနှင့် ဘေးဥပဒ်အန္တရာယ်တို့အား ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းအား ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ဈေးသူ/ဈေးသားများအနေဖြင့် ရောင်းချလျက်ရှိသော အစားအသောက်များအနေဖြင့် သန့်ရှင်း လတ်ဆတ်မှု ရှိ/မရှိ၊ သက်တမ်းလွန်မုန့်များ ရောင်းချနေမှုရှိ/မရှိ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ ရောင်းချနေမှု ရှိ/မရှိတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း (ရန်ကုန်)**

## သံဈေး၌ စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် ဦးစီးမှူးဒေါ်ခင်မြဦးတို့သည် မြို့နယ်ထွေအုပ်၊ မြို့နယ်ကျန်းမာရေး၊ ဈေးစည်ပင်အဖွဲ့တို့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၁၄ ရက်တွင် လမ်းမတော်မြို့နယ် သံဈေးတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ပြီး ဈေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က ကုန်စည်နှင့် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှု၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး ဟောပြောပွဲသို့ ဈေးသူ/ဈေးသား ၅၁ ခန့် တက်ရောက်ခဲ့သည်။

ထို့နောက် ဈေးအတွင်း ဈေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသို သိမ်းဆည်းမှု အညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် သတိပေးချက်များအား မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခု(သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြချက်ပါရှိရမည်ဖြစ်ကြောင်းနှင့် ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ သိကောင်းစရာများအား ရှင်းလင်းအသိပညာပေး ပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**နှင်းနွယ်**

## ပြည်ခရိုင်အတွင်းရှိ သောက်ရေသန့်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက နိုဝင်ဘာ ၁၅ ရက်တွင် ပြည် ခရိုင်အတွင်းရှိ သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသော သောက်ရေသန့်လုပ်ငန်းရှင် ၁၉ ဦးတို့နှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းခဲ့သည်။ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) တွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ အချက်အလက်များဖြစ်သည့် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်းစသည့် အချက်အလက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ မိမိတို့ ထုတ်လုပ်သည့် သောက်ရေသန့် တစ်လီတာဘူးနှင့် ဘူးအသေးများတွင် ဖော်ပြပါရှိရမည်ဖြစ်ပြီး အဆိုပါအခန်း (၁၈) သည် ၂၀၂၀ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် စတင်အာဏာတည်မည်ဖြစ်သည်။ ယခုလက်ရှိတွင် မိမိတို့ထုတ်လုပ်သည့် သောက်ရေသန့်ဘူးများတွင် ထုတ်လုပ်သည့်ရက်စွဲ၊ ထုတ်လုပ်သည့်လိပ်စာ၊ သက်တမ်းကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပါဝင်ပစ္စည်းများ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက် စသည့် အချက်များကိုလည်း ထည့်သွင်းဖော်ပြထုတ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ရေဦးမြို့နယ် မြို့မစည်ပင်သာယာဈေးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဆောင်လျက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနတို့ ပါဝင်သော အင်အား ၁၀ ဦးပါအဖွဲ့ဖြင့် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ ရေဦး မြို့မစည်ပင်သာယာဈေးအတွင်းရှိ မုန့်မျိုးစုံလက်ကားရောင်းချသည့် ဆိုင်ရှစ်ဆိုင်သို့ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးစဉ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက ဆိုင်ရှင်များအား စားသုံးသူကာကွယ်ရေး ဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးပညာပေးပြီး နောက်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် ပညာပေးစာရွက်များကို ဖြန့်ဝေပေးခဲ့၏သည်။ **အောင်ညွှန့်**

# ၂၀၁၉- ၂၀၂၀ ဘောလုံးရာသီ ပရီးမီးယားလိဂ် အမှတ်ပေးဇယား ကွန်ပျူတာခန့်မှန်းထွက်ပေါ်

၂၀၁၉- ၂၀၂၀ ဘောလုံးရာသီ အင်္ဂလန် ပရီးမီးယားလိဂ်၏ နောက်ဆုံးရာသီပိတ် အမှတ်ပေးဇယား ဖြစ်ပေါ်နိုင်သည့် အခြေအနေကို ကွန်ပျူတာဖြင့် တွက်ချက်မှုမှာ ပွဲစဉ်(၁၂)အပြီးတွင် ပေါ်ထွက်လာခဲ့သည်။

၂၀၁၉- ၂၀၂၀ ဘောလုံးရာသီ အင်္ဂလန် ပရီးမီးယားလိဂ် ရာသီပိတ်ချိန်တွင် ဖြစ်နိုင်ခြေရှိသည့် ကွန်ပျူတာတွက်ချက်မှုမှာ ဘောလုံးကျွမ်းကျင်သူများ၏ ခန့်မှန်းချက်နှင့် အနီးစပ်ဆုံး တူညီမှုရှိနေသည်ကို တွေ့ရသည်။

အင်္ဂလန် ပရီးမီးယားလိဂ်အတွက် ကွန်ပျူတာတွက်ချက်မှုအရ ပရီးမီးယားလိဂ် ချန်ပီယံဆုကို နည်းပြ ဂျာဂင်ကလော့ပ်၏ လီဗာပူးအသင်းက ရရှိမည်ဖြစ်ပြီး မန်စီးတီးအသင်းက ဒုတိယ၊ ချယ်လ်ဆီးအသင်းက တတိယနှင့် လက်စတာအသင်းက စတုတ္ထ စသည်ဖြင့် အသီးသီး ရပ်တည်နိုင်ကြမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အာဆင်နယ်အသင်းမှာ အဆင့်(၅)နှင့် စပါးအသင်းမှာ အဆင့်(၆)တွင် ရပ်တည်နိုင်ကြမည်ဖြစ်ပြီး ရာသီအစပိုင်းကပင် ရလဒ်များဆိုးရွားနေခဲ့သည့် နည်းပြ ဆိုးလ်ရှား၏ မန်ယူအသင်းမှာ အဆင့်(၇)တွင်သာ ရပ်တည်နိုင်မည်ဟု ထွက်ပေါ်လာခဲ့သည်။

၎င်းတို့နောက်တွင် ဘရိုက်တန်၊ ဝက်စ်ဟမ်း၊ ဘုန်းမောက်၊ ရှက်ဖီးလ်ယူနိုက်တက်၊ ဝုလ်ဗာဟမ်တန်၊ ခရစ္စတယ်ပဲလေ့စ်၊ အဲဗာတန်၊ ဘန်လေ၊ နယူးကာဆယ်၊ အက်စ်တွန်ဗီလာ စသည်ဖြင့် အစဉ်လိုက် ရပ်တည်နိုင်ကြမည်ဟု ခန့်မှန်းချက် ထွက်ပေါ်ထားပြီး ဝက်ဖို့ဒ်၊ ဆောက်သမ်တန်နှင့် နော်ဝှစ်ချ်အသင်းတို့မှာ တန်းဆင်းသွားရမည်ဟု ထွက်ပေါ် ခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ် ပွဲစဉ်(၁၂)အပြီးတွင် အမှတ်ပေးဇယားထိပ်ကို လီဗာပူးအသင်းက ဦးဆောင်နေပြီး ၎င်း၏ နောက်တွင် လက်စတာအသင်းက ဒုတိယ၊ ချယ်လ်ဆီးအသင်းက တတိယနှင့် မန်စီးတီးအသင်းက စတုတ္ထ စသည်ဖြင့်အသီးသီး ရပ်တည်နေကြသည်။





## ဖင်လန်အသင်း သမိုင်းတစ်လျှောက် ပထမဦးဆုံး ဥရောပဖလားခြေစစ်ပွဲအောင်

ဖင်လန်အသင်းသည် ၂၀၂၀ ဥရောပဖလားခြေစစ်ပွဲကို အုပ်စု(J)တွင် ပါဝင်ယှဉ်လျက်ရှိရာ ပွဲစဉ်(၉)အပြီးတွင် ရမှတ် ၁၈ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။ ဖင်လန်အသင်းသည် အုပ်စု(J)တွင် အီတလီ၊ ဂရိ၊ အာမေးနီးယား၊ ဘောစနီးယား၊ လက်ချင်စတိန်း စသည့် အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ရန် ရေပန်းစားမှုမရှိခဲ့ဘဲ အဖြည့်ခံသက်သက် အသင်းအဖြစ်သာ သတ်မှတ်ခံခဲ့ရသည်။

သို့သော် ဖင်လန်အသင်းသည် အုပ်စုပွဲစဉ်များတွင် ခြေစွမ်းပြသနိုင်ခဲ့ပြီး ခြေစစ်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် လက်ချင်စတိန်းအသင်းကို အိမ်ကွင်းတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကာနာဗာကိုင်တွယ်နေသည့် ဖင်လန်အသင်းတွင် တိုက်စစ်မှူး ပက်ကီမှာ အထူးခြေစွမ်းပြနေပြီး ယခု ခြေစစ်ပွဲတွင် ကိုးပွဲကစားအပြီး၌ ခုနစ်ဂိုးသွင်းပေးထားသည်။ ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၀ ဥရောပဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည့် ဖင်လန်အသင်းနည်းပြ ကာနာဗာက 'အသင်းအနေနဲ့ ဒီလိုအောင်မြင်မှုရရှိခဲ့တာက အသင်းသားတွေရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့်ပါ။ အားလုံးက စိတ်ဓာတ်ကောင်းကောင်းနဲ့ မဆုတ်မနစ် ကြိုးစားခဲ့လို့သာ သမိုင်းမှာ တစ်ခါမျှ အောင်မြင်မှုမရရှိခဲ့ဖူးတဲ့ အောင်မြင်မှုကို ရရှိခဲ့တာပါ။ ၂၀၂၀ ဥရောပဖလားပြိုင်ပွဲမှာလည်း ကျွန်တော်တို့ ဒီအတိုင်း ဆက်လက်ကြိုးပမ်းသွားမှာပါ'ဟု ပြောခဲ့သည်။ ဖင်လန်အသင်းအနေဖြင့် ယခုကဲ့သို့ သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ် ဥရောပဖလားခြေစစ်ပွဲ အောင်ခြင်းကြောင့် ပရိသတ်များက နိုင်ငံအတွင်း၌ ပါတီပွဲများကျင်းပပြီး အောင်ပွဲခံခဲ့ကြသည်။

ဟန်နေသစ် စုစည်းသည်



## ဒီပေးကို ခေါ်ယူရန် မန်ယူအသင်း စတင်ကမ်းလှမ်း

မန်ယူအသင်းနည်းပြ ဆိုးလ်ရှားသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့မှ စတင်ပြီး ကစားသမားသစ်များကို ခေါ်ယူသွားမည်ဟု ပြောဆိုထားရာ ယခုအချိန်တွင် ၎င်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ လိုင်ယွန်အသင်းမှ နယ်သာလန်တိုက်စစ်မှူး ဒီပေးကို ခေါ်ယူရန် စတင်ကမ်းလှမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းက ဒီပေးကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်းကိုလိုင်ယွန်အသင်း၏ အားကစားဒါရိုက်တာဖြစ်သူ ဂျူနင်ဟိုက သတင်းထောက်များကို အတည်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။

'ဒီပေးကို ခေါ်ယူလိုကြောင်း မန်ယူအသင်းရဲ့ ကမ်းလှမ်းမှုကို လက်ခံရရှိထားပြီးဖြစ်ပါတယ်။ ကစားသမားရဲ့ သဘောဆန္ဒက ဘာမှန်းမသိသေးသလို လောလောဆယ်မှာ ဒီကစားသမားကို ရောင်းထုတ်သွားဖို့ကိုလည်း လိုင်ယွန်အသင်းက ဆုံးဖြတ်ထားတာမရှိသေးပါဘူး။ ဒါပေမဲ့ မန်ယူအသင်းရဲ့ ကမ်းလှမ်းမှုကိုခံရတော့ ဒီပေးအနေနဲ့ ဝမ်းသာကျေနပ်နေမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှေ့ဆက် ဆွေးနွေးသွားဖို့ ရှိနေပါသေးတယ်'ဟု ဂျူနင်ဟိုက ပြောခဲ့သည်။

ဒီပေးသည် ပီအက်စ်ဗွီအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ခြေစွမ်းပြ ကစားခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မန်ယူအသင်းတွင် ကစားခဲ့ဖူးသူဖြစ်သည်။ သို့သော် ဒီပေးသည် ယင်းအချိန်က မန်ယူအသင်းတွင် ပထမပွဲထွက်ခွင့်မရရှိဘဲ အရန်ကစားသမားဘဝဖြင့်သာ နေခဲ့ရခြင်းကြောင့် လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်ရှိ ဒီပေးသည် မိခင်နိုင်ငံ နယ်သာလန်အသင်းနှင့်အတူ ၂၀၂၀ ဥရောပဖလားခြေစစ်ပွဲများတွင် ခြေစွမ်းပြ ဂိုးသွင်းယူလျက်ရှိနေပြီး ယခုနှစ်ရာသီ လိုင်ယွန်အသင်းအတွက် ၁၀ ပွဲတွင် ခုနစ်ဂိုး သွင်းပေးထားနိုင်သည့် တိုက်စစ်မှူးဖြစ်သည်။

## ဂျာဒွန်ဆန်ချို လာမည့် နွေရာသီတွင် ဒေါ့မွန်အသင်းမှ ထွက်ခွာဖွယ်ရှိ

ဒေါ့မွန်အသင်းမှ အင်္ဂလန် တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုသည် လာမည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် စဉ်းစားသွားတော့မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလကပင် ဂျာဒွန်ဆန်ချိုကို ခေါ်ယူလိုသည့်အသင်း မြောက်မြားစွာရှိခဲ့ပြီး ၎င်းကစားသမား၏ တန်ကြေးမှာ ပေါင်သန်း ၁၀၀ သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

ယင်းအချိန်က ဂျာဒွန်ဆန်ချိုကို ခေါ်ယူလိုသည့် အသင်းများထဲတွင် ရီးရဲလ်မက်ဒရစ်၊ မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ပါဝင်ခဲ့သော်လည်း လက်ရှိအချိန်တွင် ၎င်းကစားသမားကို ခေါ်ယူနိုင်ရေးအတွက် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ကြိုးပမ်းတော့မည်ဖြစ်ကြောင်း အင်္ဂလန် မီဒီယာများက ရေးသားဖော်ပြနေကြသည်။

ယခုသတင်းနှင့် မရှေးမနှောင်းမှာပင် လီဗာပူးအသင်းနည်းပြ ဂျာဂင်ကလော့ပ်က အသင်းအတွက် ထိပ်တန်းတောင်ပံကစားသမားတစ်ဦးကို အလျင်အမြန် ခေါ်ယူသွားရန် ရှိနေကြောင်း ပြောဆိုခဲ့ဖူးသည်။

ဂျာဒွန်ဆန်ချိုက 'ကျွန်တော် ဒေါ့မွန်အသင်းမှာ ကစားရတာ တဖြည်းဖြည်းနဲ့ ပျော်ရွှင်မှုတွေ လျော့နည်းလာပါပြီ။ လာမယ့် နွေရာသီ အပြောင်းအရွှေ့ကာလ ရောက်ရင်တော့ တိကျတဲ့ အဖြေတစ်ခုကို ချမှတ်နိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်ရဲ့မွေးရပ်မြေမှာ အခြေချကစားဖို့ ဆန္ဒရှိနေပါတယ်။ ပြတ်သားတဲ့ အဖြေတစ်ခုရ ဖို့ကိုတော့ အချိန်နည်းနည်း စောင့်ရဦးမှာပါ'ဟု ပြောခဲ့သည်။

ဒေါ့မွန်အသင်းမှ တာဝန်ရှိသူများအနေဖြင့် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဂျာဒွန်ဆန်ချိုကို ရောင်းချမည်ဆိုပါက ပေါင်သန်း ၁၅၀ ဝန်းကျင်ခန့် ဈေးသတ်မှတ်ဖွယ်ရှိနေကြောင်း သိရသည်။



# E-commerce ကြောင့် တရုတ်၏ အသေးစားဈေးကွက်များ တိုးတက်ဖြစ်ထွန်းလာ



တရုတ်နိုင်ငံ၏ အစွန်အဖျားရှိ မြို့တော်များနှင့် မြို့ငယ်များတွင် E-commerce ကြောင့် တိုးတက်မှုများ မျှော်မှန်းသည်ထက်ပိုမိုရရှိခဲ့ကာ ယင်းဒေသများရှိ လက်လီကုမ္ပဏီများမှာလည်း ကုန်ဝယ်ယူမှု အများအပြားရှိခဲ့သည့်အပြင် ပြိုင်ဆိုင်မှုအား အလွန်များပြားသည့် မြို့တော်ကြီးများရှိဈေးကွက်များပြင်ပတွင် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာလျက်ရှိကြောင်း လေ့လာသူများ၏ပြောကြားချက်များအရ သိရသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း အွန်လိုင်းပေါ်မှာ ဝယ်ယူကြသူ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ ဝေးလံသော မြို့တော်များနှင့် မြို့ငယ်လေးများဆီမှဖြစ်ကာ ၎င်းတို့အွန်လိုင်းဈေးဝယ်နေရာတွင် မှတ်ပုံတင်ပြီး တစ်နှစ်အတွင်းလူတစ်ဦး လျှင်ပျမ်းမျှ ယွမ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂၈၁ ဒေါ်လာ)တန်ဖိုးခန့်ဝယ်ယူကြကြောင်း တရုတ် ၏ E-commerce ကုမ္ပဏီကြီးဖြစ်သည့် Tmallနှင့် Taobao တို့၏ ဥက္ကဋ္ဌ Jiang Fan က မှတ်ချက်ပြုထားပါသည်။

ဗြိတိန်နိုင်ငံမှ အိမ်ထောင်စုသုံးပစ္စည်းများကို ပြုလုပ်ရောင်းချသူ Dyson ၏ ပြောကြားချက်အရ ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ရောင်းချရာတွင် မြို့ပြနှင့် မနီးမဝေးမြို့များမှ အရောင်းတိုးတက်မှုနှုန်း ၂၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်ဝေးလံသော မြို့များမှ အရောင်းတိုးတက်မှုနှုန်း ၁၁၈ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရကြောင်း၊ စီရင်စုအဆင့်ရှိ ရပ်ကွက်များမှ လျှပ်စစ် သွားပွတ်တံ၊ ပန်းကန်ဆေးစက်နှင့် ကြမ်းတိုက်ပေးသည့်စက်ရုပ်များ ဝယ်ယူမှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းပိုမိုများပြားလာကြောင်း သိရသည် ။

ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးကို စားသုံးမှုများက အဓိက မောင်းနှင်ပေးနေပြီး အားလပ်ရက်များ၊ ညဘက် အထူးဈေးလျှော့ရောင်းချမှုများနှင့် ဝေးလံသော ဈေးကွက်များ ကဲ့သို့သော နယ်ပယ်များတွင် စားသုံးမှုနှုန်း တိုးတက်လာအောင် အစိုးရက လှုံ့ဆော်ဆောင်ရွက်ပေးနေကြောင်း၊ အထူးသဖြင့် လူသုံးကုန်ပစ္စည်းများ ကဲ့သို့သော ဈေးကွက်အစိတ်အပိုင်းတွင် ဖွံ့ဖြိုးပြီး မြို့တော်များ၌ ဝယ်လိုအား တက်လာစေရန် ဆောင်ရွက်နိုင်မှု ခက်ခဲလာသည့်အတွက် ဝေးလံသော မြို့တော်များမှာ ဖွံ့ဖြိုးမှုမောင်းနှင်အား အသစ်များဖြစ်လာကြောင်း တရုတ် စားသုံးသူများအသင်းမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Dong Zhuliက ပြောကြားထားသည်။

Consultancy Accenture မှ ပြုလုပ်ထားသည့် ဈေးကွက်သုတေသန အစီရင်ခံစာအရ ယခုအခါ ဝင်ငွေ အဆင့်တိုးမြင့်လာခြင်း၊ သတင်းအချက် နည်းပညာကို ပိုမိုအသုံးပြုလာခြင်းနှင့် မြို့ပြအဆင့်သို့ လျင်မြန်စွာ ကူးပြောင်းလာခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ စုစုပေါင်းစားသုံးမှုတွင် ဝေးလံသောဒေသများ၏ မြို့များမှ စားသုံးမှုရာခိုင်နှုန်းမှာ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း၊ ကြီးမားသော လက်လီဈေးကွက်ရှိသော တရုတ်နိုင်ငံ၏ ခိုင်မာသော လက်လီရောင်းချမှု တိုးတက်မှုနှုန်းမှာ ဝေးလံသောဒေသရှိမြို့များတွင် ပုန်းကွယ်နေကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မြို့တော်ကြီးများမှ လက်လီ အရောင်း တိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းရှိချိန်၌ ဝေးလံသော ဒေသရှိတတိယအဆင့်နှင့် ၎င်းအောက်အဆင့်မြို့များမှ လက်လီ အရောင်း တိုးတက်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ မဟာဗျူဟာဖြစ်သည့် အင်တာနက်ဖွံ့ဖြိုးစေခြင်းနှင့် ဝေးလံသောဒေသများမှ မြို့များနှင့် မြို့ငယ်များ၏ စားသုံးမှုကို အားပေးခြင်းတို့နှင့်အညီ ဝေးလံသော မြို့များ ၏ လူသုံးကုန်ပစ္စည်းဈေးကွက်များမှာ ချဲ့ထွင်လာနေကြောင်း သိရသည်။

ဝင်ငွေအလယ်အလတ်ရရှိသည့် မိသားစုများ တိုးပွားလာသဖြင့် ဈေးနှုန်းမြင့်သည့် ပစ္စည်းများကိုလည်း ကြိုကြားကြိုကြား ဝယ်ယူလာကြသည်လည်း ရှိလာပါသည်။ အင်တာနက်မှ ဈေးဝယ်ယူသူများသည် အင်တာနက်ပေါ်တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်သည့် ကြော်ငြာများကိုလည်း ကြည့်ရှုဝယ်ယူကြပါသည်။ အင်တာနက်ပေါ်တွင် ရောင်းချသည့်အချိန်၌ ၎င်းတို့၏ဒေသများတွင် ဆိုင်များ ဖွင့်လှစ်ထားပါက အရောင်းပိုမိုမြှင့်တင်ရာရောက်သည်။

တရုတ်နိုင်ငံ၏ နှစ်စဉ်အထူး ဈေးရောင်းပွဲတော်ကျင်းပလေ့သည့် နိုဝင်ဘာ ၁၁ ရက်တွင် အွန်လိုင်း ကုမ္ပဏီကြီးဖြစ်သည့် Alibaba ၏ ရောင်းချခဲ့ရမှုမှာ ယွမ်ငွေ ၂၆၈ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ၃၈ ဒသမ ၄ဘီလီယံ) ရှိခဲ့ကာ ယမန်နှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရောင်းချခဲ့မှုထက် ၂၅ ဒသမ ၇ ရာခိုင်နှုန်းပိုမိုခဲ့သည်။ ၎င်းရောင်းချရငွေများအနက် အလှကုန်များနှင့် ပရိဘောဂများကို မှာယူမှုများ၏ ၆၀ ရာခိုင်နှုန်းမှာ အငယ်စားမြို့များနှင့် ကျေးလက်ဒေသများမှဖြစ်ကြသည်။ အိမ်တွင်ပြုလုပ်သော အသားအရေထိန်းသိမ်းသည့်ပစ္စည်းများ၊ Media အမှတ်တံဆိပ်အိမ်သုံးပစ္စည်းများကို ဝယ်ယူလိုမှုလည်း ပိုမို များပြားလာသည်။

သို့ရာတွင် ဝေးလံသောဒေသများရှိမြို့များသို့ ဈေးကွက်တိုးချဲ့ရသည်မှာ များစွာ လွယ်ကူခြင်း မရှိလှဘဲ ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းပုံစံများကို ဈေးကွက် တိုးချဲ့မည့် မြို့များရှိလူနေမှုပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရသည်များလည်းရှိပါသည်။ Alibaba ၏Hema Fresh Market သည် အနားဝန်းကျင်မှ ဆိုင်များသို့ လတ်လတ်ဆတ်ဆတ် ကုန်ပစ္စည်းပံ့ပိုးပေးနိုင်မည့် တတိယအဆင့်နှင့် စတုတ္ထအဆင့်မြို့တော်များအတွက် ပုံစံရေးဆွဲထားသည့် ဆိုင်အသေးစားများအပါအဝင် လက်လီရောင်းချမှုပုံစံလေးမျိုးကို ဖွံ့ဖြိုးသွားရန် ရည်ရွယ်ချက်ချမှတ်ထားသည်။

မကြာမီက ဟိုင်နန်လေကြောင်းလိုင်းသည် ၎င်း၏ခရီးစဉ်များကို ဒုတိယအဆင့်မြို့တော်များမှ အပြည်ပြည်ဆိုင်ရာလေဆိပ်များဆီသို့ တိုးချဲ့ပြေးဆွဲလာသည်။ ဝေးလံသောဒေသများ၏ မြို့တော်များဆီမှ မိသားစုများ ပိုမိုအကျိုးဖြစ်ထွန်းစေရန် နိုင်ငံရပ်ခြားတွင် အဆင့်မြင့်ပညာ လေ့လာသင်ကြားနိုင်ရေးအတွက် တရုတ် CITIC ဘဏ်က ၎င်း၏ ပညာရေးဆိုင်ရာ ချေးငွေများကို ပြင်ဆင်ရေးဆွဲထုတ် ချေးပေးလျက်ရှိသည်။

အွန်လိုင်းပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် အိမ်တွင်းသန့်ရှင်းရေးလုပ်ငန်းတို့အပါအဝင် ဝန်ဆောင်မှုကဏ္ဍများမှာလည်း ဖွံ့ဖြိုးရန် အလားအလာရှိကြောင်း သိရှိရသည်။

**Source : China Daily**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး(နန်နင်းမြို့)**

# e-payment ငွေပေးချေမှုစနစ်သစ်ကျင့်သုံးရန် ထိုင်းအစိုးရစီစဉ်လျက်ရှိ

ထိုင်းအစိုးရအနေဖြင့် အခွန်စနစ်သစ်တွင် ကုန်သည်အများအပြား ပါဝင်ဆောင်ရွက်လာစေရန် အလီပေး (Alipay) ကဲ့သို့သော တရုတ်နိုင်ငံ e-Commerce ကုမ္ပဏီကြီး အလီဘာဘာအုပ်စု၏ တတိယပါတီမိုဘိုင်းနှင့် အွန်လိုင်းငွေပေးချေမှု ပလက်ဖောင်းစနစ်နှင့် ဆင်တူသည့် e-payment ငွေပေးချေမှုစနစ်သစ်တစ်ခုကိုဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်လျက်ရှိသည်။

အဆိုပါ e-payment စနစ်သစ်မှာ ၂၀၂၂ ခုနှစ်တွင် အစိုးရဌာနအားလုံး ဒီဂျစ်တယ်စနစ်ကို အပြည့်အဝ ဆောင်ရွက်သွားရန်ဆိုသည့် အစိုးရ၏ ဒီဂျစ်နယ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံနှင့်လည်း ကိုက်ညီကြောင်း ဒုတိယဝန်ကြီးချုပ် ဆုန်ကစ်က ပြောကြားခဲ့သည်။

အဆိုပါ e-payment စနစ်သစ်အားဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်ရေးဌာန Digital Government Development Agency (DGA)မှ ကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်သည်။ DGA အားဒီဂျစ်တယ်အစိုးရအဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် အစိုးရဌာနများကို ကူညီရန်နှင့် ဝန်ဆောင်မှုများပေးအပ်နိုင်ရန် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

DGA အနေဖြင့် အစိုးရဌာနအသီးသီး၏ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများအား ကူညီပေးရန်နှင့် သတင်းအချက် အလက်ဗဟိုအဖြစ် ဆောင်ရွက်ပေးနိုင်ရန် www.egov.go.th ပေါ်တယ်အား လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကပင် စတင်မိတ်ဆက် လွှင့်တင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင်လည်း CITIZEN info ဆော့ဝဲလ် app အား တီထွင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိအစိုးရဌာနပေါင်း ၈,၀၀၀ ခန့်၏ တည်နေရာအားရှာဖွေနေသူများအတွက် ဝန်ဆောင်မှုပေးရန်နှင့် အလားတူပြည်သူများအနေဖြင့် အစိုးရဌာနများနှင့် မတွေ့ဆုံမီ လိုအပ်သောစာရွက်စာတမ်းများ၊ သတင်းအချက်အလက်များနှင့် ပတ်သက်၍ အသိပေးနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်။

လမ်းအသုံးပြုမှု၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများနှင့် အိမ်ထောင်စု အသုံးစရိတ် ကိစ္စရပ်များနှင့် ပတ်သက်၍ ခိုင်လုံပြီး အချိန်နှင့်တစ်ပြေးညီရရှိနိုင်သည့် သတင်းအချက်အလက်များနှင့် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့အား စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် အသေးစိတ်လေ့လာဆန်းစစ်မှုများ ဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုစေမှာဖြစ်ကြောင်း မစ္စတာဆုန်ကစ်က ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးချုပ်က နောက်နှစ်အစောပိုင်းအထိ ပြည်တွင်းစားသုံးမှုနှင့် သုံးစွဲမှုကိုအားပေး မြှင့်တင်မည့် Taste-Shop-Spend အစီအစဉ်တတိယအပိုင်းအပေါ်တွင်လည်း ယုံကြည်မှုအပြည့်အဝရှိကြောင်း ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် တတိယအဆင့် ဆောင်ရွက်မှုပြီးစီးပါက ကုန်သည်များအနေဖြင့် ယခု e-payment အစီအစဉ်သစ်တွင် ပိုမိုပါဝင်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်းနှင့် ၎င်းတို့အား အခွန်စနစ်သစ်တွင် ပူးပေါင်းပါဝင်လာစေရန်အား ပေးမြှင့်တင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် အစိုးရအတွက် ဝင်ငွေ ပိုမိုတိုးတက် ရရှိလာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ဘတ်ငွေတန်ဖိုး မြင့်တက်နေမှုအပေါ် ကိုင်တွယ်ဖြေရှင်းရန် အထူးအဖွဲ့တစ်ဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ပေးစေလို

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်နေမှုကြောင့် ပို့ကုန်တင်ပို့သူများအနေဖြင့် ဘတ်ငွေသန်း ၂၀၀ မှ ၃၀၀ အထိ ပိုမိုကုန်ကျမည့်ကိစ္စရပ်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုင်းစီးပွားရေးဘဏ်တို့နှင့်တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်လျက်ရှိနေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် ဘဏ်လုပ်ငန်းတို့ ပါဝင်သော အမြဲတမ်းပူးတွဲကော်မတီ Joint Standing Committee on Commerce, Industry and Banking (JSCCIB)အနေဖြင့် ယမန်နေ့က စီးပွားရေးအပေါ် စောင့်ကြည့်သည့် အစည်းအဝေးကို ကျင်းပခဲ့ကြသည်။ ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Kalin Sarasin က ဘတ်ငွေမှာ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအထိ ထိုးတက်ခဲ့ကြောင်း၊ ဘတ်ငွေမှာ ယခုနှစ်အတွက် အာရှတွင် ငွေကြေးတန်ဖိုး အမြင့်ဆုံးငွေကြေးဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စီးပွားရေးကဏ္ဍများအနေဖြင့် အစိုးရအားဘတ်ငွေတန်ဖိုးဖြင့်တက်မှုအပေါ် ကိုင်တွယ်ဖြေရှင်းရန် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးဘဏ်နှင့် JSCCIB တို့မှ တာဝန်ခံအရာရှိများအား စုစည်းကာ အထူးကော်မတီ တစ်ရပ်ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြကြောင်း၊ ဘတ်ငွေတန်ဖိုးမြင့်တက်နေမှုက တိုင်းပြည်၏ ပို့ကုန်ကဏ္ဍအပေါ် ဖိအားများသက်ရောက်စေကြောင်းနှင့် JSCCIB အနေဖြင့်အစိုးရအား အဆိုပါပြဿနာကို အမြန်ဆုံးဖြေရှင်းပေးစေလိုကြောင်း၊ ပို့ကုန်တင်ပို့သူများအနေဖြင့် ထိခိုက်ခံစားရလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်ကဏ္ဍမှ များစွာသော ဝင်ငွေရရှိမှုအပေါ် မှီခိုနေရကြောင်း၊ ၎င်းမှာတိုင်းပြည် GDP ၏ ၇၀ ရာခိုင်နှုန်းရှိနေကြောင်း သိရှိရသည်။ ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ Supant Mongkolsuthree က ဘတ်ငွေတန်ဖိုးမြင့်တက်မှုက GDP တိုးတက်မှုကို ကျဆင်းစေသော အဓိကအချက်ဖြစ်ကြောင်းပြော ကြားခဲ့သည်။

၎င်းကမိမိတို့အနေဖြင့် နောက်တစ်ပတ်တွင် အထူးအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ရန်မျှော်လင့်ကြောင်း၊ ကော်မတီအနေဖြင့် ပို့ကုန်တင်ပို့သူများအား ကူညီရန် ဘတ်ငွေတန်ဖိုးမြင့်တက်နေမှုကို ကိုင်တွယ်ရန် နှစ်လတ်နှင့် နှစ်ရှည် အစီအမံများကို ချမှတ်သင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ငွေကြေးမူဝါဒကော်မတီ Monetary Policy Committee (MPC) အနေဖြင့် အတိုးနှုန်းကို ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် စံချိန်တင်လျှော့ချရန် ယမန်နေ့က မဲပေးခဲ့ကြသည်။ Mr.Supant က နောက်ဆုံးဖြတ်ချခဲ့သည့် အတိုးနှုန်းမှာပို့ကုန်ကဏ္ဍကို အနည်းငယ်သာ အထောက်အကူပြုခဲ့ကြောင်း၊ အကြောင်းမှာ တိုင်းပြည်တွင် ငွေကြေးအင်အား ခိုင်မာစွာ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

JSCCIB ၏ ယခင်ခန့်မှန်းချက် များမှာ GDP တိုးတက်မှုအပေါ် ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် သင်္ဘောတင်ပို့မှုအပေါ် တစ် ရာခိုင်နှုန်းကျဆင်းမှုမှ တစ်ရာခိုင်နှုန်း တိုးတက်မှုတို့ဖြစ်သည်။ သို့ရာတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ၎င်းတို့၏ ငွေကြေးဖောင်းပွမှုအား (သုည ဒသမ ၈ ရာခိုင်နှုန်းမှ ၁ ဒသမ ၂ ရာခိုင်နှုန်း ကြား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

Mr. Supant က ကုန်သွယ်ရေး စစ်ပွဲမှာ ၂၀၂၀ ခုနှစ်တွင် ပိုမိုကျယ်ပြန့်စွာ သက်ရောက်မှုရှိလိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့သည်။ ပြည်ပမှဝယ်ယူသူများအနေဖြင့် ထိုင်းနိုင်ငံမှ အမှာစာသစ်များကို လျှော့ချလျက်ရှိကြောင်း၊ အကြောင်းမှာ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး နှေးကွေးလာမှုကြောင့်ဖြစ်ကြောင်း၊ နောက်ထပ်အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများမှာ အချို့သော လုပ်ငန်းများကိုရပ်ဆိုင်းခြင်း၊ အချိန်ပိုလုပ်ခများအား လျှော့ချခြင်းနှင့် ဝယ်ယူရေးအမှာစာများအရ လက်ရှိအလုပ်သမားအင်အားများကို လျှော့ချခြင်းများ ဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Source:Bangk Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဗန်ကောက်မြို့။**

## GSP အခွင့်အရေးများ ဖယ်ရှားခြင်းသည် အသေးအဖွဲ့ဖြစ်ဟု အမေရိကန် မှတ်ယူ




အမေရိကန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wilbur Ross က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ထိုင်းပို့ကုန်များအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးအနေနှင့် ပေးအပ်ထားခဲ့သော အကောက်ခွန်ကင်းလွတ်ခွင့် အခွင့်အရေး Generalized System of Preferences (GSP) ကို ဖယ်ရှားရန် အမေရိကန်၏ လတ်တလောဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် ဧပြီလ၌ စတင်သက်ရောက်မည့် အခွန်ကင်းလွတ်ခွင့် ပြန်လည်ရုပ်သိမ်းမည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် အချိန်ရှိသေးကြောင်းနှင့် အဆိုပါကိစ္စမှာ အသေးအဖွဲ့ကိစ္စမျှသာဖြစ်ကြောင်း ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

အာဆီယံ ထိပ်သီးအစည်းအဝေးအတွင်း အမေရိကန်နိုင်ငံက ကြီးမှူးကျင်းပခဲ့သည့် အင်ဒိုပစိဖိတ် စီးပွားရေးဖိုရမ်တွင် Mr.Ross က GSP အခွန်ကင်းလွတ်ခွင့်ကိစ္စနှင့်ပတ်သက်၍ နားလည်မှုလွဲမှားမှုအပေါ် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ် သည်။

GSP ကိစ္စမှာ အချိုးအစား ပမာဏအရ သေးငယ်ကြောင်း၊ ထိုင်း GDP ၏ ၇၀ ရာခိုင်နှုန်းမှာ ပို့ကုန်မှဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၄၀ ဘီလီယံအထိ ရှိကြောင်း၊ ယမန်နှစ်က အမေရိကန်နိုင်ငံသို့ GSP အခွင့်အရေးအရ တင်ပို့သည့် ပို့ကုန်ပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရှိကြောင်း၊ ၎င်းတို့ထဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသည့် ပစ္စည်းများအတွက်ကိုသာ အခွန်ကင်းလွတ်ခွင့်ကို ပြန်လည် ရုပ်သိမ်းမှာဖြစ်ကြောင်း သိရှိရသည်။

အောက်တိုဘာလတွင် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး US Trade Representative (USTR)မှ ထိုင်းနိုင်ငံအားပေးအပ်ထားသည့် GSP အခွင့်အရေးအား အဆုံးသတ်မည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတွင် ထိုင်းပင်လယ်စာများ အပါအဝင် ကုန်ပစ္စည်း အမျိုးအစား ၅၇၃ မျိုးအကျုံးဝင်မည်ဖြစ်ကြောင်း၊ USTR အနေဖြင့် GSP ပြန်လည် ရုပ်သိမ်းမှုမှာ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုကြောင့် ဖြစ်ကြောင်း ကိုးကားပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အမေရိကန်က သတ်မှတ်မည့် သွင်းကုန် အခွန် ၄ ဒသမ ၅ ရာခိုင်နှုန်းကြောင့် နောက်နှစ် အတွက် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၈ သန်းမှ ၃၂ ဒသမ ၂ သန်း (သို့မဟုတ်) ပို့ကုန်တင်ပို့မှု အားလုံး၏ သုည ဒသမ ၀၁ ရာခိုင်နှုန်းခန့် လျော့နည်းသွားဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံမှာ ထိုင်း GDP ၏သုည ဒသမ ၃၈ ရာခိုင်နှုန်းရှိကြောင်းနှင့် အဆိုပါအခွန် ကင်းလွတ်ခွင့် ပြန်လည်ရုပ်သိမ်းမည့် ကုန်ပစ္စည်းများအပေါ် ပျမ်းမျှ သွင်းကုန်ခွန် ၄ ဒသမ ၅ ရာခိုင်နှုန်း ကောက်ခံလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအချိန်မှစ၍ ၂၀၂၀ ခုနှစ် ဧပြီလ သွင်းကုန်အခွန် ကောက်ခံမည့် အချိန်အထိ အလုပ်သမားအခွင့်အရေးကိစ္စအပေါ် ပြန်လည်ဆွေးနွေးရန် အချိန်ရှိသေးကြောင်း Mr. Ross က ပြောကြားခဲ့သည်။

ယခုဆောင်ရွက်မည့် အမေရိကန်ဒေါ်လာပမာဏမှာ ထိုင်း GDP နှင့် နှိုင်းယှဉ်ပါက မပြောပလောက်ကြောင်း၊ သွင်းကုန်အခွန်ကောက်ခံမည့်ကိစ္စမှာ လက်ရှိထိုင်းပို့ကုန်များအပေါ် သက်ရောက်လျက်ရှိသည့် ဘတ်ငွေတန်ဖိုး မြင့်တက်နေမှုနှင့်အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ သက်ရောက်မှုတို့အပေါ် ထပ်ဆင့်သက်ရောက်စေမည့် အချက်တစ်ချက်ဖြစ်လည်းဖြစ်ကြောင်း သိရှိရသည်။

USTR ၏ ပြောကြားချက်အရ ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အမေရိကန်သို့ ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉ ဘီလီယံ တင်ပို့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ တင်သွင်းမှုမှာ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံရှိကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံကုန်သွယ်ရေးလိုငွေပြလျက်ရှိသည်။

GSP အစီအစဉ်အတွက် နိုင်ငံများအနေဖြင့် GSP အခွင့်အရေးရရှိစေရန် အချက်အလက်တချို့ လိုအပ်ကြောင်း၊ ၎င်းတို့အနက်တစ်ခုမှာ အလုပ်သမား အခွင့်အရေးများဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ပေးရန် ဖြစ်ကြောင်း MichaelHeath က ပြောကြားခဲ့ပါသည်။ မိမိတို့အနေဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ လွန်ခဲ့သောခြောက်နှစ်က ထိုင်းအစိုးရအား ပြောကြားခဲ့သော်လည်း ယခုအထိ ဆောင်ရွက်ခြင်းမရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယခု အခွန်ကင်းလွတ်ခွင့်အား ရုတ်တရက်ရုပ်သိမ်းမည့် ကိစ္စမှာ အမေရိကန်အနေဖြင့် ထိုင်းနှင့်ကုန်သွယ်မှုပြုရာတွင်လိုငွေပြနေမှုမှာ အကြောင်းခြင်းရာ တစ်ချက်ဖြစ်သကဲ့သို့အမေရိကန်မှ ထိုင်းသို့တင်ပို့နေသည့် လယ်ယာထွက်ကုန်များအပေါ် ထိုင်းနိုင်ငံ၏ အချို့သောဓာတု ဗေဒပစ္စည်းများအပေါ် ပိတ်ပင်မည့် ဆုံးဖြတ်ချက်ကြောင့်လည်း ဖြစ်တန်ရာရှိနေခြင်းဖြစ်သည်။

အမေရိကန်ကုမ္ပဏီ အများအပြားမှာ EEC တွင် လက်ရှိအောင်မြင်လျက်ရှိကြောင်း၊ Ford Motor Co နှင့် Jelly Belly ကုမ္ပဏီတို့ကဲ့သို့သော ကုမ္ပဏီများဖြစ်ကြောင်း၊ EEC တွင် အခြေပြု၍ ထုတ်လုပ်မှုဆောင်ရွက်လျက်ရှိသော အမေရိကန်ကုမ္ပဏီများက ၎င်းတို့အနေဖြင့် ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ထံမှ ကောင်းမွန်သော ပြုမူဆက်ဆံမှုများ ရရှိကြခြင်းကြောင့် အဆင်ပြေစွာ ဆောင်ရွက်နေကြသည်ဟု မိမိအားပြောကြားကြကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခုဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမည့် အမေရိကန်ကုမ္ပဏီများရှိကြောင်း Mr. Heath က ပြောကြားခဲ့သည်။

ဖိုရမ်တွင် အမေရိကန်အခြေစိုက် ဖန်ထည်ပစ္စည်းများ ထုတ်လုပ်သည့် Gurrdian Industries ကုမ္ပဏီမှ ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ၎င်းတို့၏ ဒေသဆိုင်ရာ ရုံးချုပ်အား ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းကို ကြေညာခဲ့သည်။ Mr.Heath က ၎င်းမှာ ထိုင်းနိုင်ငံ၏ ဈေးကွက်ဆိုင်ရာ ဆွဲဆောင်မှုများကြောင့်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:Bangk Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ဗန်ကောက်မြို့။**



# တရုတ်တွင် ဝက်သားရောင်းလိုအား နည်းနေခြင်းက ကုန်စျေးနှုန်းကို မြင့်တက်လာစေ

တရုတ်နိုင်ငံ၌ ဝက်များတွင် အာဖရိက ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် နောင်လာမည့်လအနည်းငယ်အထိ ဝက်သားရောင်းလိုအား ကျဆင်းလျက်ရှိမည်ဟု ခန့်မှန်းထားသည်။

ဝက်သားရောင်းလိုအား ကျဆင်းမှုကြောင့် ဝက်သားဈေးနှုန်းများမှာ ယမန်နှစ်ကထက် ၁၀၁ ဒသမ ၃ ရာခိုင် နှုန်းမြင့်တက်လာပါသည်။ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံ၏ စားသုံးသူအညွှန်းကိန်း မြင့်တက်လာကာ အောက်တိုဘာလအတွင်း ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၎င်းအညွှန်းကိန်းမှာ နောင်လာမည့်နှစ် ဒုတိယလေးလပတ် သို့မဟုတ် ဒုတိယ နှစ်ဝက်အတွင်း ပြန်လည်ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။

အောက်တိုဘာလအတွင်း စား သောက်ကုန်နှင့် လောင်စာဆီ ဈေးနှုန်းများ ပါဝင်ခြင်းမရှိသည့် ပင်မငွေကြေး ဖောင်းပွမှုနှုန်းမှာမူ ၁ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ပြီး စက်တင်ဘာလရှိ ငွေကြေးဖောင်းပွမှုနှုန်းအတိုင်း မပြောင်းလဲဘဲရှိနေခဲ့သည်။ စားသုံးသူဈေးနှုန်းဖောင်းပွမှုမှာ ဝက်သားဝယ်လိုအားပိုမိုများပြားလာမည့် နွေဦးရာသီပွဲတော် မတိုင်မီလာမည့် ဇန်နဝါရီလတွင် ပိုမိုမြင့်တက်လာဖွယ်ရှိပါသည်။ နိုဝင်ဘာလပထမပတ်အတွင်း တရုတ်တစ်နိုင်ငံလုံးရှိ ပျမ်းမျှဝက်သားဈေးနှုန်းမှာ တစ် ကီလိုလျှင် ၅၂ ဒသမ ၃ ယွမ်ဖြစ်သည်။

**Source : China Daily**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# အဓိကဘတ်ဂျက်လေကြောင်းလိုင်းများက လောင်စာဆီအခွန်လျှော့ချပေးရန် တောင်းဆို

အဓိကဘတ်ဂျက်လေကြောင်းလိုင်းငါးခုက ဘဏ္ဍာရေးဝန်ကြီးဌာနအား ခရီးသွား လုပ်ငန်းကျဆင်းလာခြင်း၊ ကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ဘတ်ငွေတန်ဖိုး မြင့်တက်နေခြင်းတို့ကြောင့် လေကြောင်းလိုင်းများအနေဖြင့် ဂျက်လေယာဉ် လောင်စာဆီအပေါ် အထူးကုန်စည်ခွန် (Exercise Tax) ကို လျှော့ချပေးရန် တောင်းဆိုခဲ့ကြသည်။

ဘတ်ဂျက်လေကြောင်းလိုင်း ငါးခုတို့မှာ Thai AirAsia၊ Nok Air၊ Bangkok Airways၊ Thai Vietjet Air နှင့် Thai Lion Air တို့ ဖြစ်ပါသည်။ Thai AirAsia လေကြောင်း လိုင်းအနေဖြင့် အဆိုပါလေကြောင်းလိုင်းငါးလိုင်းကိုယ်စား နိုဝင်ဘာ ၁၄ ရက်က တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

စီးပွားရေးအားနည်းနေခြင်းနှင့် ဘတ်ငွေတန်ဖိုး မြင့်တက်နေမှုတို့က ထိုင်းခရီးသွားလုပ်ငန်းကို တိုက်ရိုက်အကျိုးသက်ရောက်စေကြောင်း၊ ကုန်ကျစရိတ်တန်ဖိုးနည်း လေကြောင်းများအနေဖြင့် ဂျက်လေယာဉ်လောင်စာဆီအပေါ် အထူးကုန်စည်ခွန် တစ်လီတာလျှင် လွန်ခဲ့သည့် နှစ်နှစ်က ကောက်ခံခဲ့သော သုည ဒသမ ၂ ဘတ်မှနေ၍ ၄ ဒသမ ၇၂၆ ဘတ်သို့ တိုးမြှင့်ကောက်ခံလာခြင်းကြောင့် လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များ တိုးတက်ကုန်ကျလာခဲ့ကြောင်း Mr. Tassapon Bijleveld က ပြောကြားခဲ့သည်။

ဂျက်လေယာဉ်ဆီ ကုန်ကျစရိတ်မှာ လေကြောင်းလိုင်းကုန်ကျစရိတ်၏ ၃၀-၃၅ ရာခိုင်နှုန်းအထိ ကုန်ကျနေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လေကြောင်းလိုင်းများအနေဖြင့် ဘတ်ဂျက်လေကြောင်းလိုင်းဈေးကွက်တွင် ယှဉ်ပြိုင်လိုပါက ဈေးနှုန်းကိုတက်ယူ၍ မရကြောင်း ၎င်းကပြောကြားခဲ့သည်။

Thai AirAsiaအနေဖြင့် လွန်ခဲ့သည့်လေးလမှစတင်၍ ချင်းမိုင်၊ ဖူးခက်၊ Krabi၊ Khon Kaen စသည့် လေကြောင်းခရီးစဉ် ပျံသန်းမှုများကို ၁၅ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

AAV အနေဖြင့် တတိယသုံးလပတ်တွင် ဘတ်ငွေ ၄၁၇ သန်း အသားတင် အရှုံးပေါ်ခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဈေးနှုန်းပြိုင်ဆိုင်မှုနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုတို့၏ ဖိအားကိုခံနေရကြောင်းနှင့် ၎င်းက ခရီးသွားလုပ်ငန်းတိုးတက်မှုအပေါ် အနှုတ်လက္ခဏာသဘောသက်ရောက်စေလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်း Thai AirAsia အနေဖြင့် မည်သည့် လေယာဉ်သစ်ကိုမဆို ဝယ်ယူခြင်း (သို့မဟုတ်) အခြေအနေတိုးတက်မလာခင် လမ်းကြောင်းအသစ်များ တိုးချဲ့ပျံသန်းခြင်းများကို ရှောင်ရှားသွားရန် စီစဉ်နေကြောင်း၊ ထိုင်းနိုင်ငံရှိ အခြားတန်ဖိုးနည်း လေကြောင်းလိုင်းများအနေဖြင့်လည်း အလားတူမဟာဗျူဟာများ ချမှတ်ထားကြောင်း Mr.Tassapon က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရုံး တွဲဖက်ဒုတိယဝန်ကြီး Charnkrij Dejvitak က ပြောကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့၏တောင်းဆိုမှုကို လက်ခံရရှိခဲ့ပြီးနောက် ဘဏ္ဍာရေးဝန်ကြီး ဥတ္တမအနေဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ပုဂ္ဂလိကနှင့် အများပြည်သူတို့ပါဝင်သော ကော်မတီသို့ တာဝန်ပေးရန် စဉ်းစားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေကြောင်းလိုင်းများအတွက် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်ကို လျှော့ချရန် နည်းလမ်းနှစ်မျိုးရှိနေကြောင်း၊ လေကြောင်းလိုင်းများ အခြေအနေပြန်ကောင်းလာသည်အထိ နှစ်နှစ်မှ သုံးနှစ်အတွင်း တစ်လီတာလျှင် အထူးကုန်စည်ခွန်အား ၄ ဒသမ ၇၂၆ ဘတ်မှ ယာယီလျှော့ချပေးခြင်း သို့မဟုတ် ငွေလဲနှုန်းအပေါ် အခြေခံ၍ အထူးကုန်စည်ခွန်အား သတ်မှတ်နှုန်းထားတစ်ခု Specific rate ဖြင့် လျှော့ချပေးခြင်း တို့ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အထူးကုန်စည်ခွန်အား အမြန်ဆုံး လျှော့ချနိုင်ရေးအတွက် ဖြစ်နိုင်ချေရှိသော အဖြေတစ်ခုရရှိနိုင်ရေး အစိုးရအဖွဲ့၏ အတည်ပြုချက်အပေါ် စောင့်ကြည့်ရမှာဖြစ်ကြောင်း Mr. Charnkrij က ပြောကြားခဲ့သည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အီးယူ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်သည် နိုဝင်ဘာ ၂၁ ရက်တွင် စတင်အာဏာသက်ဝင်မည်



အီးယူ-စင်ကာပူ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် (EU-Singapore Free Trade Agree -ment - EUSFTA) ကို အပြီးသတ်ရန် ဥရောပသမဂ္ဂ (အီးယူ) ကောင်စီက နိုဝင်ဘာ ၈ ရက်တွင် သဘောတူဆုံးဖြတ်ခဲ့ပြီဖြစ်သောကြောင့် EUSFTA သည် နိုဝင်ဘာ ၂၁ ရက်တွင် စတင် အာဏာသက်ဝင်လာတော့မည်ဖြစ်ကြောင်း သိရှိရသည်။

EUSFTA သည် ကမ္ဘာ့အကြီးဆုံး တစ်ခုတည်းသော ဈေးကွက် (Single Market) အီးယူနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပထမဆုံးချုပ်ဆိုနိုင်ခဲ့သည့် FTA ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံးဈေးကွက်တစ်ခုဖြစ်လာရန် မျှော်မှန်းထားသော အာဆီယံနှင့် အီးယူအကြားတိုးတက်ကောင်းမွန်သည့်ဆက်ဆံရေး ပိုမိုပြုလုပ်သွားနိုင်မည့် ခြေလှမ်းတစ်ခုလည်း ဖြစ်ကြောင်း၊ တံခါးဖွင့် မူဝါဒနှင့် စည်းမျဉ်းအခြေခံသော နိုင်ငံတကာကုန်သွယ်ရေးစနစ်အပေါ် စင်ကာပူ၏ ခိုင်မာသည့် ကတိကဝတ်များကို ဖော်ပြနေသကဲ့သို့ အီးယူနှင့် စင်ကာပူနှစ်ဖက်စလုံးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ယူဆောင်လာမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၏ ကုန်သွယ်မှုဆက်ဆံရေးဆိုင်ရာ တာဝန်ခံဝန်ကြီး Mr. Iswaran က ပြောကြားသည်။

အီးယူနှင့် စင်ကာပူအကြား ကုန်စည်ကုန်သွယ်မှုအခြေအနေမှာ အီးယူသည် စင်ကာပူ၏ တတိယမြောက် အများဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံတွင် စင်ကာပူသည် အီးယူ၏ အများဆုံးကုန်သွယ်ဖက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် နှစ်ဖက်ကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၁၁၄ ဘီလီယံကျော် ရှိခဲ့သည်။ စင်ကာပူသည် အီးယူသို့ စင်ကာပူဒေါ်လာ ၄၉ ဘီလီယံတင်ပို့ခဲ့ပြီး အီးယူမှ စင်ကာပူ ဒေါ်လာ ၆၅ ဘီလီယံ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဝန်ဆောင်မှုကုန်သွယ်ရေးပိုင်းအနေဖြင့် အာဆီယံဒေသတွင် အီးယူ၏ အများဆုံး ကုန်သွယ်ဖက်မှာ စင်ကာပူဖြစ်သကဲ့သို့ စင်ကာပူ၏ အများဆုံးကုန်သွယ်ဖက်မှာလည်း အီးယူဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် စင်ကာပူသည် အီးယူသို့ စင်ကာပူ ဒေါ်လာ ၃၉ ဘီလီယံ တင်ပို့ခဲ့ပြီး အီးယူမှ စင်ကာပူဒေါ်လာ ၄၀ ဘီလီယံကျော် တင်သွင်းခဲ့သည်။ အီးယူနှင့် စင်ကာပူအကြား ဝန်ဆောင်မှု ကုန်သွယ်ရေးမှာ စင်ကာပူဒေါ်လာ ၇၉ ဘီလီယံကျော်ခဲ့သည်။

ထို့ပြင် ၂၀၁၇ ခုနှစ် စာရင်းအရ အီးယူသည် စင်ကာပူတွင် စင်ကာပူဒေါ်လာ ၃၇၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် စင်ကာပူတွင် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်သည်။ ၂၀၁၈ ခုနှစ်စာရင်းအရ စင်ကာပူတွင် အီးယူမှ ကုမ္ပဏီပေါင်း ၁၄၀၀၀ ကျော်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် စင်ကာပူသည် အီးယူတွင် စင်ကာပူဒေါ်လာ ၁၂၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် အီးယူ၏ သတ္တမမြောက်အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်သည်။

EUSFTA တွင် အကောက်ခွန်၊ အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် ဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်ကောင်းမွန်စေရေးအတွက်သာမက e-commerce၊ လုပ်သားအခွင့်အရေးများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုများ အပါအဝင် ကုန်သွယ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားသည်။ အကောက်ခွန်ဖယ်ရှားမှုအနေဖြင့် စင်ကာပူသည် အီးယူ၏ ပို့ကုန်အားလုံးအပေါ် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်ပြီး EUSFTA စတင်အာဏာ သက်ဝင်သည့် ပထမနှစ်အတွင်း အီးယူသည် စင်ကာပူမှ ပို့ကုန်များ၏ ၈၄ ရာခိုင်နှုန်းအထိ အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပြီး ကျန် ၁၆ ရာခိုင်နှုန်းကို သုံးနှစ်မှ ငါးနှစ်အတွင်း ဖယ်ရှားပေးသွားမည်ဖြစ်သည်။

ထူးခြားမှုအနေဖြင့် EUSFTA သည် စင်ကာပူတွင် ထုတ်လုပ်သည့် အာရှစားသောက်ကုန်များကို အီးယူသို့ တင်ပို့ပါက တစ်နှစ်လျှင် စုစုပေါင်း မက်ထရစ်တန်ချိန် ၁၂၅၀ အထိ အီးယူ၏ အကောက်ခွန်ကင်းလွတ်ခွင့် ကို ခံစားနိုင်မည့် ပထမဆုံး FTA ဖြစ်ကြောင်း သိရှိရသည်။

**Source : Press Release, Singapore, Ministry of Trade & Industry/The Straits Times**

**မြတ်နိုး၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ စင်ကာပူမြို့။**

## Local Bentonite (Grade A)
## (ရွှံ့မှုန့်)မြေဖယောင်း

ဆောက်လုပ်ရေးလုပ်ငန်းသုံး Bore Pile တွင်းတူးခြင်း၊ အဆောက်အအုံ၊လမ်း၊တံတားစီမံကိန်းများ၊ရေနံတွင်း တူးဖော်ခြင်း၊ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများတွင် အဓိကအသုံးပြုသည့် Bentonite ကိုထုတ်လုပ်လျက်ရှိပါသည်။ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင် အရည်အသွေး စစ်ဆေးပြီး အသုံးပြုလျက်ရှိသည့် Grade (A)အဆင့်ရှိ Local Bentonite များကိုလက်လီ/လက်ကား ဈေးနှုန်း ချိုသာစွာဖြင့် ဖြန့်ချီပေးလျက်ရှိကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဖြန့်ချီရေး **Golden Hours Co.,Ltd.**

ရန်ကုန် - အမှတ်(၁၀၃၀)၊သုမင်္ဂလာလမ်း၊(၁၆/၁) ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်။

Ph :09-5002900 , 09-5006339 , 09-422119988
Email :goldenhours.co.ltd@gmail.com

နေပြည်တော် - ဆိုင်ခန်းအမှတ်(B-3/4/5)၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဝင်း၊ ရန်ကုန်-မန္တလေးလမ်း၊ရန်အောင်(၂) ရပ်ကွက်၊နေပြည်တော်-ပျဉ်းမနားမြို့
Ph :067-22871 , 09-422111161



## DHAMMIKA
MONK ROBES



ဓမ္မိကသင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုး

အမှတ်(၇)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-543375, 01-556405



## Bo Nadii Co., Ltd
**AUTHORISED BRIDGESTONE DISTRIBUTOR**

BRIDGESTONE
OFF THE ROAD TYRE



လူကြီးမင်းတို့၏ Mining, Construction အစရှိသည့် လမ်းကြမ်းထက်မှ လုပ်ငန်းများအတွက် Bridgestone Off The Road Tyre များကို Bo Nadii Co., Ltd မှ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ဖြန့် ချီရောင်းချပေးနေပါပြီ။

Building C1, Room No.205, 2nd Floor, Nar Nat Taw Road, Hi-Way Complex, Kamayut Township, Yangon.
Tel: 09 450118055, 09 5194191, 01 539984



## Moon City Company Limited

Add : Day Won Street, Between(32×33) & (89×90)Street, Chan Aye Thar Zan Township, Mandalay.
Ph : 09-772098506, 09-786522031
Email : mdynanwin@gmail.com



## GOLD Tripper TRAVELS & TOURS မှ ဒီဇင်ဘာ ထွက်ရှိမည့် ခရီးစဉ်များ

| | | |
|---|---|---|
| ၁။ မြစ်ကြီးနား - အင်းတော်ကြီး - ဖားကန့် - ဆိုင်းရော်ချွန် | (၅ ညအိပ် ၆ ရက်) | ၂၉၀၀၀၀/ကျပ် |
| ၂။ ထားဝယ် - မြင်တို့ရွှင် - မောင်းမကန် - ဗိုးဗိုးကျောက်တံခါးခြေ | (၄ ညအိပ် ၅ရက်) | ၁၅၀၀၀၀/ကျပ် |
| ၃။ တောင်ကြီး - အင်းလေး - ကလော - ပင်းတယ - ရွာငံ | (၄ ညအိပ် ၅ ရက်) | ၁၅၅၀၀၀/ကျပ် |
| ၄။ မန္တလေး - ပြင်ဦးလွင် - ဓမ်ကိုင်း-မင်းကွန်း-အင်းဝ | (၄ ညအိပ် ၅ ရက်) | ၁၅၀၀၀၀/ကျပ် |
| ၅။ ချင်းပြည်နယ် - နတ်မတောင် - မော်နှံရွာ - ပုဂံ | (၄ ညအိပ် ၅ ရက်) | ၂၀၀၀၀၀/ကျပ် |
| ၆။ မြိတ်ကျွန်းစု-ထိုင်းနိုင်ငံ- ပရားကျွတ်-စမက်ကျွန်း | (၄ ညအိပ် ၅ ရက်) | ၃၂၀၀၀၀/ကျပ် |
| ၇။ မြိတ်ကျွန်းစု-စိုးရော်ချွန်-ကျောက်ခဲတံခါးခြေ-ဌက်သိုက်ဗိမ် | (၄ ညအိပ် ၅ ရက်) | ၂၉၀၀၀၀/ကျပ် |
| ၈။ မိုးကုတ်-ကျောက်ပြာသဒ်-ကင်းချောင်းရေတံခွန် | (၃ ညအိပ် ၄ ရက်) | ၁၂၀၀၀၀/ကျပ် |
| ၉။ မြဝတီ - မဲဆောက် -ဖုတ်ဖရာ-ရေပူစမ်း | (၃ ညအိပ် ၄ ရက်) | ၁၃၅၀၀၀/ကျပ် |
| ၁၀။ မန္တလေး - စစ်ကိုင်း-မင်းကွန်း-အင်းဝ | (၃ ညအိပ် ၄ ရက်) | ၁၀၀၀၀၀/ကျပ် |
| ၁၁။ ကလော Trekking - ပင်းတယ - ရွာငံ | (၃ ညအိပ် ၄ ရက်) | ၁၁၀၀၀၀/ကျပ် |
| ၁၂။ လွိုင်ကော်-ဗီမောဆိုး-ကြက်ရူ | (၃ညအိပ် ၄ရက်) | ၁၂၀၀၀၀/ကျပ် |
| ၁၃။ ပုဂံ - စွယ်တော်လေးဆူ -ပုပ္ပါး- ပခုက္ကူ | (၃ ညအိပ် ၄ ရက်) | ၈၅၀၀၀/ကျပ် |
| ၁၄။ မန္တလေး - ပြင်ဦးလွင် - အင်းဝ | (၃ ညအိပ် ၄ ရက်) | ၁၀၀၀၀၀/ကျပ် |

09-952 112 324, 09-952 112 325, 09- 421 085 898

# Pride of MYANMAR

သတ္တမအကြိမ်မြောက်

## ဂုဏ်ယူဝင့်ကြွား မြန်မာ့စားသောက်ကုန်များ

**31st October 2019 ~ 29th February, 2020**



“မြန်မာ့စားသောက်ကုန်များ တိုးတက်ဖို့ အတူတူ လှမ်းချီကြပါစို့”

“ GROWING TOGETHER WITH LOCAL COMMUNITY ”

သတ္တမအကြိမ်မြောက်အနေဖြင့် အရည်အသွေးမြင့်
မြန်မာ့စားသောက်ကုန် အမျိုးပေါင်း (၁၃၀)ကျော်ကို
ဂုဏ်ယူစွာတင်ဆက်လိုက်ပါသည်။

**Available at :**

City Mart Supermarket · Ocean Supercenter · marketplace by City Mart

Main Partners:

Authentic Myanmar Tea · Golden Farm · Nagar Pyan Finest Myanmar Tea · Royal Myanmar Teamix · Top Cashew Nuts & Cashew Brittle

COMMERCE
INTERNATIONAL

# ဖူးခက်နှင့် ပတ္တယားဟိုတယ်များကို ကမ္ဘာ့အဆင့်မီ ပြင်ဆင်မည်

အိမ်ခြံမြေလုပ်ငန်းအုပ်စုဖြစ်သော Asset World Corp (AWC) နှင့် Marriott International တို့က ပတ္တယားနှင့်ဖူးခက်တို့တွင် ကမ္ဘာ့နာမည်ကြီး ကုမ္ပဏီသုံးခုနှင့်တွဲဖက်ပြီး လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

စီးပွားရေးလုပ်ငန်း၊ ခရီးသွားနှင့် အပျော်ခရီးထွက်သူများနှစ်မျိုးစလုံးအတွက် ဝန်ဆောင်မှုပေးနိုင်မည့် MICE (Meetings, incentives, conferences and exhibitions) ခေါ် အစည်းအဝေး၊ ဆွဲဆောင်မှုပေးသည့် လုပ်ငန်းရပ်များ၊ ကွန်ဖရင့်နှင့် ပြပွဲများကျင်းပနိုင်သော ဟိုတယ်များနှင့် အထောက်အကူပြုလုပ်ငန်းများကို တည်ဆောက်ပြီး ကမ္ဘာ့အဆင့်မီ ခရီးသွားလုပ်ငန်းကို ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

AWC Centre Pattaya လုပ်ငန်းက ဇိမ်ခံပစ္စည်းများနှင့် အနုပညာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ အစည်းအဝေးများ၊ ကွန်ဗင်းရှင်းများနှင့် တည်းခိုနေထိုင်စရာများကို ပေါင်းစည်းထားသော နေရာများ ဖန်တီးပေးမည်။



ထိုလုပ်ငန်းစဉ်များတွင် Pattaya Marriott Marquis ဟိုတယ်နှင့် JW Marriott the Pattaya Beach Resort & Spa အပန်းဖြေလုပ်ငန်း စသည့် လုပ်ငန်းများပါဝင်သည်။

Marriott Phuket Town သည် လောလောဆယ်တွင် ကမ္ဘာ့အဆင့်မီ တည်းခိုနေထိုင်နိုင်သော စံချိန်မီတည်းခိုစရာနေရာများကို ဒီဇိုင်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

'Marriott နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျွန်မတို့ စီးပွားရေးလုပ်ငန်းအတွက်ရော အပန်းဖြေရေး၊ ခရီးသည် ဖောက်သည်တွေအတွက်ပါ ထူးခြားတဲ့ အတွေ့အကြုံကို ရစေမှာပါ'ဟု Asset World Corp ကော်ပိုရေးရှင်း၏ စီအီးအိုနှင့် ဥက္ကဋ္ဌ ဝေါလာပါထရိုင်ဆိုရက်က ပြောသည်။

ထိုင်းနိုင်ငံ၏ MICE ဟုခေါ်သည့် အစည်းအဝေး၊ ဆွဲဆောင်မှုပေးသည့် လုပ်ငန်းရပ်များ၊ ကွန်ဖရင့်နှင့် ပြပွဲများကျင်းပနိုင်သော ကဏ္ဍမှာ မကြာသေးမီနှစ်များအတွင်းက ပျမ်းမျှ ၄၇ ဒသမ ၆ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ယခုကဲ့သို့ ဆောင်ရွက်မှုကြောင့် ရေရှည်တွင် အလားအလာ ကောင်းမွန်လာမည်ဟု ယုံကြည်ထားကြောင်း ၎င်းကပြောသည်။

AWC Centre Pattaya ဘန်ကောက်တွင် နာမည်ကျော် Asiatique the Riverfront ကို တည်ဆောက်ခဲ့သော ကုမ္ပဏီဖြစ်ပြီး အိမ်တွင်း အိမ်ပြင် လက်လီရောင်းချရေး နေရာများနှင့် အသက် အရွယ်ပေါင်းစုံ နှစ်သက်မှုရှိစေမည့် ခရီးသွားနေရာများကို ဖော်ထုတ်သွားမည်ဖြစ်သည်။

# ဆန္ဒပြမှုများနှင့် ကုန်သွယ်စစ်ကြောင့် ဟောင်ကောင်တွင် စီးပွားရေးဆုတ်ကပ်ဖြစ်

အစိုးရဆန့်ကျင်ရေး ဆန္ဒပြအကြမ်းဖက်မှုများ တစ်စတစ်စ တိုးတက်လာခြင်းနှင့် အမေရိကန်-တရုတ်ကုန်သွယ်စစ်ကြောင့် ယခုနှစ် တတိယသုံးလပတ်တွင် ဟောင်ကောင်သည် စီးပွားရေးဆုတ်ကပ်အတွင်းသို့ ဆယ်စုနှစ်အတွင်း ပထမဆုံးအဖြစ် ကျရောက်ကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် အစိုးရကအတည်ပြုထုတ်ပြန်သည်။

ရာသီအလိုက် ညှိနှိုင်းထားသော စာရင်းများအရ ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဇူလိုင်-စက်တင်ဘာ သုံးလပတ်တွင် ဟောင်ကောင်စီးပွားရေး ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းကြောင်း အစိုးရထုတ်ပြန်သော ကိန်းဂဏန်းများတွင် ဖော်ပြသည်။

စုစုပေါင်း ပြည်တွင်းထုတ်ကုန်သည် ဒုတိယမြောက် သုံးလပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့သည့်အတွက် စီးပွားဆုတ်ကပ်အဖြစ် ပညာရှင်များ၏သတ်မှတ်ချက်နှင့် ကိုက်ညီနေသည်။ ဆန္ဒပြမှုများ အပြီးသတ်မည့်လက္ခဏာ မတွေ့ရသေးသည့်အတွက် ဟောင်ကောင်စီးပွားရေး ကျဆင်းမှုသည် ၂၀၀၈/၂၀၁၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနှင့် ၂၀၀၃ ခုနှစ်က ဆား (SARS)ရောဂါဖြစ်ပွား၍ ကျဆင်းစဉ်ကထက် ကာလပိုရှည်ကြာနိုင်ကြောင်း လေ့လာဆန်းစစ်သူများက သတိပေးထားသည်။

ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက စီးပွားရေးကျဆင်းမှုသည် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိသည့်အတွက် ပဏာမ တွက်ချက်မှုနှင့် ကိုက်ညီသည်။ ဤအခြေအနေများမှာ ကမ္ဘာ့အကျပ်အတည်းဖြစ်ပြီးနောက်ပိုင်း အားအနည်းဆုံးဖြစ်သည်။

'ပြည်တွင်းလူမှုရေး အဖြစ်အပျက်တွေက စားသုံးမှုအလေ့အထများအပေါ် ဝန်ထုပ်ဝန်ပိုး လေးလံစေပြီး စီးပွားရေးအလားအလာတွေက စားသုံးမှုနဲ့ ရင်နှီးမြှုပ်နှံမှုကိုထိခိုက်ခဲ့ပါတယ်။ ဒါကြောင့် တတိယသုံးလပတ်မှာ ပြည်တွင်းစားသုံးမှုကို ဆိုးဆိုးရွားရွားထိခိုက်ခဲ့ပါတယ်'ဟု အစိုးရ၏ကြေညာချက်တွင် ဖော်ပြသည်။

# ကြက်သွန်နီတင်သွင်းမှု စံနှုန်းသတ်မှတ်ချက်ကို အိန္ဒိယနိုင်ငံက ဒီဇင်ဘာ ၃၁ ရက်အထိ လျှော့ချ

နိုင်ငံတွင်းသို့တင်သွင်းသည့် ကြက်သွန်နီများကို ပိုးသတ်မှိုင်းတိုက်ခြင်းနှင့် ထောက်ခံချက်များတောင်းခံရန် သတ်မှတ်ချက်များကို ဒီဇင်ဘာ ၃၁ ရက်အထိတိုးချဲ့၍ လျှော့သတ်မှတ်ကြောင်း အိန္ဒိယအစိုးရ၏ ပြောကြားချက်ကို thehindubusinessline သတင်းတွင် ဖော်ပြသည်။

ကန့်သတ်ချက်များကို နောက်ထပ်တစ်လကျော် ရုပ်သိမ်းထားကြောင်း အပင်ကာကွယ်ရေး၊ ပိုးသတ်ရေးနှင့် သိုလှောင်ရေးဦးစီးဌာနရှိ တာဝန်ရှိသူများထံသို့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပေးပို့သောစာတွင် ဖော်ပြသည်။ စံနှုန်းသတ်မှတ်ချက်များကို ဝန်ကြီးဌာနက နိုဝင်ဘာ ၃၀ ရက်အထိသာ လျှော့ချပေးထားသည်။

'အဲဒီလိုထောက်ခံချက်တွေမပါဘဲ တင်သွင်းလာတဲ့ ကြက်သွန်နီတွေကို အသိအမှတ်ပြုလက်မှတ်ရသူက အိန္ဒိယဆိပ်ကမ်းမှာစစ်ဆေးပြီး ပိုးမွှားသန့်စင်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးနိုင်အောင် တင်သွင်းသူက ဆောင်ရွက်နိုင်ပါတယ်'ဟု စာတွင်ဖော်ပြထားသည်။

တင်သွင်းလာသည့်ကုန်ကို ပိုးမွှားသန့်စင်ရေးအရာရှိများက စေ့စေ့စပ်စပ်စစ်ဆေးပြီး ပိုးမွှားနှင့် ရောဂါများကင်းစင်ကြောင်း တွေ့ရှိမှသာ ခွင့်ပြုချက်ကိုထုတ်ပေးရန် စာတွင်သတ်မှတ်ထားသည်။ ထို့ပြင် တင်သွင်းကုန်များကို နောက်ထပ် ထပ်မံစစ်ဆေးခကိုမယူရန် ဝန်ကြီးဌာနများသို့ ညွှန်ကြားထားသည်။ ဝန်ကြီးဌာနအမိန့်အရ သတ်မှတ်ထားသော စံချိန်နှင့် မကိုက်ညီပါက ကောက်ခံသော စစ်ဆေးခမှာပုံမှန်စစ်ဆေးခထက် လေးဆပိုသည်။

# တောင်ကိုရီးယား ဇီဝနည်းပညာ တီထွင်ဆန်းသစ်မှုတွင် K-beauty မဟာဗျူဟာကိုအသုံးပြုရန် မွန်းတိုက်တွန်း

ဇီဝနည်းပညာကဏ္ဍ တီထွင်ဆန်းသစ်ရန်အစီအစဉ်တစ်ရပ်အဖြစ် တောင်ကိုရီးယား အလှကုန်ဖွံ့ဖြိုးရေး နည်းလမ်းတို့ကို ရှာဖွေဖော်ထုတ်ရန် နိုဝင်ဘာ ၁၄ ရက်က စီးပွားရေးအဖွဲ့ကို တိုက်တွန်းကြောင်း သမ္မတရုံး၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

စီးပွားရေးနှင့် မူဝါဒရေးရာ ပုံမှန်အစီရင်ခံစာများကို ရရှိနေသော်လည်း အလှကုန်ပစ္စည်းနှင့် သက်ဆိုင်သော အစီအမံများကို ရေးဆွဲရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေးအင်က ဘဏ္ဍာရေးဝန်ကြီး ဟောင်နန်ကီကိုပြောသည်။ ဟောင်သည် စီးပွားရေးအတွက် ဒုတိယဝန်ကြီးချုပ်တာဝန်ကို ယူထားသူဖြစ်သည်။

လက်ရှိစီးပွားရေးအခြေအနေ၊ လာမည့်နှစ်အတွက် မူဝါဒအလားအလာနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်း ဖွံ့ဖြိုးရေးတွင် အစိုးရ၏ စွမ်းဆောင်မှုများကို မွန်အား ဝန်ကြီးက ရှင်းလင်းတင်ပြသည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းကဲ့သို့ နိုင်ငံစီးပွားရေးကို အဓိကတွန်းအားပေးသော လုပ်ငန်းသစ်တစ်ခုဖြစ်လာစေရန် ဇီဝကျန်းမာရေးလုပ်ငန်းကို ပြုစုပျိုးထောင်မည့် အစိုးရ၏ စီမံကိန်းကို ဟောင်က ရှင်းလင်းတင်ပြသည်။ အသစ်ဖွဲ့စည်းလိုက်သော ဌာနတွင်းအေဂျင်စီလုပ်ငန်းအဖွဲ့က ဇီဝကျန်းမာရေးလုပ်ငန်း တီထွင်ဆန်းသစ်မှုကို ဦးဆောင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

ဇီဝကျန်းမာရေးကဏ္ဍတွင် အလှကုန်ဈေးကွက်က အရေးပါသော မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း မွန်းကထောက်ပြပြီး စက်မှုလုပ်ငန်းအတွက် တီထွင်ဆန်းသစ်ရေးအတွက် K-beauty ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်စဉ်းစားရန် ဟောင်ကို တာဝန်ပေးခဲ့သည်။ တောင်ကိုရီးယားသည် အာရှအလှကုန်ဈေးကွက်တွင် စွမ်းအားကြီးမားသော နိုင်ငံဖြစ်သည်။

စံမီအောင် စုစည်းသည်

Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။